www.burmeseclassic.com

ချမ်းမြေ့သရဖီလှိုင်စီစဉ်သည်

# မင်းသွေးသစ္စာ

ကိုးဆောင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၅၀၁၇၇၀၀၅၁၂]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၀၆၃၀၆၀၁]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် အုပ်ရေ (၅၀၀)

❑

ထုတ်ဝေသည့်လ
ဇွန်လ ၂၀၀၆

❑

မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

❑

ထုတ်ဝေသူ
ဒေါ်ခင်ခင်ခိုန် (၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ် (၄၃)၊ မလိခလမ်း၊ (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

❑

ကွန်ပျူတာ
ပန်းအိမ်

❑

မျက်နှာဖုံးပန်းချီ
သိန်းဇော်

❑

တန်ဖိုး
၃၀ ကျပ်

သရဖီလှိုင်စာပေ

မှ...

[illegible]

# ဇော်တိက

၏...

# ရွှေလက်ဝါး

ရင်သိမ့်တုန်မှုယ် လျှို့ဝှက်ဆန်းကြယ်ဝတ္ထုကြီး
မကြာမီ ထွက်ရှိပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ဇာတိက. . .

# သေမင်းမြို့တော်

ရင်သိမ့်တုန်ဖွယ်ဝတ္ထု
မကြာမီ — မျှော်။

မင်းသွေးသစ္စာ

# စန္ဒကူးမျော်

ဂန္ထိကလုံးချင်းဝတ္ထုသစ်
သရဖီလှိုင်စာပေမှ မကြာမီ
ဖြန့်ချိပါမည်။

www.burmeseclassic.com

www.burmeseclassic.com

သရဖီလှိုင်စာပေ..၅

စာရေးဆရာ မင်းသွေးသစ္စာ

၏

# တစ်မိုးလုံးပျောက်ဆိပ်

မကြာမီ.. [illegible]။

"သရဖီလှိုင်စာပေမှ မင်းသွေးသစ္စာ၏
ထွက်ရှိပြီးစာအုပ်များ"


၁။ အလင်းတောင်ကြား
၂။ စောရအိ
၃။ နေနတ်သမီးပုံပြင်
၄။ မှော်ရုံပေဟန်
၅။ မိုးကျရွှေကိုယ်
၆။ စာရာပေတီအလွမ်း
၇။ နတ်ဆိုးလှောင်အိမ်
၈။ အာသာဝတီနွယ်နီနတ်ပန်း
၉။ နတ်သူငယ်တိမ်ယာဉ်စီး
၁၀။ ကျီးဖြူကျီးမဲ တစ်ကောင်တည်း
၁၁။ မိုးထိအောင် လှေကားထောင်
၁၂။ ခင်ချမ်းသာ
၁၃။ မအိမ်မြဲ


ယခုလထွက်

ကိုးဆောင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ညောင်တုန်းဆိပ်ကမ်းတွင်၊ ဆိုက်ကပ်ထားသည့် လှေကြီးတစ်စင်းထက်မှ လှေသူကြီးသည် လှေကြီးပေါ်တွင် လှည့်ပတ်သွားလာရင်း လှေထိုးသားများကို

*"မင်းတို့ ဘယ်သူမှကမ်းပေါ်မတက်ရဘူး၊ ဒီည ရေလှည့်သင့်တာနဲ့ လှော်ထွက်မယ်"*

ဟုပြောလေ၏။

ထိုအခါ မလကောင်းကောင်းနှင့် လှေထိုးသားက လှေဝမ်းထဲမှ ရေများကို တုံကင်ကြီးဖြင့်တကျိုင်းကျိုင်းမြည်အောင် စုပ်၍ထုတ်ရင်း အနီးရှိ ကြက်တောဟုခေါ်သော လှေထိုးသားကို



www.burmeseclassic.com

www.burmeseclassic.com



"ဒီလှေကြီးက ရှာတွေကိုနိုင်းရှိုးဆိုရင် သိပ်အကွက်နေတာပဲ၊ ငါကိုလှေတစ်ခေါက်ဘယ်လောက်ဆိုပြီး ပုတ်ပြတ်ပေးဖို့လာပေမဲ့ အခုပဲ လှေသွန်ခေါက်လိုက်ပြီးပြီ၊ နေ့ရွေ့သရွေ့နဲ့ ပေးတော့လည်းအဆိုးဆိုးလွဲပေးတယ်၊ ငါတော့ မခံနိုင်တော့ဘူး။ ဒီတစ်ခါငွေအကြေတောင်းပြီး အလုပ်ကထွက်တော့မယ်"

ဟုပြောလေ၏။

ကြက်တောကမူ ဘာမျှထင်မြင်ချက်မပေးသဲ၊ လှေဝမ်းတစ်လျှောက် လိုက်လံစစ်ဆေးကာ ပွဲညှက်ဖြင့်ဖာထေးလျှက်ရှိ၏။

ထိုအခါ လှေကြီး၏ ကုန်လှောင်ခန်းများကို သန့်ရှင်းရေး လုပ်နေသည့် လှေထိုးသားကလည်း ကြက်တောကိုဆီး၍

"လှေသူကြီးပြောသွားတာ ကြားတယ်မဟုတ်လား၊ ဆိပ်တမ်းကို ဒီနေ့မှရောက်တယ်၊ ရောက်စကတည်းက အရှည်နေစောင်းနေပြီ၊ ကုန်သည်တွေချရတာနဲ့ လှေကို ရှီအစ်တပြင်ဆင်ရတာနဲ့ဘယ်သူမှ ကမ်းပေါ်ကို မရောက်သေးဘူး ဒီပုံအတိုင်းဆိုရင် ငါတော့ ဒီည ကမ်းပေါ်ကို ခြေချရတော့မှာမဟုတ်ဘူး ဒုက္ခပါပဲကွာ"

ဟုညည်းညူလေ၏။

ကြက်တောက ပွဲညှက်တုံးကို အသင့်ယူလာသည့်လက်ဆွဲမီး



မြင့်အပူပေးကာ၊ ပျော့ပျောင်းအောင်ပြုလုပ်ရင်း

"မတက်ရတော့ဘာဖြစ်သေးလဲ၊ လှေကိုချက်ချင်း ပြန်ထွက်ပြီး နောက်တစ်ခေါက် မြန်မြန်ထွက်လာတော့၊ အခေါက်ရေများများရတာပေါ့"

ဟုဆိုလေရာ ထိုသူကမျက်နှာကိုရှုံ့မဲ့ပြီး

"ငါ့ကိစ္စက ငွေထက်အရေးကြီးတယ် ဒီညကမ်းပေါ် တက်ခွင့်မရရင်ငါတော့အသည်းကွဲပြီ၊ အသည်းတော့ အကွဲမခံနိုင်ဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ကမ်းပေါ်ကိုရောက်အောင် သွားမှာပဲ"

ဟုပြောလေ၏။

ကြက်တောက ပွဲညှက်တုံးကို ဖျစ်ညှစ်၍ရေနံဆီနှင့်နယ်ကာ

"လှေသူကြီးအမိန့်ကိုမနာခံရင် အလုပ်ပြုတ်မှာပဲ၊ မျက်ကန်းတစ္ဆေမကြောက်သလို ဒီစိတ်က ဖုံးလွှမ်းနေရင် မျက်စိထဲမှာဘယ်လိုဘေးဒုက္ခအန္တရာယ်ကိုမှ အမှုမထား တတ်ကြတော့ပါလား"

ဟုရေရွတ်လေ၏။

ထိုလှေထိုးသားသည် ဆိပ်ကမ်းရှိ ထမင်းဆိုင် မုဆိုးမပျိုတစ်ဦးကို ချစ်ခွင့်ပန်ထားသူဖြစ်၏။

ထို့နောက်ကြက်တောသည် လှေကြီး၏ ကုန်းပတ်ထက်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရာ ရွက်တိုင်ကြီးအနီးရှိ ရွက်ဆိုင်းကြိုးပုံကြီးပေါ်တွင် မှောက်မှိုင်မှိုင်နေသော လူတစ်ယောက်ကိုတွေ့ရလေ၏။

ထိုသူသည် မျက်လုံးအစုံကရဲဝေလျက် တစ်ကိုယ်လုံးနွတ်ကျသလို တဆတ်ဆတ်တုန်ရင်နေလေ၏။ ၎င်းသည် လှေထိုးသားတစ်ယောက် မဟုတ်ချေ။

သို့သော်လှေထိုးသားများကအစ လှေသူကြီးကုန်စာရေးနှင့် ထမင်းချက်တို့၏ တောက်တိုမယ်ရနိုင်းစေမှုများကို ပေါ့ပါးဖျတ်လတ်စွာပြုလုပ်ပေးနိုင်သောကြောင့် လှေကြီးတစ်စင်းလုံး၏ လက်စွဲဖြစ်၏။

ထိုသို့ပြုလုပ်နိုင်ရန် ၎င်းအတွက် စိတ်ရွှင်ဆေးကလိုအပ်၏။ ကြက်တောက ထိုသူကို မျက်မှောင်ကြုတ်၍ကြည့်ကာ

"ဟင်း... လှေသူကြီးအမိန့်ကြောင့် ဘိန်းစားလည်း ဆေးငတ်ပြီး တုန်တုန်ရင်ရင်ဖြစ်နေပြီ"

ဟုရေရွတ်လေ၏။

ထိုခေတ်အခါက မျက်နှာဖြူအစိုးရ၏ ခွင့်ပြုမိန့်ဖြင့်သော်လည်းကောင်း၊ ဆိုင်ရာအရာရှိကို လာဘ်ထိုး၍ တိတ်တိတ်ပုန်းအားဖြင့်လည်းကောင်း၊ လူစည်ကားရာမြို့ကြီးများတွင် ဘိန်းခန်းများဖွင့်လှစ်ထားရှိခဲ့၏။

လှေကြီးပေါ်တွင် တောက်တိုမယ်ရ နိုင်းစေသည့်ဘိန်းစားမှာ ဆေးအတွက် အစက်ပျေနေပေပြီ။ ဘိန်းစားသည် ထိုသို့ရှိနေရင်း အနီးမှ လှမ်းသွားသည့် ကြက်တော၏ခြေထောက်ကိုဆွဲကာ



"ကိုကြက်တော ကျုပ်ကိုကူညီစမ်းပါဦး၊ ကျုပ် ကမ်းပေါ်မတက်ရရင်သေတော့မယ်"

ဟုတောင်းပန်လေတော့၏။

ကြက်တောက အသာအယာရုန်းဖယ်ကာ သက်ပြင်းချပြီး

"ဒီရေမှာ ပိုင်ရှင်လည်းဖြစ် လှေသူကြီးဆိုလည်း ဟုတ်တဲ့ ဦးရွှေတောင်ရဲ့ အမိန့်တိုဝီအပြီး ငါက ဘာရယ် လို့ရမှာလဲ"

ဟုပြော၍ထိုနေရာမှလှည့်ထွက်ခဲ့လေ၏။

ပြီးလျှင်ကြက်တောသည် မွဲလျက်ခွက်ကြီးနှင့်လက်ဆွဲမီးဖိုကို တိုခန်းအတွင်းသို့ထည့်ကာ ရွက်တိုင်ဖျင်ကြီးပေါ်သို့ မျောက်တစ်ကောင် လိုပေါ့ပါးဖျတ်လတ်စွာ နိုတွယ်၍တက်လေ၏။

၎င်းသည် ရွက်ဆိုင်းကြိုးများကို စစ်ဆေးရပေဦးမည်။ ထိုအခိုက် လှေသူကြီးရောက်ရှိလာပြီး အောက်မှနေ၍အော်ဟစ်ကာ

"ကြက်တော ငါကမ်းပေါ်တက်ပြီး ပွဲရုံမှာစာရင်းသွား ရှင်းလိုက်ဦးမယ်၊ လှေထိုးသားတွေဘယ်သူမှ ကမ်းပေါ် မတက်အောင်သေသေချာချာ စောင့်ကြည့်စမ်း"

ဟုထပ်မံအမိန့်ပေးလေ၏။

ကြက်တောသည် လှေသူကြီး၏စကားကိုကောင်းစွာကြား၏။ သို့သော်သူသည်ဘာမျှပြန်လည်ပြောဆိုခြင်းမပြုဘဲ၊ တုံ့ဆိုင်းဝေသာရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ခါး လှေသူကြီးကလည်း ကြက်တော၏အမူအကျင့်ကိုသိရှိနေလေရာ သူ[illegible]တားဆိုးလျှင် ချက်ချင်းပင်လှည့်ထွက်သွားတော့၏။

ထိုအခါမှပင် ကြက်တောသည် ရွက်တိုင်ထိပ်များမှနေပြီး ကမ်းပေါ်သို့တက်သွားသည့်လှေသူကြီးကိုငုံ့ကြည့်ကာ

"ဦးရွှေတောင်၊ ဦးရွှေတောင်... သာမန်လယ်ကူလီ ကလေးဘဝကနေ လှေကြီးတစ်စင်းမကပိုင်ဆိုင်ပြီး ကိုယ်တိုင်ကုန်ကူးသန်းနေနိုင်လောက် အောင်ကြွယ်ဝ ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ဖြစ်နေပြီပဲ၊ သူဟာ အောက်လက်ငယ်သားတွေအပေါ်မှာလည်း ကိုယ်ချင်းစာ တရားခေါင်းပါးပြီး၊ ပေးကမ်းစွန့်ကြဲဖို့ နေနေသာသာ သနားငဲ့ညှာမှုတောင်မရှိဘူး၊ ရသမျှငွေကို အိတ်ထဲ အကုန် သိမ်းကျုံးထည့်ချင်တဲ့လူစားမျိုးပဲ"

ဟုရေရွတ်မိကာ တဆက်တည်းပင် နံနက်ပိုင်းက လှေကြီး၏ ထမင်းချက်အဘိုးကြီးနှင့်စကားလက်ဆုံကျစဉ်ကအကြောင်းကို ဖျတ်ခနဲ သတိရမိ၏။

ထမင်းချက်ကြီးက

"ကြက်တောရယ်... အခုဆိုရင်လှေထိုးသားတွေ ငါ့ကိုအထင်လွဲနေကြပြီ၊ သူတို့မှာလုပ်ရတော့လည်း မသက်မသာ၊ စားရတော့လည်း မလောက်မငှ ရှိရှိတဲ့တဲ့နဲ့



အဲဒါဘာကြောင့်လဲဆိုတော့ လှေသူကြီးကလည်း နိုင်းရင်လည်း မတရားနိုင်းတာကို၊ ကျွေးတော့လည်း ငါက သူထုတ်ပေးသမျှစရိတ်ကို ငါကဖြတ်ပြီးသုံးနေတယ်လို့ တောင်ထင်ပြီး ငါ့ကိုအထင်လွဲနေကြပြီ၊ အစားမက်တဲ့ လှေထိုးသား ဗလကြီးကဆိုရင် ငါ့ကိုသားရင်းအေးနဲ့ရွယ်ပြီး 'ကျုပ်ကအလုပ်ပင်ပန်းတာမမှုဘူး၊ အစားအစာကလေးတော့ ဝဝလင်လင်စားချင်တယ်၊ ဗိုက်ထဲမှာ အရသာမကျရင် ကျုပ်က လူသတ်ချင်တဲ့ စိတ်ပေါက်တတ်တယ်' လို့ ကြိမ်းဝါးသွားသေးတယ်၊ လှေထိုးသားတွေဆိုတာကလည်း ကမ်းကုန်လို့ ရေထဲရောက်လာကြတာ မဟုတ်လား"

ဟုရင်ဖွင့်ခဲ့လေ၏။

ထိုအခါအနီး၌ရှိနေသည့် ကုန်စာရေးကလည်း

"ငါ့အဖြစ်ကလည်း ထမင်းချက်ကြီးနဲ့ဘာမှ မထူးပါဘူး၊ ငါ့မှာ ကုန်သည်တွေနဲ့သင့်တင့်အောင်ပေါင်းပြီး ကုန်ရအောင်ရှာရတယ်၊ လှေရှင်နဲ့ ကုန်သည်ကြားထဲမှာ သင့်တင့်အောင် ငါ့မှာ အမြဲစေ့စပ်ပေးနေရတယ်၊ ကြုံရင် ကြုံသလို သူ့ရဲ့ဝေယျာဝစ္စတွေနဲ့ အနှင်းအနှိပ်တောင်မလွတ်ပဲ ဆောင့်စေအောင်နိုင်းတာပါပဲကွာ"

ဟုထုတ်ဖော်ပြောခဲ့လေ၏။

www.burmeseclassic.com

ထိုသူတို့၏အကြောင်းနှင့်တဆက်တည်းပင်၊ ကြက်တော၏ခေါင်းထဲသို့ သူနှင့်ဦးရွှေတောင်ကြီးတွေ့ဆုံခဲ့ပုံက အစဉ်လိုက်ဝင်ရောက်လာပြန်၏။

လွန်ခဲ့သော (၃)နှစ်က ကြက်တောသည် ထိုလှေကြီးပေါ်သို့ တက်ရောက်ရှိခဲ့၏။ ထိုအခါက ဦးရွှေတောင်သည် ထိုလှေကြီးကို ဝယ်ယူပြီးကာစပင်ရှိသေး၏။

ဦးရွှေတောင်က လှေထိုးသားအသစ် ကြက်တောကို မညှာမတာနိုင်းစေလေ၏။ သို့သော်ကြက်တောက မညည်းမညူပဲတာဝန်ကျေပွန်စွာလုပ်ကိုင်ခဲ့၏။

ကြက်တောသည် သူ၏တာဝန်အပြင် အခြားသူများ၏အလုပ်ကိုလည်း ကူညီလုပ်ကိုင်ပေး၏။ အချိန်နှင့်အမျှ လှေကြီးတစ်စင်းလုံးတွင် ကြက်တော၏ခြေရာ လက်ရာများရှည်းပြစ်လာ၏။

စီးအကြောင်းသော ဦးရွှေတောင်ကြီးသည် ကြက်တောကိုသဘောကျလာပြီဖြစ်သောကြောင့် တစ်နှစ်ပြည့်သောအခါ

"အလုပ်ကိုကြိုးစားပြီး လှေကြီးတစ်စင်းလုံးကို မင်းကောင်း ကောင်းကြပ်ကဲအုပ်ချုပ်နိုင်ပြီပဲ၊ မကြာခင်မင်းကို လှေသူကြီးလုပ်နိုင်းဖို့ ငါစဉ်းစားထားတယ်"

ဟုပြောခဲ့လေရာ ကြက်တောက

"ကျုပ်အတွက် ငွေကြေးလည်းမလိုအပ်ဘူး၊ လှေ





သူကြီးရာထူးလည်းမလိုအပ်ဘူး၊ ကျုပ်လိုအပ်တာတစ်ခုပဲရှိတယ်"

ဟုဆိုလိုက်လေ၏။

လှေသူကြီးကမျက်မှောင်ကြုတ်၍

"ထူးထူးဆန်းဆန်းပါလား၊ ဒီလိုအခွင့်အရေးမျိုးကို လှေထိုးသား အယောက်တစ်သောင်းမှာ တစ်ယောက်တောင်ကြင်းလိုမ့်မယ်မထင်ဘူး၊ လုပ်စမ်းပါဦး၊ မင်းက ဘာလိုအပ်တာလဲ၊ ငါ့ရဲ့လယ်တွေယာတွေကို ဦးစီးပြီးလုပ်ချင်တာလား"

ဟုမေးမြန်းလေရာ ကြက်တောက ခြောက်ကပ်ကပ်ရယ်မောပြီးသော်ကား

"မဟုတ်ဘူး ကျုပ်ရင်ထဲမှာ အနှစ်နှစ်အလလက ကြာညောင်ခဲ့တဲ့ စိတ်ကူးတစ်ခုကို အကောင်အထည်ဖော်ဖို့ပဲ လိုအပ်တယ်၊ အဲဒါကလည်းဘာလဲလို့တော့ ဆက်မမေးပါနဲ့တော့၊ ဒါပေမဲ့အချိန်တန်ရင် လှေသူကြီး မလွဲသေချာသိမှာပါ"

ဟုအဖြေပေးခဲ့လေ၏။

ထိုအချိန်မှအစပြု၍ လှေသူကြီးသည် ကြက်တောကိုကြောင်တောင်(နို့)ထူးထူးဆန်းဆန်းလူတစ်ယောက်ဟူ၍သာ သတ်မှတ်လိုက်တော့

www.burmeseclassic.com



၏။ သို့သော်ကြက်တောသည် လှေသူကြီး၏မျက်နှာသာပေးခြင်း အခံရဆုံး လူတစ်ယောက်အဖြစ်လည်းရှိနေလေ၏။

ကြက်တောကမူ လူတိုင်းကို လိုအပ်လျှင်ကူညီ၏။ စကားကိုလည်းလိုအပ်မှသာပြော၏။

ထို့ကြောင့်လှေထိုးသားများကလည်း ကြက်တော ကိုလှေသူကြီး သဘောထားအတိုင်းပင်သတ်မှတ်ထားကြတော့၏။

*"ငါဒီလှေကြီးပေါ်ကိုရောက်တာ ဒီနေ့ဟာ (၃)နှစ် တင်းတင်းပြည့်တဲ့နေ့ပဲ၊ ငါ့ရဲ့ကံစွာကို အကောင်အထည် ဖော်ဖို့ အချိန်တန်ပြီ"*

ဟုရေရွတ်ကာရွက်တိုင်ထိပ်များမှ ပြန်လည်ဆင်းသက်ခဲ့၏။ မကြာမီကြက်တောသည် ကမ်းဘေးသို့တက်၍သွား၏။

လှေသူကြီး အမိန့်သည် ကြက်တောအတွက်အကြုံးမဝင်ချေ။ အတန်ကြာလျှင် ကြက်တောသည် လက်ထဲတွင် အထုပ်ကြီးတစ်ထုပ်ကို ဆွဲ၍ ပြန်လည်ရောက်ရှိလာပြီး

*"ရော့… ထမင်းချက်ကြီး ဒီညစာကို ကောင်း ကောင်း ချက်ပေတော့"*

ဟုနှိုင်းစေလေ၏။ ပြီးလျှင်ဘိန်းစားလက်ထဲသို့ တစ်စုံတစ်ရာကို ထည့်ကာ

*"ဒါကမင်းအတွက် အားဆေး"*



ဟုပြောပြန်၏။ ထို့နောက်ကမ်းပေါ်မတက်ရ၍ အသည်းကွဲနေသော လှေထိုးသားကို

*"မင်းရဲ့အသည်းကွဲနေတဲ့ ဝေဒနာတွေအတွက်လည်း ဆေးပါတယ်၊ ဟောဒီမှာ မင်းရည်းစားဆီကပြန်စာ ငါယူလာတယ်၊ စာထဲမှာ မင်းလိုချင်တဲ့အဖြေအပြင် သူကိုကြိုက်တဲ့အချိန်မှာ လာခိုးဖို့ရည့်ပါလို့တောင်ရေးထား သေးတယ်"*

ဟုဆိုလေရာ ထိုသူသည်ပျော်လွန်း၍ လှေကြီး၏ကုန်းပတ်ထက် တွင်ကွေးနေအောင် ကလေတော့၏။

သူတို့သည် ကြက်တောယူလာ သည့်အစားအသောက်များကို ကောင်းမွန်စွာစားသောက်ပြီးချိန်အထိ လှေသူကြီးသည် ပြန်လည်ရောက်ရှိမလာသေးချေ။

သန်းခေါင်ကျော်ရေလှည့်သင့်ချိန် အထိလည်းလှေသူကြီး၏ အရိပ်အယောင်ကိုမျှမမြင်ရချေ။

ထိုအချိန်၌ တက်မကိုင်စင်ထက်တွင်အခန့်သား ရှိနေသည့် ကြက်တောက လှေထွက်ခွာခါနီးတွင် လှေသူကြီးကအမိန့်ပေးလေ့ရှိသည့် အတိုင်း တစ်ထပ်ထဲပင်

*"လှေထိုးသားတွေအားလုံးအသင့် သူနေရာနှင့်သူ ရှိကြပါစေ၊ ရွက်တင်ပြီးတာနဲ့ လှေဆိုင်းကြိုးတွေဖြုတ်*

www.burmeseclassic.com



ထိုးဝါးသမားတွေညီပါစေ၊ လှေထွက်မယ်"

ဟုအမိန့်ပေးအော်ဟစ်လိုက်လေ၏။

လှေထိုးသားအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ လှေထိုးသား တစ်ယောက်က အော်ဟစ်၍

"ကိုကြက်တော လှေသူကြီးမရောက်သေးဘူး"

ဟုပြန်လည်ပြောဆိုလေရာ ကြက်တောက အသံဝါဝါကြီးဖြင့်

"မင်းတို့လှေသူကြီးတော်တော်နဲ့ပြန်မရောက်တော့ဘူး၊ ရေရှည်သင့်ရင်လှေထွက်ရမယ်လို့ သူအမိန့်ပေးထားတာပဲ၊ အခုချက်ချင်း ကိုယ့်နေရာကိုယ်နေစမ်း၊ လှေထွက်မယ်၊ အခုအချိန်ကစပြီး ဒီလှေသူကြီးဟာ ကြက်တောဖြစ်သွားပြီ၊ ဒီလှေကြီးဟာလည်း လှေထိုးသားတွေလက်ထဲရောက်သွားပြီ"

ဟုအော်ဟစ်လိုက်လေတော့၏။

ကြက်တောသည် ကုန်သည်တစ်ယောက်က လှေခငွေကို ဦးရွှေတောင်ကြီးထံပေးရန် ရှိသည်ကိုသိထား၏။

ထိုကုန်သည်မှာ ခရီးလွန် ၍နေ၏။ ဦးရွှေတောင်ကြီးက ငွေကိုမရအောင် စောင့်ဆိုင်းတောင်းခံမည် ဖြစ်သောကြောင့် အချိန်ကြာမြင့်ခါမှ ပြန်ရောက်မည်တွက်ဆထား၏။

ထိုအခါ အကင်းပါးဟန်ရှိသော လှေထိုးသားဗလကြီးက ကုန်းဆင်



တွင်ဆိုင်းထားသော လှေဆိုင်းကြိုးများကိုအလျှင်အမြန်ဖြုတ်၍

"လှေထွက်ဖို့အသင့်ဖြစ်ပြီ"

ဟုတက်မကိုင်ဇင်ထက်သို့သတင်းပို့လေ၏။ ထိုအခါ လှေကြီးသည်ရေလှည့်လေလှည့်သင့်နေပြီဖြစ်သောကြောင့် တက်မကိုင်၏ ထိန်းကြောင်းမှုအတိုင်းရေပြင်တွင်အရှိန်ရှိန်ပြေးလွှားလျက်ရှိလေတော့၏။

လှေထိုးသားများသည် ဦးရွှေတောင်မရှိဘဲ၊ လှေကိုကမ်းမှ ခွာလာသောကြောင့် အူကြောင်ကြောင်ဖြစ်နေကြ၏။ ဗလကြီးကမူကြက်တောထံရောက်ရှိလာပြီး

"ကြက်တော၊ လှေကြီးကို အပိုင်စီးလိုက်ပြီပေါ့"

ဟုမေးမြန်းလေ၏။

ကြက်တောကရေကြောင်းကို ဂရုတစိုက် ကြည့်ရှု၍ပဲ့ကိုင်ရင်းဆေးပေါ့လိပ်တိုကို မီးညှိဖွာရှိုက်ကာ

"ဟုတ်တယ်၊ ဒီလှေကြီးမှာ အမြန်ကုန်တွေပါတယ်၊ လှေသူကြီးအခန်းထဲမှာ ကုန်ဖိုးငွေတွေရှိတယ်၊ ပြီးတော့မကြာခင်မှာ ဒီလှေကြီး တစ်ခင်းလုံးဆေးရောင်အသစ်နဲ့ ဘယ်လိုမှမမှတ်မိနိုင်လောက်အောင် ပုံပြောင်းပေးမဲ့နေရာကို ရောက်သွားလိမ့်မယ်၊ ပြီးရင်အားလုံးဟာငွေတွေဖြစ်သွားလိမ့်မယ်၊ အဲဒါတွေကို လှေထိုးသားတွေ အညီအမျှခွဲဝေယူရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုအမြွေးပေးလေရာ ဖလကြီးကလက်မြောက်တီး၍

*"ကောင်းလိုက်တဲ့အကြံ"*

ဟုထောက်ခံလေ၏။

မြောမီထိုသတင်းသည် လှေထိုးသားများအားလုံးထံရောက်ရှိသွား၏။

ထိုအကြံကိုကန့်ကွက်မည့်သူဟူ၍တစ်ယောက်မှမရှိချေ။ သူတို့အားလုံးဝမ်းသာရွှင်လန်းလျက်။ စွန့်စားမှုအတွက်သာ ရင်ဖိုနေကြလေ၏။

နောက်ဆုံးတွင်ကြက်တောက

*"ဒီမှာ အားလုံးနားထောင်ကြ၊ ရသမျှငွေကြေးတွေကို ကြက်တောက လက်ဖျားနဲ့တောင်မထိဘူး၊ ဒါပေမဲ့ ခံစရာရှိရင် အားလုံးကို ကြက်တောသွဲခံမယ်၊ ကြက်တောကို အပြစ်ပုံချရမယ်၊ ဒါဟာခင်ဗျားတို့ အားလုံးနဲ့ မသက်ဆိုင်ဘဲ ကြက်တောရဲ့အိပ်မက်ကို အကောင်အထည်ဖော်တဲ့ကိစ္စပဲ၊ ဒီအချိန်ဆိုရင် ဦးရွှေတောင် ကိုးကမ်းဘေးမှာ ဟိုပြေးသည်ပြေးနဲ့ ပျာယာခတ်နေမှာ မြင်ယောင်မိသေးတယ်၊ ကြက်တောလိုချင်တာဒါပဲ၊ ဟား ဟား…."*

ဟုပြောဆိုကာ ကျေကျေနပ်နပ်ကြီး ရယ်မောလိုက်လေတော့၏။

ကြက်တော၏စကားအတိုင်းပင် ဦးရွှေတောင်ကြီးသည် ကမ်းစပ်သို့ရောက်ရှိနေ၍ သူ၏လှေကြီးမှာ ပျောက်ခြင်းမလှ ပျောက်နေသောကြောင့်





မျက်လုံးပြူးကျယ်သွား၏။

ထိုအခါ ဆိပ်ကမ်းအလုပ်သမားကလေးတစ်ယောက်က ဦးရွှေတောင်ကို စာတစ်စောင်လာရောက်ပေးလေ၏။

စာကိုဖတ်ရှုပြီးနောက် ဦးရွှေတောင်သည် မျောက်မီးခဲကိုင်မိသလို ခုန်ဆွခုန်ဆွဖြစ်၍သွားရလေ၏။

ပြီးလျှင်ဒေါသအရှိန်ဖြင့် မျက်နှာကြီးနီရဲကာ ပုလိပ်ဌာနဘက်သို့သုတ်ချေတင်လေတော့၏။ စာကိုကြက်တော ရေးသားထားခဲ့ခြင်းဖြစ်၏။

*"ဦးရွှေတောင်၊ ကျုပ်ရင်ထဲမှာသုံးနှစ်လုံးလုံး သို့ဝှက်ထားခဲ့တဲ့ ကျုပ်ရဲ့ဆန္ဒတွေကို ဒီနေ့အကောင်အထည်ဖော်လိုက်ပြီ၊ ခင်ဗျားရဲ့လှေကြီးကိုကျုပ်အပိုင်စီးလိုက်ပြီ၊ ဒါတွေအားလုံး ကျုပ်တစ်ယောက်တည်းရဲ့အကြံအစည်ပဲဖြစ်တယ်၊ လှေထိုးသားတွေဟာ ကျုပ်စကားကိုမဖယ်ရှားနိုင်လို့ ကျုပ်စကားကိုမတွန်းလှန်ဝံ့လို့ ကျုပ်အလိုကိုလိုက်ကြရတာဘဲ၊ ငွေမက်တဲ့ ကျုပ်လိုလူက ဒီလို ဘာကြောင့်လုပ်သလဲလို့ ခင်ဗျားတွေးနေလိမ့်မယ်၊ ခင်ဗျား အနေနဲ့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာက လယ်ပိုင်ရှင်အိမ်တစ်အိမ်က လယ်ကူလီလုပ်ရင်း ရှိသမျှစည်းစိမ်ဥစ္စာရတာမှာငွေကို အလစ်သုတ်လာတာ မှတ်မိသေးမယ်ဆိုရင် ကျုပ်ကိုရှာပ်ရှပ်*



www.burmeseclassic.com

www.burmeseclassic.com



ကို အဲ့ဒါတော့မှားမယ်ပေါ့ဘူး၊ အဲဒီလယ်ပိုင်ရှင်တွေဟာ ဆင်းရဲချို့တဲ့စွာနဲ့ ကွယ်လွန်သွားခဲ့ကြရှာတဲ့၊ ကျုပ်ရဲ့ မိဘတွေပဲ၊ အဲဒီအတွက် သဘာဝလောကကြီးက ခင်ဗျားကို ကူညီတဲ့တဲ့မြင်ရ့ ဒဏ်မခတ်ခင် ကျုပ်က အရင်ခတ်စေလိုက်တာပါပဲ"

ဟု ရေးသားထားလေ၏။

✤✤✤✤

ပန်းအိစံ ကွန်ပျူတာ



တစ်နေ့သ၌ ရေဝတီမြစ်ကမ်းနဘေးလူစည်ကားရာမြို့ကြီးတစ်မြို့ရှိ ကုလားဆရာဝန်ကြီးဒေါက်တာဗစ်တာ၏ ဆေးခန်းသို့ ကြေးစည့်ထောက်လှစွာလှည်း(၃)စီးတိုက်မှုရှိသော လူနာများတစ်ပြိုင်နက်ထဲ ရောက်ရှိလာကြကုန်၏။

ထိုအခါ ဒေါက်တာဗစ်တာ၏ ဆေးခန်းစောင့်ဂေါ်ရခါးလူထွားကြီးသည် မျက်လုံးပြူးကျယ်သွားသော်လည်း စိတ်ထဲတွင်ကျိတ်၍ ဝမ်းသာသွား၏။

ငွေမက်လှသော ဒေါက်တာဗစ်တာအတွက် ထိုမျှလူနာများနှင့် ဆိုလျှင်ပွဲပေါက်တိုးပေပြီ။ လူနာများသည် တစ်ရွာထဲမှပြကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလှည်း (၃)စီး ဆေးခန်းကလေးရှိရာ မြဝင်းကျယ်ကြီးအတွင်း မောင်းနှင်ဝင်လာကတည်းက ဆိုခဲ့လေသော အနှံ့အသက်ကြီးက ထောင်းခနဲ ထွက်လာရာ ဂေါ်ရခါးလူထွားကြီးမှာ နှာခေါင်းရှုံ့မိ၏။

လူနာများသည် ဝမ်းရောဂါသည်များချည်းဖြစ်၏။ ထိုအထဲမှ ကောင်းစွာကျန်းမာဟန်ရှိ၍ လှန်စွာအသားမည်းကာ လှန်စွာမှလည်း သေးကွေးလှသောလူတစ်ယောက်သည် ဆေးခန်းရှေ့သို့ ရောက်လျှင် လှည်းပေါ်မှ ဗုတ်ခနဲခုန်ချလိုက်ပြီး ဂေါ်ရခါးလူထွားကြီးကို

"ကိုယ့်ရှာ။ ဒီမှာလူနာတွေတော့ တစ်ပြုံကြီး ကျုပ်ခေါ်လာတယ်၊ သူတို့ကို ကျုပ်စေးသွားဟန်လွဲသွားရင်း ရွာလုံးကျွတ်ဝမ်းရောဂါဖြစ်နေတာတွေ့လို့ ဒီဆေးခန်းကို ခေါ်လာရတာပဲ၊ အရေးကြီးတယ်၊ ဆရာဝန်ကြီးကို မြန်မြန်ခေါ်ပါ"

ဟု ပြောလေ၏။

ဂေါ်ရခါးလူထွားကြီးက ထိုသူကိုကြည့်၍

"ဒီလူတွေက ဝမ်းရောဂါသည်ဆိုတော့ ကူးစက်ရောဂါသည်ပဲ၊ မြို့ကလူတွေသိရင်တော့ ဒုက္ခကုန်တော့မှာပဲ"

ဟု ဆိုလေ၏။

ထိုလူနာများကို ဦးဆောင်လာသူက



"ကိစ္စမရှိပါဘူးလေ၊ ဆေးခန်း[illegible]နေ့မှာရှိတာပဲ၊ လူနာတွေကို ကုသပြီးတာနဲ့ ချက်ချင်းပြန်ထွက်သွားမှာပဲ ကောင်းကောင်းသာကုပေးပါ၊ အားလုံး ကျုပ် တာဝန်ယူတယ်"

ဟုပြောဆိုလေရာ ကုလားဆရာဝန်ကြီးရောက်ရှိလာပြီး

"အိုး…မြို့တစ်မြို့လုံးက ဝမ်းရောဂါသည်တွေ ကျုပ်ဆေးခန်းကိုစု ပြီးလာသလိုပါလား"

ဟုရေရွတ်လေ၏။

လူနာများမှာကလေးလူကြီး၊ မိန်းမ လူစုံဖြစ်သလို အယောက်(၂၀) ကျော်မျှရှိ၏။ အားလုံးမှာလည်း ဆင်းရဲသားများဖြစ်မှန်း ကြည့်ရုံနှင့်သိသာ ရလေ၏။

ဒေါက်တာဗစ်တာက ထိုအချက်ကို သတိပြုမိလေရာ

"ဆေးအကောင်းစားတွေက သိပ်ဈေးကြီးတယ်"

ဟုပြောလေရာ လူနာများကိုခေါ်ဆောင်လာသူက ရင်ကိုကော့၍

"အားလုံး ကျုပ်တာဝန်ထားစမ်းပါ၊ အကောင်းဆုံး ဆိုတဲ့ဆေးတွေနဲ့သာကုသပါ"

ဟုအာမခံပြန်၏။

ထိုမည်းမည်းနှင့်သေးကွေးသောလူမှာ တန်ဖိုးကြီးဟန်တူသော ...တ်ပြောင်သည့် အဝတ်အစားများကို ဝတ်ဆင်ကာ လည်ပင်းတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



[illegible]ပြီး တုတ်တုတ်ကြီး၊ လက်တွင်လည်း လက်ပတ်ကြိုး ကြိုး ထွေးသီးလုံးခန့် ကျောက်စိမ်းလက်စွပ်ကြီးများကို ဝတ်ဆင်ထား လေ၏။

ဒေါက်တာဗစ်တာက ထိုသူကို သေချာစွာအကဲခတ်ပြီးနောက် ယုံကြည်စိတ်ချသွားပြီး

*“ကောင်းပြီလေ၊ ဟာကြူလီ၊ လူနာတွေကို ဆေးခန်း ဘေးက သစ်သားဆောင်ကလေးမှာ နေရာချထားပေး လိုက်ပါ”*

ဟု ပြောလေ၏။

လူနာများကိုခေါ်ဆောင်လာသူက ကွမ်းချေးအထပ်ထပ်တက်နေ သည့် သွားများကိုဖြဲ၍ ရယ်ကာ

*“ဒီလိုမှပေါ့”*

ဟုပြောလေ၏။

ထိုအချိန်မှအစပြု၍ ဂေါ်ရခါးလူထွားကြီးဖြစ်သူ ဟာကြူလီ သည်တစ်ချက်ကလေးမှ အနားမနေရအောင် မှိုလေတော့၏။ ထိုအိမ်တွင် အခြားလူဟူ၍ မရှိဘဲ၊ ဆရာဝန်ကြီးနှင့် သူသာနှစ်ယောက်တည်း နေထိုင်ခြင်းဖြစ်၏။

ထမင်းချက် သန့်ရှင်းရေးကုလားမကြီးမှာလည်း ညနေစောင်းလျှင် အိမ်ပြန်သွားပေပြီ။ ကုလားမကြီးသည်လည်း လူနာများအတွက် ဆန်ပြုတ်၊



စွပ်ပြုတ် စသည့်အားရှိဖွယ်ရာ အစားအစာများကို ဆရာဝန်ကြီး၏ ညွှန်ကြား ချက်ဖြင့် ချက်ပြုတ်ပေးရ၏။

ဟာကြူလီမှာ ပို၍ဆိုးသေး၏။ လူနာများကို အချိန်မှန်ဆေးတိုက် ၍ ပြုစုစောင့်ရှောက်ရ၏။ အညစ်အကြေးများကို သန့်စင်ရှင်းလင်းပေးရ ၏။

ထိုအထဲတွင်ကလေးငယ်လူနာများလည်း ပါလာသေးရာ ဟာကြူလီကိုမြင်လျှင် ထိုလူနာကလေးမှာ ကြောက်လန့်၍ငိုကြွေးလေ၏။

ထိုအခါ ဟာကြူလီသည် အရွယ်ကြီးနှင့်မလိုက်ဖက်စွာ ကလေးငယ်များကို ရင်းနှီးစေရန် ချော့မြှူရခြင်း၊ ရယ်စရာ မျက်နှာပြောင် အမျိုးမျိုးပြုလုပ်၍ ပုံမကျပန်းမကျ ကပြရခြင်းတို့ ပြုရ၏။

ထိုအထဲမှ ကလေးတစ်ယောက်က အနည်းငယ်ရင်းနှီးလာသော အခါ ဟာကြူလီ၏မုတ်ဆိတ်ပါးမြိုင်းမွေးများကို ဆွဲ၍နုတ်ချင်သည်ဟု ပူဆာလေရာ ၎င်းလည်းအောင့်သက်သက်ဖြင့် ကြိတ်မှိတ်၍ခံကာ ခွင့်ပြုရ ၏။

ကုလားဆရာဝန်ကြီး ဒေါက်တာဗစ်တာသည် သူ့မျက်လုံးထဲတွင် ငွေထုတ်ကြီးမြင်နေပြီဖြစ်သောကြောင့် လူနာများကို ကောင်းစွာပြုစု စောင့်ရှောက်ရန် ဟာကြူလီကို အမိန့်ပေးပြီး ထိုရက်အတွင်းဆေးခန်းကိုပင် ပိတ်၍ထားလေ၏။

ထိုအချိန်၌ လူနာများကိုခေါ်ဆောင်လာသူသည် ဒေါက်တာဗစ်တာ

www.burmeseclassic.com

www.burmeseclassic.com



၏ အိမ်ရှေ့အစားကောင်းအသောက်ကောင်းများနှင့် စိမ်ကျနေလေ၏။

ငှင်းသည် တစ်ခါတစ်ရံတွင် ဆရာဝန်ကြီးထံမှရရှိထားသည့် အကောင်းစား စီးကရက်ကိုလက်ကြားတွင်ညှပ်၍ ပန်းခြံအတွင်းသို့ လေညှင်းခံကာ ဟန်ပါပါ လမ်းလျှောက်နေတတ်၏။

တစ်ခါတစ်ရံတွင် ဟာကြူလီနေထိုင်ရာ ကားရုံအပေါ် ထပ်ခိုးကလေးသို့ရောက်သွားတတ်ကာ ဒေါက်တာဗစ်တာအားအင်္ဂလိပ် စကားအကျိုးအလွဲများနှင့် အင်္ဂလန်ဘုရင်မကြီး ယူထားသည့်ယောကျ်ားမှာ ရုပ်ဆိုးလှကြောင်း မြန်မာနိုင်ငံအပါအဝင် အိန္ဒိယတိုက်ငယ်ကို အုပ်ချုပ် နေသည့် လော့မောင့်ဘက်တန်ဟူသည့် ဘုရင်ခံချုပ်မှာလည်း လွန်စွာ နမူးပြောင်၍ အိန္ဒိယရှိသူ၏နန်းတော်တွင် အစေခံအမှုထမ်းပေါင်း ထောင်ဂဏန်းမျှရှိပြီး သူ၏ဥယျာဉ်အတွင်း သစ်ပင်ပန်းမာန်များ မပျက်စီး စေရန် ငှက်ခြောက်ရန်သက်သက် အတွက်အမှုထမ်းပင်(၅၀) တိတိရှိလေရာ လွန်စွာစည်းစိမ်ခံသူဖြစ်ကြောင်း အနောက်နိုင်ငံများအကြောင်းကို တရစပ် ပြောလေရာ ဒေါက်တာဗစ်တာသည် နားလည်သည်လည်းရှိ နားမလည်သည် လည်းရှိသော်လည်း တပြုံးပြုံးဖြင့် နားထောင်နေရတတ်၏။

ထိုသူသည် အမှန်စင်စစ်အားဖြင့် ကုလားဆရာဝန်ကြီးထံ လာရောက်၍ အမန်းဖြေနေသည့် အထူးဧည့်သည် တစ်ဦးကဲ့သို့သာ ရှိနေပေ တော့၏။

ဒေါက်တာဗစ်တာ၏ စကားအတိုင်းပင် လူနာများသည် (၃)ရက်





ပြည့်သောအခါ ကောင်းစွာကျန်းမာလာကြပြီဖြစ်၏။

ထို့နောက်ဟာကြူလီ ကလူနာများကို ခေါ်ဆောင်လာသူကို စာရင်း စာရွက်ပေးကာ

*"ကိုယ့်လူ ဆရာဝန်ကြီးက နောက်တစ်ရေ့ဆိုရင် လူနာတွေကို ရှာပြီး လယ်ထွန်နိုင်းလို့ရပြီလို့ပြောတယ်၊ ဟောဒီစာရွက်ထဲမှာ ကုန်ကျစရိတ်တွေ ရေးထားတယ်"*

ဟုပြောလေ၏။

ထိုအခါ လူနာများကို ခေါ်ဆောင်လာသူက စာရင်းစာရွက်ကို တော်၍ပင်မကြည့်ဘဲ အိတ်ထဲသို့ထည့်ကာ

*"အိုကော၊ ကျုပ်ရဲ့ရှင်ကြန်က ကိုယ်စားလှယ်တွေဆီကို ချက်စာအုပ်အကြီးကြီးယူလာတို့၊ သဲကြီးရိုက်ထားတယ်၊ ဒီညသန်းခေါင်ကျော်လောက်တော့ ရောက်လာကြမှာပဲ"*

ဟုပြောလေ၏။

ညနေစောင်းအချိန်တွင် ဆေးခန်းသို့လူနာတစ်ယောက်ရောက်ရှိ လာ၏။

ထိုသူမှာ အသားညိုညိုနှင့် တောင့်တင်းကြံ့ခိုင်သော ကိုယ်ဟန် ရှိကာ မျက်နှာဖုံးအုပ်လုမတတ်ဆောင်းထားသည့် သက္ကလပ်ဦးထုပ်အောက် မှမျက်လုံးအစုံက လွန်စွာတောက်ပြောင်နေ၏။

ဟာကြူလီက ထိုသူကို



www.burmeseclassic.com

www.burmeseclassic.com



"ရှမှာဆိုရင်တော့ တခြားဆေးခန်းကိုသွားပေတော့၊ ဆေးခန်းပိတ်ထားတယ်"

ဟုပြောလေ၏။

ထိုသူတသည်တွလတ်ဦးထုပ်ကိုလက်ညှိုးဖြင့်ပင့်တင်ကာ၊ ဟာကြူလီ ထိုရှုစိုက်ကြည့်ပြီး၊ ဘာမျှမပြောဘဲ ရှာစနေလှည့်၍ ပြန်လည် ထွက်ခွာ၍ ပြင်လေ၏။

ထိုအခါ လူနာများကိုခေါ်ဆောင်လာသူက ဦးထုပ်နှင့်လူကို

"နေပါဦး မိတ်ဆွေ"

ဟုတားဆီးထား၏။

ဟာကြူလီလည်း လက်ခံလိုက်ပြီး၊ သတ္တလတ်ဦးထုပ်နှင့်လူကို ဆရာဝန်ကြီးထံသို့ ခေါ်ဆောင်သွားလေ၏။ ထိုသူမှာ လက်မောင်းတွင် ဒဏ်ရာရရှိထား၏။

အတန်ကြာလျှင် ထိုသူသည် ဆရာဝန်ကြီးဆေးခန်းအတွင်းမှ ပတ်တီးအဖွေးသားဖြင့် ပြန်ထွက်လာရာ လူနာများကိုခေါ်ဆောင်လာသူက

"ဘယ်လိုဖြစ်တာလဲ မိတ်ဆွေ၊ ဒီဒဏ်ရာက ရိုးရိုးသားသားရလာတဲ့ဒဏ်ရာကတော့ မဟုတ်နိုင်ဘူး"

ဟုစူးစမ်းလေ၏။

သတ္တလတ်ဦးထုပ်နှင့်လူက

"ကျုပ်က ခရီးသွားတစ်ယောက်ပါ၊ ဒီမြို့ကို



ရောက်လာစက ချေးသည်မိန်းကလေးတစ်ယောက်ကို နှောင့်ယှက်နေတဲ့ အပေါစားလူမိုက်တွေကို ဆုံးမ လွှတ်လိုက်ဖူးတယ်၊ ဒီကောင်တွေက ကျုပ်ကို အငြိုး အတေးထားပြီး အလစ်မှာဝိုင်းဖြီးလုပ်ကြကြတော့၊ သူတို့နဲ့တိုက်ခိုက်ရင်း ရလာတဲ့ ဓားဒဏ်ရာပါ"

ဟုအဖြေပေးလေ၏။

ထိုအခါ လူနာများကိုခေါ်ဆောင်လာသူက

"မိတ်ဆွေကိုတော့လေးစားပါတယ်၊ ခင်ဗျားက ခရီးသွားတစ်ယောက်ဆိုရင် ဒီမှာတစ်ညတာတည်းခိုဖို့ ကျုပ်ပြောပေးပါ့မယ်၊ အချိန်လည်းလင့်နေပြီပဲ၊ ထို့ ဘောက်ဖို့လည်းမပူပါနဲ့"

ဟုမိတ်ခေါ်လေတော့၏။

ဤသို့ဖြင့် ညသို့ရောက်လျှင် ထိုသူနှစ်ဦးတို့သည် ဟာကြူလီ၏အရက်ပုလင်းကိုအသုံးတော်ခံကြကာ၊ နှစ်ဦးသား ထိုအထပ်မိုးကာလေး၌ ပင်အိပ်စက်ကြလေ၏။

ဟာကြူလီသည် ဘာကြောင့်မှန်းမသိ ညစာစားပြီးကတည်းက မျက်လုံးမှေးစင်းလာ၏။

သို့သော် သူ၏ဘုံဗိမ္မာန်ကို ချေသည်နှစ်ယောက်က အလုံးစီးထား သောကြောင့် လူနာများထားရှိရာ သစ်သားအဆောင်ရှေ့မှ ကွပ်ပျစ်ပေါ်တွင်

www.burmeseclassic.com



လဲလျောင်းရင်း အိပ်ပျော်သွားတော့၏။

ထိုအခါ ဟာကြူလီသည် အိပ်မက်မြင်မက်လေ၏။ အိပ်မက်ထဲတွင်သူသည် နတ်သမီးတမျှ လှပသောမိန်းမချောလေးတစ်ယောက်နှင့် အကြည်ဆိုက်နေလေ၏။

မိန်းကလေး၏မျက်ဝန်းညိုညိုက ညို့ငင်အား ကောင်းလှ၏။ နီတျာတျာနှုတ်ခမ်းဖူးဖူးကလေးကလည်း သူ့ကိုဖိတ်ခေါ်သယောင်ထင်ရ၏။

ထိုအခါ ဟာကြူလီသည် ရင်မှိုမောဟိုက်လာပြီး မိန်းကလေး၏ သေးသွယ်သော ခါးကလေးကို သူ၏လက်ကြီးဖြင့် ဖျစ်ညှစ်ပွေ့ဖက်ကာ နမ်းရှုံ့ရန်ကြိုးစားလိုက်၏။

မိန်းကလေးက ပြုံးရယ်ပြီး ခေါင်းကိုငုံ့ကာ ဟာကြူလီ၏ အမွေးအမျှင်ထူထပ်လှသည့် ရင်ဘတ်ကြီးကို သူမ၏သွယ်လျသောလက်အစုံဖြင့် တွန်းဖယ်လေတော့၏။

ထို့နောက်ဘာကြောင့်မှန်းမသိ ကျောထက်တွင်အောင့်စနဲ့ဖြစ်ကာ ချောက်ကမ်းပါးထဲသို့ ပြုတ်၍ကျသွားသလိုခံစားရပြီး အိပ်ရာမှ လန့်နိုးလာလေ၏။

ဟာကြူလီမှာ မျက်လုံးကိုပွတ်သပ်ပြီးနောက် မိမိမှာမြေကြီးထက်တွင်ပုံပုံကြီး ရှိနေသည်ကိုသတိပြုမိ၏။

မိုးမင်စင်စင်လင်းနေချေပြီ၊ ထို့နောက် သူ၏အထက်မှ အုပ်မိုး၍



ရွှေရောင်နှုတ်ခမ်းမွေးကြီးများ ထောင်မတတ် ဖြစ်ကာ ရှိနေသည့် ဆရာဝန်ကြီးကိုလည်း တွေ့လိုက်ရလေ၏။

*"ဟာကြူလီ... လှကလေးရဲ့ ကျေးရွာရှင်ရှုနာတွေ ဘယ်ရောက်သွားပြီလဲ"*

ဟုမေးမြန်းလေ၏။

ဟာကြူလီသည် ထိုအခါမှလူနာများကြက်ပျောက်ငှက်ပျောက် ပျောက်နေသည်ကို သတိပြုမိ၏။

၄င်း မရမကကောက်ရိုးများရှာကြံကာ ကျွေးမွေးထားရသည့် နွားများနှင့် လှည်းနှစ်စီးလည်းမရှိတော့။

ထိုအခိုက် ဆရာဝန်ကြီးက

*"လူနာတွေ ကျုပ်ရဲ့တန်ဖိုးအလွန်ကြီးတဲ့ အားဆေးတွေကြောင့် မိုးပေါ်ပျံသွားကြပြီလား၊ ဟိုမည်းမည်းသေးသေးနဲ့စကားတွေ စက်သေနတ်ပစ်သလိုပြောတဲ့ ရှကောင်သေးသေးကော ဘယ်ရောက်သွားပြီလဲ"*

ဟုမေးမြန်းပြန်၏။

ဟာကြူလီသည် အဖြေမပေးနိုင်ဘဲ ခေါင်းကုတ်ကာ အူကြောင်ကြောင်ဖြင့်ရှိနေ၏။

ဆရာဝန်ကြီးက လက်ထဲမှစာရွက်တစ်ရွက်ကို ဟာကြူလီ လက်တွင်းသို့ထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဆီးမင်းကို ယောဒီသွတ်မိနပ်နဲ့ နောက်တစ်ချက် ထပ်ပေါက်ဖို့ကောင်းတယ်"

ဟုရေရွတ်ကာ ဝိုထောင်ထဲမှကားကိုထုတ်၍ ပုလိပ်ဌာနဘက်သို့ ဦးတည်ထွက်ခွာသွားတော့၏။

အရာဝန်ကြီးက ဟာကြူလီ၏အိပ်မက် ကောင်းခန်းရောက်မှ ကျောကိုဘွတ်ဖိနပ်စာကျွေး၍ နှိုးလိုက်ခြင်းဖြစ်၏။

ဟာကြူလီသည် မျက်လုံးကလယ်ကလယ်ဖြင့် အတန်ကြာရှိနေရာမှ လက်ထဲတွင်ဆုပ်ကိုင်ထားသော စာရွက်ကိုကြည့်လိုက်မိ၏။

"မိုင်ဒီယား ဒေါက်တာဗစ်တာနှင့် ဟာကြူလီ၊ ပထမဦးဆုံး ကျုပ်တို့အားလုံးကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ကြောင်း ပြောလိုပါတယ်၊ ဒုတိယအချက်အနေနဲ့ ကုန်ကျစရိတ်အားလုံးကို အလျှုပြုတယ်လို့သဘောထားကြဖို့ပါပဲ၊ တတိယအနေနဲ့ သင်တို့က ဗုဒ္ဓဘာသာဝင်တွေမဟုတ်တော့ လှူဒါန်းရတဲ့ကောင်းမှုကုသိုလ်အကျိုးကို သာဓုခေါ်လို့ မဖြစ်နိုင်တဲ့အတွက် ဗဲရီးဂွတ် ဗဲရီးဂွတ် ဗဲရီးဂွတ်လို့ သုံးကြိမ်အော်နိုင်ကြောင်း အကြံပေးချင်ပါတယ်၊ စတုတ္ထအနေနဲ့ စားဒဏ်ရာရလာတဲ့ လူနာအတွက်လည်း ပူပန်မှုမရှိရအောင် ကျုပ်နဲ့မိတ်ဆွေရင်းများဖြစ်သွားတဲ့





အပိုလူနာ ကိုကြက်တောက်ကိုလည်း တစ်ပါတည်း ကောင်းမွန်စွာစောင့်ရှောက်ဖို့ ခေါ်ဆောင်သွားပါတယ်... သင်တို့ရှိသသောမေတ္တာဖြင့်။

မစ္စတာရှောက်ဆိပ်

မှတ်ချက်။ ။ သင်တို့စားမဲ့ညစာထဲကို အိပ်ဆေးဝေခဲ့မိတဲ့အတွက်တော့ ခွင့်လွှတ်နိုင်ကြ ... တောင်းပန်ပါတယ်။"

❀ ❀ ❀

**ပန်းအိစံ ကွန်ပျူတာ**

အမှတ်(၇) မျက်နှာစာလမ်း ကျိုက္ကသံလမ်း ကျောက်မြောင်းရပ် တာမွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သည်၌ အနောက်ရိုးမတောင်ခြေရွာကလေးတစ်ရွာ၏ နွားစားကျက်မြက်ခင်းအစပ်တွင် အသက်(၂၀)ခန့် မိန်းမပျိုကလေး တစ်ယောက်တည်း လွှမ်းစွာများပြားလှသော နွားတစ်အုပ်ကို ထိန်းကျောင်းရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေလေ၏။

ထိုသို့ စောင့်မျှော်နေသည်မှာလည်း တစ်နေ့တစ်ရက်မဟုတ်၊ တစ်နှစ်တိတိရှိပြီဖြစ်၏။

အနောက်ရိုးမတောင်ပေါ်သို့ နေလုံးက မေးတင်နေလေပြီ။ ထိုနေ့အတွက် မိန်းကလေး၏ မျှော်လင့်ချက် ကုန်ဆုံးသွားပြီဖြစ်၏။





ထိုနောက် မိန်းကလေးသည် စားကျက်တွင်လွှတ်ထားသော နွားများကိုရုပ်ကာ ရွာတွင်းသို့ ပြန်လည်ပြီးမောင်း၍ သွင်းခဲ့၏။

သူမသည် တစ်ရွာလုံးရှိ နွားများကို နွားအစားဖြင့် ထိန်းကျောင်းပေးနေသူဖြစ်၏။

ထိုအလုပ်ကို သူမ၏ဖခင်ကြီးအိမ်မှ ထွက်ခွာသွားကတည်း က လုပ်ကိုင်ခဲ့လေရာ ယနေ့တွင် တစ်နှစ်တင်းတင်းပြည့်ခဲ့လေပြီ။

မိန်းကလေးသည် နွားများကို သက်ဆိုင်ရာ နွားတင်းကုတ်၊ ချည်တိုင်များတွင် နေရာချထားပေးပြီးလျှင် အိမ်သို့ စိတ်နှလုံး ညှိုးနွမ်းစွာဖြင့် ပြန်လာခဲ့ရာ လမ်းတစ်လျှောက်လုံးပြန်လာရင်း အိမ်တွင်ရှိနေသည့် မိခင်ကြီးက ဆီး၍

*"မကြေးမုံ… နင့်ကိုကြည့်လိုက်ရင် တမှိုင်မှိုင်တွေတွေနဲ့၊ တခြားမိန်းကလေးတွေလို လုပ်စရာရှိတဲ့ အလုပ်တွေလည်းလုပ်၊ စီးလိမ်ပြီး ပြင်ဆင်စရာရှိတာလည်း ပြင်ဆင်ရမှာပေါ့၊ ငါတို့ဒီအရွယ်ကဆိုရင် လယ်ညောင်ပင်ကြီးအောက်မှာ ခုန်ပေါက်ပြီး ပြေးလွှားနေလို့ကောင်းတုန်း ရှိသေးတယ်၊ နင့်ကိုအဲဒီလို ထိုင်းထိုင်းမှိုင်းမှိုင်းကြီး မနေစေချင်တာ အကြောင်းရှိတယ်၊ နင့်အဖေလိုဖြစ်မှာ စိုးလို့ဟာ၊ နင့်အဖေလည်း အဲဒီလို ဘယ်သူနဲ့မှလည်း အပေါင်းအသင်းမလုပ်၊ ပျော်ပျော်ပါးပါး တက်တက်ကြွကြွ*

www.burmeseclassic.com



*လှည်းစနေ၊ တစ်ယောက်တည်း ငေးငေးငိုင်ငိုင်နဲ့၊ မကြာပါ*
*ဘူး ဒီဘဝရောက်တော့တာပဲ၊ သူတို့ကလည်း မျိုးနဲ့ရိုးနဲ့*
*လေး ဒါကြောင့်နှင်ကိုဒီပုံအတိုင်းမြင်နေရတာ ငါတစ်ရက်မှ*
**ရှင်မလေးလား"**

**ဟုပြောဆိုမည်ကို မြင်ယောင်နေမိ၏။**

**မိခင်ကမူ သူမအတွက် စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပင်။** ဖခင်
**သည်** ရှုံနိမ့်သောငါးနှစ်ခန့်က မည်သည့်အကြောင်းမှန်းမသိ၊ **စိတ်ဖောက်**
**ပြန်သွားခဲ့၏။**

ထိုသို့ စိတ်ဖောက်ပြန်သွားသော်လည်း ဆေးပညာကိုတီးမိ
ခေါက်မိသည့် ရွာဦးကျောင်းဆရာတော်ကြီးကမူ

*"ဒကာကြီးသာ့ဖေဟာ ရူးသွပ်သွားတယ်ဆိုပေမဲ့*
*မယားမှန်းသိတယ်၊ လယ်ယာအလုပ်တွေလည်း ပုံမှန်*
*လုပ်နိုင်တယ်၊ တောင်ရိုးတက်ပြီး ဝါးခုတ်မယ်ဆိုတော့*
*လည်း သူများနဲ့တန်းတူပဲ၊ သူကစိတ်ဖောက်ပြန်ပြီး*
*သွက်သွက်ခါအောင်ရူးသွပ်နေတဲ့သူမှမဟုတ်တာ၊ ယဉ်ယဉ်*
*ကလေးရူးတယ်ဆိုတာ ဒါမျိုးနေမှာပါ၊ ဒါဟာ မျိုးရိုး*
*စဉ်ဆက်ဖြစ်တတ်သလားဆိုတာတော့ ဘုန်းကြီးလည်း*
*နားမလည်ဘူး၊ သူ့အဖေတုန်းကလည်း မွေးတုန်းက*
*အကောင်း၊ မယားတွေ၊ သားတွေရပြီးမှ အဲဒီလို*





*ယဉ်ယဉ်ကလေးရူးသွားရှာတာ၊ ဘုန်းကြီးမျက်မြင်ပဲ၊*
*သူ့အဘိုးလည်း ဒီအတိုင်းပဲ"*

ဟုမိန့်ဆိုခဲ့ဖူး၏။

ထို့ကြောင့်ပင် ရွာထဲရှိလူအချို့ကသူမကို အရူးမျိုးဟုနောက်ပြောင်
ကြခြင်းဖြစ်၏။

မကြေးမုံဟူသော မိန်းကလေးသည် အိမ်သို့ပြန်ရောက်လျှင်
ရက်လုပ်ပြီးသားတောင်းများ၊ ပလုံးများကြားတွင် ဝါးနှီးဖျာနေသော
မိခင်ကိုတွေ့ရ၏။

မိခင်သည် အသက် (၄၅) နှစ်သာရှိသေး၏။ အလုပ်ကောင်းစွာ
လုပ်ကိုင်၍ သူမကို ရှာဖွေကျွေးမွေးနိုင်သဲဖြစ်၏။

သူမတို့အတွက်လည်း ဖခင်၏ အားကိုးအားထားမရှိသော်လည်း
တစ်ရွာလုံးဆွေမျိုးနီးစပ်များ သာဖြစ်သောကြောင့် အားငယ်စိတ်ဟူ၍
မဖြစ်ပေါ်မိကြချေ၏။

မကြေးမုံက ဝါးနှီးဖျာနေသော မိခင်အနီးသို့ရောက်လျှင်

*"အမေ ဒီနေ့ဟာအဖေ အိမ်ကထွက်သွားတာ*
*တစ်နှစ်ပြည့်တဲ့နေ့ပဲ"*

ဟုပြောလေရာ မိခင်ကလက်ထဲမှ ဓားမောက်ကိုကြမ်းပြင်တွင်
ချပြီး

*"ဒါကို အမေသိပါတယ်၊ စိတ်မနှံ့တဲ့သူဆိုတော့*



www.burmeseclassic.com

www.burmeseclassic.com



*ရင်ခြီးတည့်ရာ လျှောက်သွားနေတော့မှာပေါ့၊ အမေတို့လည်း တတ်နိုင်သလောက် စုစမ်းခဲ့ကြတာ၊ ဘာသတင်းမှမရဘူး မောင်လား၊ သူ့အတွက် သောအနွရာယ်မရှိအောင် ဆုတောင်းပေးရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး"*

ဟုဆိုလေ၏။

ထိုအခါ မကြေးမုံက

*"ဒီလိုဆို အမေအိမ်ကို ပြန်ရောက်နိုင်ပါ့မလား"*

ဟုမေးမြန်းလေရာ မိခင်က သက်ပြင်းချပြီး

*"အမေကတော့ မထင်ဘူး"*

ဟုအဖြေပေးလေ၏။

မကြေးမုံသည် မိခင်ကဲ့သို့ပင် ယူဆထား၏။

သို့သော် ထိုညသန်းခေါင်ယံအချိန်တွင် ဖခင်ကြီးသည်မထင်မှတ်ဘဲ အိမ်သို့ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်ရှိလာ၏။

ဖခင်ကြီး၏ အဝတ်အစားတို့မှာလည်း ညစ်ပတ်စုတ်ချာနေ၏။ စိတ်အခြေအနေတလည်း ပိုမို၍ဆိုးရွားလာသည်လား မသိချေ။ ရွာမှထွက်မသွားခင်အထိ စကားကိုလေးလုံးကွဲအောင် မပြောသော်လည်း ယခုတော့ ပါးစပ်မှ တောင်စဉ်ရေမရ ပြောဆိုနေချေပြီ။

မည်သို့ပင်ဖြစ်စေ မကြေးမုံတို့ သားအမိအတွက် သေသူပြန်ရှင်လာသလို၊ ဝမ်းသာလုံးဆို့သွားကြ၏။





ဖခင်ကြီးသည် အိမ်သို့ရောက်လျှင်ရောက်ခြင်း လွန်စွာဆာလောင်လာဟန်ဖြင့် မကြေးမုံပြင်ဆင်ကျွေးမွေးသည်တို့ကို မြိန်ရှက်စွာ စားသောက်ပြီး ပြောင်းဖူးဖက်ဆေးလိပ်တိုကိုဖွာကာ

*"သမီးတော်ကလေး၊ ဒီနားကိုလာစမ်း၊ အမေ ဘုရင်ကြီးပြောစရာရှိတယ်"*

ဟုမကြေးမုံကို လက်ယပ်ခေါ်လေ၏။

ယခင်ကလည်း ဖခင်ကြီးသည် မကြေးမုံကိုထိုသို့ မကြာခဏ ပြောဆိုခေါ်ဝေါ်ခဲ့ဖူး၏။

မကြေးမုံသည် ဖခင်အနီးသို့ရောက်လာသော်လည်း ဖခင်ကြီးက ဘာမျှမပြောဘဲ ကောင်းကင်သို့မော့ကြည့်ကာ တိတ်ဆိတ် ငြိမ်သက်နေပြီး အတန်ကြာမှ ဘာကြောင့်မှန်းမသိ အသံဝါဝါကြီးဖြင့် အော်ဟစ်ရယ်မောကာ

*"ဟားဟားဟား... အခု အဖေဘုရင်ကြီးရဲ့ ရွှေနန်းတော်ကြီးကို ရန်သူတွေဝိုင်းနေပြီ၊ အဖေဘုရင်ကြီးက အဲဒီရန်သူတွေကို ဟောဒီက လက်တစ်ဖက်တည်းနဲ့ ချုပ်ညှပ်ပြီး ချေမှုန်းလိုက်တယ်၊ ဒါပေမဲ့ ရန်သူ နည်းနည်းကလေး ကျန်သေးတယ်၊ သမီးတော်က အဖေဘုရင်ကြီးရဲ့ မြင်းဖြူကိုစီးပြီး ရန်သူတွေကို မြန်မြန်သွားနှိမ်နင်းပါ"*

ဟုနိုင်းစေလေ၏။

ထိုအခါ မကြေးမုံကလည်း အလိုက်သင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



"အရှေ့နန်းတော်ကြီးက ဒီအိမ်မဟုတ်ဘူးလား"

ဟုမေးမြန်းလေရာ ဖခင်က တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ပြီး မျက်နှာကိုရှုံ့မဲ့၍

"ဒီလို စုတ်စုတ်နုတ်နုတ် ဘယ်ဟုတ်လိမ့်မလဲ"

ဟုအဖြေပေးလေ၏။

မိခင်က ပြုံးလိုက်ပြီး

"မကြေးမုံ၊ နင့်အဖေတော့ ဒီတစ်ခါက်ပြန်လာပြီး ဘုရင်ရူး ရူးနေပြီထင်တယ်"

ဟုဝင်၍ပြောလေရာ ဖခင်က ပြူးကြောင်ကြောင်မျက်လုံးဖြင့် မိခင်ကို စိုက်ကြည့်ကာ

"အထိန်းတော်ကြီး ကောင်းကောင်းစဉ်းစားစမ်း"

ဟုအမိန့်ပေးလေ၏။

မကြေးမုံမှာထိုအဖြစ်ကြောင့် တခစ်ခစ်ရယ်မောလိုက်ပြီး

"ကဲပါ အဖေဘုရင်ကြီးရယ်၊ ထမင်းလည်းစားပြီးပြီ၊ အိပ်ပေတော့နော်"

ဟုချော့မော့နှစ်သိမ့်လေရာ ဖခင်ကြီးက

"အဖေဘုရင်ကြီးရဲ့ ရွှေနန်းတော်ကို စိတ်မချဘူး၊ အိပ်နေတုန်း ရန်သူတွေရောက်လာလိမ့်မယ်၊ သမီးတော် မြင်းဖြူကြီးစီးပြီး မြန်မြန်သွားပါ၊ ရွှေနန်းတော်ရှေ့မှာ





ရန်သူတွေမလာနိုင်အောင် ငုတ်တုတ်ထိုင်စောင့်နေပေတော့၊ ဟောဒီမှာရွှေနန်းတော်ကိုသွားဖို့မြေပုံရှိတယ်"

ဟုပြောဆိုလေ၏။

ပြီးလျှင်ဖခင်ကြီးသည် ညစ်ပေ၍အပြဲအစုတ်တို့ ဗရပွရှိသည့် ပင်နီတိုက်ပုံအင်္ကျီအတွင်းအိတ်ထဲ လက်နှိုက်ကာ၊ အဝတ်စုတ်တစ်စဖြင့် ထုတ်ထားသောအထုပ်တစ်ထုပ်ကို မကြေးမုံအားပေး၍

ထိုနေရာတွင်ပင် ခိုးလိုးပက်လက်ကြီးအိပ်ပျော်သွားတော့၏။ ထိုသို့အိပ်ပျော်သွားသည်မှာ ဖခင်ကြီးအတွက်မည်သည့်အခါမျှပြန်လည်နိုးထလာခြင်းမရှိတော့ဘဲ မနိုးသောအိပ်ခြင်းပင်ဖြစ်ခဲ့တော့၏။

နံနက်မိုးလင်းလျှင် မကြေးမုံတို့သားအမိသည် ၎င်းကိုထိုနေရာ၌ပင်အသက်ကင်းမဲ့နေသည်ကို တွေ့လိုက်ကြရလေ၏။ ထိုအဖြစ်အပျက်မှာ သူတို့ရွာကလေးတွင် ပြောစမှတ်တွင်စရာဖြစ်သွား၏။

မကြေးမုံ၏မိခင်ကဖခင်ကိုမြေမြှုပ်သင်္ဂြိုဟ်ပြီးသောအခါ မြေပုံမို့မို့ရှေ့တွင်ရပ်၍

"ဘာပဲဖြစ်ဖြစ်၊ ရှင့်ကို တစ်နယ်တစ်ကျေးမှာ သေမှန်းရှင်မှန်းမသိရဘဲ၊ ကျွန်မတို့သားအမိ စိုးရိမ်ပူပန်နေရတာနဲ့စာရင် စိတ်ဖောက်ပြန်နေတဲ့ကြားက အိမ်ကို အရောက်ပြန်လာပြီး ခေါင်းချနိုင်ခဲ့တာ တစ်မျိုးတော့ ကောင်းတာပဲ၊ လူမစွမ်းနတ်မဆိုသလို ဒါဟာ နတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



*နတ်မြတ်တွေက ကြည့်ရှုစောင့်မပြီး အိမ်အရောက်ပြန်ပို့ပေးလိုက်တာဖြစ်မယ်”*

ဟုပြောဆိုနေလေ၏။

ဤသို့ဖြင့်မကြေးမုံတို့သားအမိသည် ကွယ်လွန်သွားသူအတွက် ရက်လည်ဆွမ်းသွပ်၍ ရေစက်ချအမျှအတန်းဝေပြီးသောအခါ မကြေးမုံသည် ဖခင်ကြီးမသေခင် ပေးခဲ့သည့်အဝတ်စဖြင့်ထုတ်ပိုးထားသော အထုတ်ကလေးကိုဖျတ်ခနဲသတိရမိ၏။

ထိုအခါ သူမသည် ထိုအထုပ်ကလေးကို သံသေတ္တာဟောင်းကလေးထဲမှယူပြီး

*“ဒါတွေက လမ်းဘေးက ကောက်ယူလာတဲ့ အမှိုက်ပဲ၊ တန်ဖိုးရှိတဲ့ ပစ္စည်းတွေဖြစ်မှာပါ၊ ဒါပေမဲ့ အဖေပေးခဲ့တဲ့ပစ္စည်းတွေပဲ၊ ငါ့အတွက်တော့ ဘယ်အရာနဲ့မှ မလဲနိုင်တဲ့ အဖိုးတန်ပစ္စည်းတွေပဲ၊ ဟုတ်တယ်၊ အဖေ့ရဲ့ အမွေကို အမှတ်တရအနေနဲ့ သိမ်းဆည်းထားရမယ်”*

ဟုရေရွတ်လိုက်ပြီး အထုပ်ကိုဖြေလေတော့၏။

အဝတ်စအထုတ်ကို တင်းကျပ်စွာ ချည်နှောင်ထားသောကြောင့် ခက်ခက်ခဲခဲပင် ဖြေရလေ၏။

ထိုအခါအတွင်းမှနေ၍ လမ်းဘေးမှ ကောက်ယူလာဟန်ရှိသော ကြေးပြားကလေးများ၊ ရောင်စုံပိတ်စ အတိုအထွာကလေးများနှင့်





လက်တစ်ဝါးခန့် သစ်သားပြားနှစ်ချပ်ကိုပူး၍ ကြိုးတစ်စဖြင့်တုတ်နှောင်ထားသည်ကိုတွေ့ရလေ၏။

မကြေးမုံက ထိုပစ္စည်းများကို တွေတွေကြီးစိုက်ကြည့်ကာ

*“စိတ်ဖောက်ပြန်နေတဲ့ လူအတွက် ဒီလိုစွဲမိစွဲရာ ပစ္စည်းကလေးတွေကိုတန်ဖိုးရှိတယ်လို့ သတ်မှတ်ပြီး သေသေချာချာသိမ်းဆည်းထားကြတာပဲ၊ ဒါဟာလေးဘာပဲ၊ သူတို့အတွက်တော့ ယောဘဆိုတာကရှိသေးတယ်”*

ဟုတစ်ကိုယ်တည်းပြောဆိုကာ ဆက်လက်၍ သစ်သားပြားနှစ်ချပ်ကိုတုတ်နှောင်ထားသည့် ကြိုးကိုဖြေလိုက်ပြန်၏။

သစ်သားပြားနှစ်ချပ် ကြားတွင် စာရွက်ကလေးတစ်ရွက်က အပြန့်လိုက်ညှပ်လျက်သားရှိနေ၏။

ထိုအခါမှပင် မကြေးမုံက ပါးစပ်ကလေး အဟောင်းသားဖြစ်ကာ

*“အဖေက ငါ့ကိုရွှေနန်းတော်ကိုသွားဖို့ မြေပုံဆိုပြီး ပေးခဲ့တာ ဒါပဲဖြစ်မယ်၊ စာရွက်ကလေးထဲမှာ ကွေ့ကွေ့ ကောက်ကောက်မျဉ်းကြောင်းတွေ အမှတ်အသားတွေနဲ့ ပြီးတော့ဒီစာရွက် ဆုတ်ဖြဲထားတဲ့ ပုံစံလည်းရှိတယ်၊ ဒါဟာမြေပုံတစ်ခုဆိုရင် အပိုင်းပိုင်းဖြစ်အောင် ဆုတ်ဖြဲထားတဲ့မြေပုံပေါ့”*

ဟုဆိုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာရွက်၏ ဘယ်ဘက်ထောင့်စွန်းတွင် သေးငယ်၍ပိုင်းစက်ညီညာစွာရေးသားထားသည့် စာတစ်ကြောင်းကို လည်းဖတ်ရှုလိုက်ကာ အကြိမ်ကြိမ်ရေရွတ်နေမိလေတော့၏။

"ကိုးဆောင်ကျောင်း ကိုးဆောင်ကျောင်း ကိုးဆောင်ကျောင်း"

❀❀❀

ပန်းအိစံ ကွန်ပျူတာ
အမှတ်(၇) [illegible]





တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်းရှိ လှပ်စွာရေစီးသန်သော တောင်ကျချောင်းကလေးအတွင်း ချောင်းရေစီးနှင့်အတူ လှုနစ်မျောက်သည့် လှေငယ်ကလေးတစ်စင်းကိုပို၍မြန်သည်ထက် မြန်စေရန်အားစိုက်လှော်ခတ်လျက်ရှိလေ၏။

သူတို့နှစ်ဦးသည် လှော်ခတ်လာရင်း လှေဦးပိုင်းရှိလူက နောက်သို့ လှည့်ကြည့်ကာ မျက်လုံးပြူးကျယ်သွားပြီး

"ကြက်တော၊ ချောင်းရေမှာတို့ရဲ့မိတ်ဆွေကြီးရော ပေါ်လာကြပြီ"

ဟုအော်ဟစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်တောက အံကြိတ်ပြီးလှေကို ရေစီးနှင့်တိမ်းမှောက်မသွားအောင်ရုန်းကန်ရင်း ခေါ်ရုန်းရစိုက်ကာ လှေဦးမှလူကို

*"ဟောကောင် ဖျောက်ဆိပ်၊ လှေလှော်မှာသာ လှော်စမ်းကွာ၊ အဲဒီလို မင်းခဏခဏလှည့်ကြည့်နေရုံနဲ့ မင်းဘိုးအေတွေလက်က လွတ်မှာမဟုတ်ဘူး"*

ဟုအော်ဟစ်လိုက်လေ၏။

သို့သော်ဖျောက်ဆိပ်က လှေကိုမလှော်တတ်လှော်တတ်နှင့် ကိုးရိုးကားရားလှော်ခတ်ကာ၊

*"ဟား ဟား… ငက်မသိတော့ဆက်ရက်ချိုးထင်၊ အချက်မသိတော့ သမက်သခိုးထင်ဆိုတာ ဒါမျိုးပေါ့ကွ၊ ဒီတစ်ချီတော့ ဖျောက်ဆိပ်တို့ရှုပါးပုလင်းထိပြီ"*

ဟုအော်ဟစ်ရယ်မောလိုက်လေ၏။

သူတို့၏နောက်မလှမ်းမကမ်းတွင် ချောင်းရိုးအတိုင်းတုတ်ဓား လက်နက်များကို ကိုင်ဆောင်ထားသူများက လှေသုံးစင်းနှင့် ညာသံပေး၍ လိုက်ပါလာကြ၏။

ထိုသို့လိုက်ပါလာကြရင်း လှေတစ်စင်းသည် ချောင်းရေစီးနှင့် မျောပါနေသည့် သစ်လုံးပိုင်းကြီးဂ၀ ရှောင်တိမ်းရင်း တိမ်း၍မှောက်သွားလေ၏။

ထိုအဖြစ်ကိုမြင်လိုက်ရသော ဖျောက်ဆိပ်က ဝမ်းသာအားရဖြင့်





လှော်တက်ကိုမြှောက်ကာ

*"ဟိုလူတွေတော့ သူ့စရိုက်နဲ့သူသွားပြီဟေ့"*

ဟုအသံသေးအသံကြောင်ဖြင့်အော်ဟစ်လိုက်ပြန်၏။

နောက်မှလှေအုပ်စုသည် မှောက်သွားသည့် လှေမှလူများကို ကယ်တင်ရန် လှေတစ်စင်းချန်ရစ်၍ ကျန်လှေများက ဆက်လက်လိုက်ပါလာကြ၏။

သို့သော်သူတို့သည် ရှေ့မှလှေနှင့်အတော်အတန်အလှမ်းဝေးသွားပြီဖြစ်၏။

ဖျောက်ဆိပ်သည် နောက်မှလှေများ၏ အရိပ်အယောင်ကို မမြင်ရသောကြောင့် ညနေစောင်းနေဝင်ဆည်းဆာ၏အလှကို သတိပြုမိဟန်ဖြင့် သဘောကျ၍ပြေးလွှားနေရသည့်ကြားမှပင်

*"တောင်တောရယ်သာ၊ မာလာကင်ပွန်း၊ တစ်ပင်ကို တစ်ပင်ယှက်တယ်၊ ကျေးငှက်ကမြူး"*

ဟူ၍ မည်သို့မျှနားထောင်၍ မကောင်းသည့်အသံဖြင့် သီချင်းတစာစာရှိနေလေတော့၏။ ထိုအချိန်၌ ကြက်တောသည် လှေကိုငံ့၍ ဂရုစိုက်ရ၏။

နောက်မှလှေတစ်စီးသည်ပင် သစ်လုံးပိုင်းတစ်ခုကြောင့် တိမ်းမှောက်သွားရပြီမဟုတ်ပါလား။

ဖျောက်ဆိပ်မှာမူ ချောင်းထဲတွင် လေညှင်းခံရင်း လှေထွက်လာသူ

www.burmeseclassic.com

www.burmeseclassic.com



လိုသာ ရှိလေ၏။

ကြက်တောသည် လှေကိုပဲ့ကိုင်နေရာမှ ချောင်းကွေ့တစ်ခုအနီး သို့ရောက်လျှင်

*"ဖျောက်ဆိပ်သိပ်ပြီးမြူးမနေနဲ့၊ ငါတို့လည်း ကိုယ့်*

*စရိတ်နဲ့ကိုယ် သွားနေရလိမ့်မယ်၊ မျက်စိရှင်ရှင်ထားပါ"*

ဟုသတိပေးသံမဆုံးမီ ချောင်းကွေ့သို့ရောက်ရှိလာကာ ကမ်းစပ်မှ ထိုး၍ ထွက်နေသည့် သစ်ကိုင်းကြီးက ဖျောက်ဆိပ်ကို ရေထဲသို့ ထိုးကျသွားစေ၏။

ဖျောက်ဆိပ်မှာ သစ်ကိုင်းကြီးနှင့်ရိုက်ခတ်မိသောကြောင့်မသက် မသာခံစားလိုက်ရ၏။

သူသည် ရေထဲသို့ထိုး၍ အရှိန်ဖြင့်နစ်မြုပ်သွားရာမှ ယက်ကန် ယက်ကန်ဖြင့် မြန်ပေါ်လာပြီး ကြက်တောကို ရှာဖွေလိုက်မိ၏။ ကြက်တော သည် သူနှင့်မျက်စိတမှိတ်၌ပင် လျှင်မြန်စွာ ဝေးကွာသွား၏။

ထို့နောက် ကြက်တော၏လှေသည် ဝဲအတွင်းသို့ရောက်ရှိသွားပြီး လှေတစ်ခြားလှေတစ် ခြားဖြစ်သွားသည်ကိုတွေ့လိုက်ရ၏။

ထိုအခါ ဖျောက်ဆိပ်သည် ရေစီးအတွင်းကိုယ်ကိုဖော့၍ ထားကာ

*"သွားပြီ.. ကြက်တောလည်းလှေမှောက်ပြီ၊*

*တောင်မင်းကို မြောက်မင်းမကယ်နိုင်ဖြစ်ပြီ"*

ဟုစိတ်ပျက်လက်ပျက်ညည်းညူလိုက်ပြီး ရုတ်တရက်ပင်။



ချောင်းကွေ့တွင်နောက်မှ လှေများသွားခနဲလှော်ခတ်လာသည်ကို မြင် တွေ့လိုက်ရသောကြောင့် မျက်လုံးအဆမတန်ပြူးကျယ်သွားတော့၏။

ကြက်တောက သူနှင့်လျှင်မြန်စွာဝေးကွာသွား၏။ နောက်မှလှေမှာ လည်းဆင်မြန်စွာနီးကပ်လာကြ၏။

သူ့အတွက်ဤပုံအတိုင်းဆိုလျှင် လွတ်လမ်း မမြင်တော့ပေ။

ထိုအချိန်၌ကြက်တောသည် လှေတိမ်းမှောက်ပြီး လွင့်စင်သွားကာ ဝဲအတွင်းမှလွတ်မြောက်ရန် အားကုန်ကူးခတ်လေ၏။

သူ့လိုရေထဲတွင် ကျင်လည်မှုသူအဖို့ ထိုကိစ္စသည် ထမင်းစား ရေသောက်မျှသာဖြစ်၏။

ကြက်တောမှာထိုသို့ရှိနေရင်း ဖျောက်ဆိပ်ကို ဝန်းရံမိကြပေပြီ။ ထိုအခါ ကြက်တောလည်း မိမိလွတ်မြောက်မှုအတွက် ကြိုးစားကာ ကမ်းစပ်နှင့်နီးနိုင်သမျှနီးကပ်စေရန် အားကုန်ကူးခတ်လိုက်တော့၏။

နောက်မှလှေများသည် ဖျောက်ဆိပ်ကိုဖမ်းဆီးပြီးလျှင်၊ အချိန်မ ဆိုင်းပဲကြက်တောထံ လျှင်မြန်စွာ လှော်ခတ်လာကြ၏။

၄င်းတို့နှင့် လွန်စွာနီးကပ်လာချိန်၌ ကြက်တောသည် ကမ်းစပ် သို့ခြေချမိလေ၏။ ထိုအခိုက်လှေတစ်စင်းပေါ်မှ ပစ်လွှတ်လိုက်သည့် လှံရှည် တစ်ချောင်းက ကြက်တောထံဝဲပျံလာ၍။

ကြက်တောသည် ကပျာကယာရှောင်တိမ်းပြီး ရှေ့တောအုပ်ထဲ သို့ပြေးလွှားဝင်ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခွေးလေးမြီးတံတစ်ချောင်းက သူ့နံဘေးမှ ငိုးခနဲဖြတ်၍ သစ်ဝင်တစ်ခုတွင် ဝင်ခွဲနေပြန်၏။

ကြက်တောသည် တောချုံထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလျှင် ဘာကြောင့်မှန်းမသိနောက်မှလူများသည် ကမ်းထက်သို့တက်၍ လိုက်မလာကြတော့ချေ။

၄င်းတို့သည်ထိုနေရာမှနေ၍ ရေဆန်ခရီးအတိုင်း နောက်ကြောင်းပြန်လှည့်သွားကြတော့၏။

ထို့ကြောင့်ကြက်တောသည် မျက်မှောင်ကြုတ်လိုက်ပြီး

*"ဒီလူတွေ ငါ့နောက်ကိုဘာကြောင့် ဆက်မလိုက်တာလဲ၊ အကြောင်းတော့ရှိရမယ်"*

ဟုရေရွတ်မိ၏။

ထိုအကြောင်းကို ကြက်တောသည် မကြာမီတွင် သိရှိသွား၏။ ကြက်တောမှာ တစ်ညတာနီးနားရန်အတွက်တောထဲတွင် တလည်လည်ဖြစ်နေ၏။

သူ့အတွက်လုံခြုံစိတ်ချစွာအိပ်စက်နိုင်ရန် ဟစ်နေရာရှာဖွေနိုင်ရန်အရေးကြီး၏။ မကြာမီတွင် အမှောင်ထုကကျရောက်လာတော့မည်ဖြစ်၏။

ကြက်တောသည် ထိုသို့သွားလာရင်းမှ လူတစ်စု၏ စကားပြောသံသဲ့သဲ့ကို ကြားလိုက်မိ၏။





ထိုအခါ ကြက်တောသည် မိတ်ဆွေရန်သူ ကွဲပြားစွာမသိသေးခင် ထိုသူများကို ဦးစွာလေ့လာရန် လိုအပ်သောကြောင့် ပုန်းလျှိုးကွယ်လျှိုးဖြင့် လူသံများကြားရာသို့ ချဉ်းကပ်လာခဲ့၏။

ကညင်ပင်ကြီးတစ်ပင်အောက်တွင် လူတစ်စုသည် ဝိုင်းဖွဲ့လျက်ရှိ၏။

ကညင်ပင်ကြီး အခြေတွင်စင်ကလေးထိုးထားသည့် နတ်ကွန်းလိုအဆောက်အဦကလေးကိုလည်း တွေ့ရ၏။ ကြက်တောသည် ထိုသူများကို ကြည့်ပြီး

*"ဒီလူတွေ ဓားပြတိုက်ဖို့ လူစုနေကြတာပါလား"*

ဟု ရေရွတ်မိ၏။

ထိုတောတွင် ဓားပြများ ခိုအောင်းနေတတ် သည်ကို သိသောကြောင့် နောက်မှလိုက်ပါလာသောသူများအား မိမိကိုဆက်၍ မလိုက်တော့ဘဲ ရှောင်လိုက်ခြင်းဖြစ်ရပေမည်။

တစ်နည်းအားဖြင့် ဓားပြများလက်တွင် မိမိဒုက္ခတွေ့စေရန် ထားခဲ့ခြင်းသာဖြစ်နိုင်၏။

နတ်ကွန်းကလေးရှေ့တွင် သူတို့၏လက်နက်များကို စုပုံ၍ ထားလေ၏။

၄င်းတို့သည် နတ်ကွန်းအနီးတွင် မီးတုတ်များထွန်းညှိပြီး အသင့်ပါသောသည့် ကြက်ကြော်၊ လက်ဖက်၊ ကွမ်း၊ ဆေး အစရှိသည်တို့ကို နတ်

www.burmeseclassic.com

www.burmeseclassic.com



လွန်းထက်တွင် ပူဇော်ပသပြီး ဓားပြတစ်ယောက်က

*"အရှင်ကြီး၊ အရှင်မြတ်တို့ရဲ့ မစမှုကြောင့် သားတော်ကလေးတို့ ဒီတောထဲမှာ အန္တရာယ်ကင်းကင်းနဲ့ ရှိအောင်းနေနိုင်တာပါ၊ အခုသားတော်ကလေးတို့ရဲ့ ဝမ်းရေးအတွက် ငွေရှာထွက်ရပါဦးမယ်၊ အရှင်ကြီး အရှင်မြတ်တွေကိုလည်း ပူဇော်ပါတယ်၊ သားတော်ကလေးတို့ကိုလည်း စောင့်ရှောက်တော်မူပါ"*

ဟုအော်ဟစ်လိုက်လေ၏။ ထိုအခါ နောက်တစ်ယောက်ကလည်း

*"သားတော်ကလေးကတော့ ငွေမရှရင်နေပါစေ၊ သားတော်ကလေးရဲ့အရက်ကိုခွဲခဲ့တဲ့ ကမ်းသာရွာသူကြီး ဦးဖိုးထောင်ကြီးရဲ့ နှုတ်ခမ်းမွေးတွေကို တစ်ပင်ခြင်း နုတ်ရရင် ကျေနပ်ပါတယ်၊ သူကြီးသမီးတွေဖြစ်တဲ့ အေးနွဲ့ အေးရှရဲ့ ပါးကလေးတွေကိုလည်း တစ်ခါစီလောက် နမ်းချင်ပါသေးတယ်၊ အဲဒီကိစ္စတွေ အခုည အကောင်အထည် ဖော်နိုင်အောင် ဆောင်မတော်မူပါခင်ဗျား"*

ဟုဝင်၍ အပိုဆုကိုတောင်းလေ၏။

ကြက်တောသည် ကမ်းသာ ရွာသူကြီးဟူသော အသံကိုကြားလျှင် စိတ်ဝင်တစားဖြစ်ကာ နားစွင့် နေလေ၏။ သူသည်ကမ်းသာရွာ ကျောင်းစွာသိရှိ၏။





အဘယ်ကြောင့်ဆိုသော် မကြာခင်က ဖျောက်ဆိပ်၏ကောင်းမှုဖြင့် ထိုရွာမှခွေးပြေးဝက်ပြေး ပြေးခဲ့ရသည်မဟုတ်ပါလား။

ထို့နောက် ဓားပြများသည် အရှင်ကြီး၊ အရှင်ကောင်းများကို ပြောဆိုဆုတောင်းပြီးနောက် ထိုနေရာမှ ထွက်ခွာသွားကြလေ၏။

ထိုအခါ ကြက်တောသည် နတ်ကွန်းအနီးသို့တိုးကပ်လာပြီး ရှိရှိသေသေပင် ဦးညွှတ်ကာ

*"အရှင်ကြီး၊ အရှင်မြတ်များ ခင်ဗျား၊ သားတော်ကလေးလည်း အခုလောလောဆယ် ဝမ်းရေးအတွက် ဒုက္ခရောက်နေပါတယ်၊ အရှင်ကြီးတို့ရဲ့ စားတော်ပွဲအကျန်ကို သနားငဲ့ညှာစွာ စွန့်ကြဲတော်မူကြပါ၊ သားတော်ကလေးကလည်း အရှင်ကြီးတို့ကိုယ်စား ရှေ့ကထွက်သွားနှင့်တဲ့ သားတော်ကြီးတို့ကို ကူညီစောင့်ရှောက်ပေးပါမယ်ခင်ဗျား"*

ဟုဆိုကာ ကြက်ကောင်လုံးကြော်ကို စွန့်လိုက်လေ၏။

ပြီးလျှင် ကြက်တောသည် အရှင်ကြီးများကို ပေးထားသည့်ကတိအတိုင်း ကြက်ကြော်ကို မြိန်ယှက်စွာ စားသောက်ရင်း ဓားပြများနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



၇

ဖျောက်ဆိပ်သည် ရွာလယ်ရှိ သူကြီး၏ခြေတံရှည်အိမ်ကြီးအောက်တွင် ကောင်းစွာစံမြန်းလျက်ရှိ၏။

သူသည် ခြေထောက်နှစ်ဘက်စလုံး ထိတ်တုံးခတ်၍ထားသည့်အပြင်၊ လက်နှစ်ဘက်ကလည်း နောက်မှတိုင်တစ်တိုင်နှင့် လက်ပြန်ကြိုးတုပ်ခြင်း ခံထားရ၏။

ဖျောက်ဆိပ်သည် ခြင်ကိုက်၍ မကုတ်နိုင်ဖြစ်နေ၏။ တစ်ကိုယ်လုံး ကြွက်စုတ်ရေနစ်ထားသလို ရေများ့ရွဲစိုကာ နိုက်နိုက်တုန်နေ၏။

ဝမ်းဗိုက်ကလည်း ဆာလောင်မှုကြောင့် တကြုတ်ကြုတ်မြည်နေသည်မှာ သူ၏နားထဲတွင် မီးရထားခုတ်မောင်းသံလို ဆူညံလှသည်ဟုထင်မိ၏။





ထို့ကြောင့်ပင် ဖျောက်ဆိပ်၏မျက်နှာသည် မြင်မကောင်းအောင်ရှုံ့တွနေလေတော့၏။

သို့သော်သူသည် ထိုအတိုင်းငြိမ်၍ နေမည့်သူမဟုတ်ပါချေ။ သူ၏အသံသေးအသံကြောင်ဖြင့်

*"ဟေ့ရွာတွေ၊ ကျုပ်ကို ဒီအတိုင်းထားကြတော့မှာလား၊ ချမ်းလွန်းလို့ စောင်တစ်ထည်လောက်ပေးစမ်းပါ၊ ခြေထောက်တွေလည်း ညောင်းနေပြီ၊ ကျုပ်ရဲ့ခြေထောက်နုနုနယ်နယ်လေးတွေတော့ ပွန်းပဲ့ကုန်ပါပြီ၊ ဒီလောက်ခြင်တွေကိုက်နေတာ လက်ကကြိုးကလေးတွေတော့ ဖြည်ပေးသင့်တယ်၊ ခြင်ကိုက်ရင် ငှက်ဖျားရောဂါဖြစ်တတ်တယ်ဆိုတာ ခင်ဗျားတို့ ဗဟုသုတ မရှိကြဘူးလား၊ ကျုပ်ဗိုက်ထဲကိုလည်း အစားအသောက် မရောက်တာ တော်တော်ကြာနေပြီ၊ ကြက်သားကို ရေပ်သီးစိမ်းကလေး ဘူးသီးနုနုလေးရောပြီး ကာလသားချက်ကလေးချက်ပြီး ရှည်ပေါင်ကြော်ကလေးနဲ့ ထမင်းကျွေးကြစမ်းပါ"*

ဟုအော်ဟစ်နေလေတော့၏။

သို့သော် သူ၏ဒုက္ခကို မည်သူမျှ စာနာဟန်မရှိချေ။ ရွာတွင်းနှိုက်ကလေးများမှာမူ ဖျောက်ပွဲကြည့်နေရသည်ဟုထင်မှတ်ပြီး အနီးတွင်ဝိုင်းအုံနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပေါ်ထပ်တွင် သူကြီး၏မိသားစုနှင့်အတူ ရွာသားအချို့ ရှိနေကြ၏။

အတန်ကြာမှပင် သူကြီးသည် ဖျောက်ဆိပ်ထံရောက်လာပြီး ရှေ့တည့်တည့်မှ ခါးထောက်၍ရပ်ကာ

*"ဟေ့ကောင် . . . ဘာတွေအော်နေတာလဲ၊ မင်းကို ရေခောင်မတိုက်ဘူး၊ ပုလိပ်လက်ထဲကို အပ်ရမယ်၊ ငါ့ရဲ့ဆက်သားတစ်ယောက် မြို့က ပုလိပ်ဌာနကို သွားပြီ စာပြတစ်ယောက် ဖမ်းမိထားတယ်ဆိုပြီး သတင်း သွားပို့ နေပြီ၊ သန်းခေါင်ကျော်ရင် ရောက်လာကြလိမ့်မယ်၊ မင်းတို့ လုပ်ခဲ့တဲ့ပြစ်မှုအတွက် ဒီလောက်နဲ့ ကျေအေးလိုက်တာ သက်သာတယ်မှတ်ပါ၊ ဟိုတစ်ကောင်လည်း စာပြလူဆိုး တွေ နိုအောင်းတတ်တဲ့တောထဲကို လူမသိ သူမသိနဲ့ ထွက်ပြေးပြီ၊ အခုအချိန်ဆိုရင် စာပြတွေနဲ့တွေ့လို့ မှတ်လောက် သားလောက်ဖြင့်နေလောက်ပြီ"*

ဟုပြောလေ၏။

ထို့နောက် သူကြီးသည် အနီးရှိ ကလေးငယ်များ ကို ဝါးစိမ်းတုတ်တစ်ယောက်တစ်ချောင်းစီပေးကာ ဖျောက်ဆိပ်ထံညွှန်ပြပြီး

*"အဲဒီလူဆိုးက အသံတစ်သံထွက်လာတာနဲ့ မင်းတို့ လက်ထဲကတုတ်တွေနဲ့ တစ်ယောက်တစ်ချက် ပိုင်းရိုက်ကြ ပေတော့၊ မင်းတို့ကို မုန့်ဖိုးကောင်းကောင်းပေးမယ်"*

ဟုအမိန့်ပေးလိုက်လေ၏။

ဖျောက်ဆိပ်သည် ထိုအခါမှပင် မျက်လုံးပြူးကျယ်သွားတော့၏။ သူသည် ပါးစပ်ပင်မဟရဲအောင်ရှိလေ၏။

ကလေးငယ်များက လက်စွမ်းပြရန် သူ့အနီးတွင် တုတ်ဓာပြင်ပြင် ဖြစ်နေချေပြီ။ ထို့ကြောင့်ပင် ဖျောက်ဆိပ်သည် အသံမထွက်ရဲသော်လည်း အတွေးထဲမှ

*"ကြက်တောရေ၊ ငါ့အဖြစ်ကို လာကြည့်ရှုညှပ်ပါဦး၊ မင်းရော့ည်း ငါ့ကိုလာကြည့်ဖို့ နေနေသာသာ စာပြတွေ ကြားထဲမှာ ဖွတ်ဖွတ်ညက်ညက် ကြေလောက်ပြီထင်ပါရဲ့"*

ဟုသူ၏မိတ်ဆွေကြီးကို တမ်းတမိ၏။

တစ်ဆက်တည်းပင် ထိုအမှု ဖြစ်ပွားရခြင်း၏ လက်သည်တရားခံစစ်ဖြစ်သည့် ကမ်းသာရွာနှင့် မဝေးလှသော ချောင်းတစ်ဘက်ကင် မျက်စောင်းထိုးရှိ ချောင်းဝရွာမှ လယ်ပိုင်ရှင်သားများဖြစ်ကြသော အောင်မြနှင့် အောင်လှညီအစ်ကိုနှစ်ယောက်ကို မြင်ယောင်မိပြန်၏။

ထိုအခါ ဖျောက်ဆိပ်သည် ရင်ထဲမှပင်

*"အင်း . . . မင်းတို့နှစ်ယောက်ကတော့ အခုအချိန်ဆိုရင် နတ်ပြည်ရောက်နေသလို တစ်ယောက်ကို မဒီကညာ ကလေးတစ်ပါးစီနဲ့ စည်းစိမ်ခံနေလောက်ပြီပေါ့၊ မင်းတို့*





www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်ကြီးအဖြစ်ကို လာကြည့်ရှုညှိကြပါဦး''

ဟုတမ်းတလိုက်ပြန်၏။

လယ်ပိုင်ရှင်သားနှစ်ယောက်၏ မဒီကညာနှစ်ပါးသည် သူကြီး၏ သမီးများဖြစ်ကြသော အေးနုနှင့်အေးစုတို့ ဖြစ်ကြကုန်၏။

ဖျောက်ဆိပ်သည် ခေါင်းထဲတွင် ကြက်တောနှင့် မိတ်ဆွေဖြစ်သည့်မှအစပြု၍ ယခုထိစ်တုံးအခက်ခံနေရသည်အထိ အဖြစ်အပျက်များက စီကာစဉ်ကာ ပေါ်လာပြီး အတွေးရေယာဉ်ကြောတွင် မျောပါသွားလေ၏။

ထိုစဉ်က သူသည် ဧရာဝတီမြစ်ကမ်း နဘေးရှိ တောင်ခြေရွာကလေးတစ်ရွာသို့ အမှတ်မထင်ရောက်ရှိခဲ့ရာမှ တစ်ရွာလုံး ဝမ်းရောဂါဖြစ်ပွားနေသည်ကိုတွေ့ရှိပြီး မြို့သို့ခေါ်ကာ ဆေးကုသပေးခဲ့၏။

ရွာသားများ ကောင်းစွာကျန်းမာလာလျှင် ကုလားဆရာဝန်ကြီးအိမ်မှ ထိုသူများကို အကြိအဖန်လုပ်၍ ခေါ်ထုတ်ခဲ့၏။

ထိုသူများနှင့်အတူ ကြက်တောကိုပါ ခေါ်ဆောင်လာခဲ့ရာ မကြာမီတွင် သူနှင့်ကြက်တော ငယ်ပေါင်းကြီးဖော်ပမာ ရင်းနှီးသွားတော့၏။

သူတို့နှစ်ဦး ထိုရွာကလေးတွင် ရက်အတန်ကြာမျှ နေထိုင်ခဲ့ကြ၏။ ထိုအချိန်တွင် တစ်ယောက်၏အကြောင်းကို တစ်ယောက်က ကောင်းစွာသိရှိနေကြပြီဖြစ်၏။

ဖျောက်ဆိပ်တာ ကြက်တော၏ လှေကြီးအပိုင်စီးပုံကို နားထောင်ပြီး သဘောကျလျှက်





''ကြက်တော မင်းက လှေကြီးကို အပိုင်စီးပြီး နောက်ဆုံးမှာ ကုန်တွေကော၊ လှေကော ရောင်းချပြီး ရတဲ့ငွေတွေ လှေထိုးသားတွေကို အကုန်ခွဲပေးလိုက်တယ် မဟုတ်လား၊ လှေသူကြီးက မင်းတို့ကို အခဲကျေမှာ မဟုတ်ဘူး၊ ပုလိပ်တွေ ဘာတွေတိုင်တော့မှာပေါ့၊ မင်းကတော့ ကိစ္စမရှိပါဘူး။ ကျန်တဲ့သူတွေ ဘယ်လိုရှိကြလဲ''

ဟုမေးမြန်းလေရာ ကြက်တောက

''အဲဒါအားလုံး ဝိဝိရိရိ စီစဉ်ချင်လို့ ဦးရွှေတောင်ကြီးရဲ့လှေမှာ (၃)နှစ်လောက် ကျွန်ခံခဲ့တာပေါ့၊ ငါသိရသလောက် လှေထိုးသားတွေအားလုံးဟာ ငါလို တစ်ကောင်ကြွက်တွေချည်းပဲ၊ သူတို့အားလုံး ငွေမြီးမြီး မြက်မြက်ရသွားပြီဆိုတော့ ဦးရွှေတောင်ကြီး လက်လှမ်းမမီနိုင်တဲ့နေရာတွေကို ရှောင်တိမ်းနိုင်လိုက်တယ်၊ တကယ်လို့ မိသွားရင်လည်း သူတို့ဘက်က ဘူးခံပြီး အပြစ်တွေအားလုံး ငါ့အပေါ်ပုံချဖို့ သေသေချာချာ မှာလိုက်တယ်ကွ၊ ငါလည်း ဒီလောက်ပဲတတ်နိုင်တယ်''

ဟုအဖြေပေးလေ၏။

ထိုအခါ ဖျောက်ဆိပ်ကဆက်၍

''ဒါဆိုရင် မင်းကဒီလိုပဲ လျှောက်သွားနေတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထား"

ဟုမေးမြန်းပြန်ရာ ကြက်တောက ခေါင်းရမ်းပြီး

"ဒီလိုတော့ မနေပါဘူး၊ ကြိုရာနေရာမှာ ကြိုတဲ့ အလုပ်ကိုလုပ်ပြီး မြန်မာပြည်အနှံ့ လျှောက်သွားနေတာ၊ ငါ့မှာရည်ရွယ်ချက်တစ်ခုရှိလို့ပါ၊ အဲဒီကိစ္စကို အကောင်အထည်ဖော်ဖို့ တစ်နှစ်တိုင် အချိန်ပေးထားတယ်၊ တစ်နှစ်ပြည့်လို့ ဒီကိစ္စအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ၊ ဒီအလုပ်ကိုရပ်ပြီး တစ်နေရာမှာ အခြေချတော့မယ်၊ ဘာအကြောင်းနဲ့ ဒီလိုသွားလာနေတယ်ဆိုတာတော့ ပြောမပြနိုင်ဘူး၊ မင်းကရော ဘာထူးလို့လဲ၊ ငါ့လိုပဲ နယ်အနှံ့ ခြေဆန့်နေတာပဲမဟုတ်လား၊ ပြီးတော့ မင်းအခုထယ်တင်လိုက်တဲ့ ရွာသားတွေကို ဟိုကုလားဆရာဝန်ကြီး ပြသနေတာဘူး အရေးနောက်ကြောင်းက အေးပါ့မလား"

ဟုဆိုလေ၏။

ထိုအခါ ဖျောက်ဆိပ်က ရယ်မောပြီး

"ဟား ဟား ဟား…… ဆရာဝန်ကြီးက သူ့ဆေးကုသစရိတ်တွေ မရှင်းလို့ စိတ်ဆိုးပြီး ပုလိပ်သွားတိုင်မှာပေါ့ကွာ၊ ဒါပေမဲ့ ဒီလူတွေကို ဘယ်မှာနေမှန်းတောင် သိတာမဟုတ်ဘူး၊ တကယ်လို့ သိသွားရင်လည်း





ငါက တစ်ရွာလုံးကိုမှာထားတယ်၊ မင်းလိုပေါ့ကွာ၊ ငါ့အပေါ်ပဲ ပုံချလိုက်ပေါ့၊ ပြီးတော့ ဒီရွာသားတွေ က မင်းမြင်တဲ့အတိုင်း သဘောကောင်း ငါးရှာတဲ့အလုပ်တွေနဲ့ တောထဲမှာနေကြတဲ့အမျိုးတွေပါကွယ်၊ သူတို့ကို ရှာတွေ့ဖို့ မလွယ်ဘူး၊ ရွာသားတွေက ငါ့ကို ကာကွယ်ချမ်းသာတဲ့ သူဌေး တစ်ယောက်လို့ ထင်နေကြရာတယ်၊ ငါ့မှာ ဝတ်စားထားတဲ့ဟာတွေက ရှုအထင်ကြီးအောင် လုပ်ထားတဲ့ အတုတွေချည်းပဲ၊ ငါဟာနည်းမျိုးစုံနဲ့ လိမ်လည်ခဲ့ဖူးတယ်ကွ၊ ဒါပေမဲ့ အဲဒီငွေတွေနဲ့ တကယ်ဒုက္ခရောက်နေတဲ့ သူတွေကို ပြန်ပြီးကူညီထောက်ပံ့ခဲ့တာချည်းပဲ၊ ငါ့ရဲ့အဓိကအလုပ်ကတော့ မင်းနဲ့ ရည်ရွယ်ချက်ခြင်းတူနေတာ တော်တော်အံ့သြဖို့ကောင်းတယ်"

ဟုပြောလေရာ ကြက်တောက စိတ်ဝင်စားဖွယ် နားထောင်နေလေ၏။

ထိုအခါ ဖျောက်ဆိပ်က ဆက်၍

"ငါ့မှာလည်း ကိစ္စတစ်ခု အကောင်အထည်ဖော်ဖို့ တစ်နှစ်တိတိ ခရီးလှည့်ရင်း ရှာဖွေနေတယ်လို့ အချိန်ပေးထားတယ်"

ဟုဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်တောက မျက်မှောင်ကြုတ်၍

*"မင်းနှင်ါက တိုက်တိုက်ဆိုင်ဆိုင် အဖြစ်ချင်းတူနေတာကို၊ မင်းကိစ္စလည်း လျှို့ဝှက်ထားရမယ်ဆိုတာ သဘောပေါက်ပါတယ်၊ ငါ မမေးတော့ပါဘူး"*

ဟုပြောခဲ့လေ၏။

ထိုအချိန်မှအစပြု၍ သူတို့နှစ်ယောက်သည် အကျင့်စရိုက်ခြင်း ကွာခြားသော်လည်း စိတ်ဓာတ်ချင်း၊ ရည်ရွယ်ချက်ချင်း တူညီကြသောကြောင့် အတူတကွ ခရီးလှည့်လည်သွားလာခဲ့ကြ၏။

ကြက်တောသည် မြန်မာ့ရိုးရာသိုင်းပညာကို ကောင်းစွာတတ်ကျွမ်းသောကြောင့် ရောက်သည့်နေရာတိုင်းတွင် သိုင်းပညာသင်ချင်သူ လူငယ်ကလေးများနှင့် ဝိုင်းဝိုင်းလည်နေလေတော့၏။

* * *

**ပန်းအိမ် ကွန်ပျူတာ**



ဤသို့ဖြင့် တစ်နေ့တွင် သူတို့သည် မြန်မာပြည်အလယ်ပိုင်းရှိ လယ်ပိုင်ရှင်သားနှစ်ယောက်မှာ ကမ်းသာရွာရှိ သူကြီးသမီးနှစ်ယောက်နှင့် သူငယ်သဘာဝ ချစ်ကြိုးသွယ်နေကြပြီ ဖြစ်၏။

သို့ရာတွင် သူတို့အတွက် ကြီးစွာသော အဟန့်အတားတစ်ခု ကရှိနေ၏။ ထိုအရာမှာ သမီးများကို မှတ်၊ ခြင်၊ ယင်ပင် မသန်းရ အောင်ချစ်လွန်းသော ကမ်းသာရွာသူကြီးဖြစ်၏။

သူကြီးနှင့် လယ်ပိုင်ရှင်သည်ကျောင်းတော်ကရန်စရှိခဲ့လေ၏။ ကြီးသည် သူ၏ရည်းမားဦးကို လယ်ပိုင်ရှင်က ဖြတ်၍ယူသွားတည်းက အခဲမကျေဖြစ်ကာ အမြဲလိုရန်ထောင်နေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏သမီးနှစ်ယောက်ကို လယ်ပိုင်ရှင်သားများနှင့်ကြိုက်သည်ဟု သိပြီးသောသည်တော ယမ်းပုံမီးကျသောါမှကာ သမီးနှစ်ယောက်စလုံးကို အလစ်မပေးတော့ဘဲ စောင့်ကြပ်ကြည့်ရှုနေလေတော့၏။

ဖျောက်ဆိပ်တို့သည် လယ်ပိုင်ရှင်သားနှစ်ယောက်ကို သိုင်းပညာ ကောင်းစွာသင်ကြားမပေးရခင်မှာပင် ၎င်းတို့၏အချစ်ရေးအတွက် စုံစမ်းရေးနှတ်လုပ်ပေးရန် အကြောင်းပေါ်လာပြီဖြစ်၏။

ဖျောက်ဆိပ်သည် ထိုကဲ့သို့ကိစ္စမျိုးကို ငြင်းစွာစိတ်အား ထက်သန်၏။ အေးအေးနေတတ်သော ကြက်တောကိုလည်း ထိုကိစ္စတွင် ပါဝင်ကူညီရန် တိုက်တွန်း၏။

ထို့နောက် ဖျောက်ဆိပ်နှင့် ဘကြက်တောသည် နယ်လှည့် ဗေဒင်ဆရာယောင်ဆောင်ကာ ကမ်းသာရွာသို့ ရောက်ရှိလာကြ၏။

ဖျောက်ဆိပ်၏ အာဝဇ္ဇန်းကောင်းမှုကြောင့် မကြာမီတွင် သူကြီးကတော်ကြီးသည် ဗေဒင်ဆရာများကို အိမ်သို့ပင့်ဖိတ်လေ၏။

ကြက်တောမှာ ဖျောက်ဆိပ်၏ လက်စွဲတပည့်ဟန်ဆောင်ပြီး ဖျောက်ဆိပ် ဆော်ပေါက်သမျှကို လူကြားတွင်သည်းညည်းခံနေရ၏။

ဖျောက်ဆိပ်သည် သူကြီးကတော်၏ဇာတာကိုယူကာ ကျောက်သင်ပုန်းတွင် တတောက်တောက်တွက်ချက်ပြီး ရုတ်တရက် သင့်ဟာရွေ တွေ့လိုက်ရသလို ထိတ်လန့်ဟန်ဖြစ်သွားကာ

"သူကြီးကတော်ကြီးရေ၊ ကံကောင်းလို့ပဲ၊ ကျုပ်





သူကြီးကတော်ကြီးရဲ့ ဇာတာကို အချိန်မီကလေး စစ်ဆေးကြည့်လိုက်လို့ပဲ"

ဟုစကားစလေ၏။

ထိုအခါ ဖျောက်ဆိပ်ထက်ပို၍ သူကြီးကတော်ကြီးသည် မြူးမြူးပျာပျာဖြစ်ကာ

"မောင်ရှင်လေး၊ ကျုပ်ဇာတာထဲမှာ ဘာတွေများ တွေ့လို့လဲ၊ ရှင်တွေမှန်းတွေတုန့်လိုက်တာ"

ဟုပြောလေရာ ဖျောက်ဆိပ်က အရေးတကြီးဟန်ဖြင့် ကျောက်သင်ပုန်းပေါ်မှ ရေးခြစ်ထားသည်များကို စူးစိုက်ကြည့်ပြီး

"ကျုပ် မြင်သမျှတော့ တစ်ခုမှမကောင်းဘူး၊ ဒီနေ့ကစလို့ (၇) ရက်အတွင်း ဒီအိမ်က ခြေလေးချောင်း ထွက်ဖို့ရှိတယ်၊ နွားတွေ ဘာတွေ မွေးသလား"

ဟုမေးမြန်းလေရာ သူကြီးကတော်က ခေါင်းညိတ်လိုက်သော်လည်း စိတ်ထဲမှ

"အင်း... ငါ့သမီးနှစ်ယောက်က ဟိုဘက်ရွာက အကောင်နှစ်ကောင်နဲ့ ကြိုက်နေတာပဲ၊ သမီးနှစ်ယောက် ပေါင်းရင် ခြေလေးချောင်းရတာပဲ၊ ၎င်းတို့ထွက်မှာပဲဖြစ်ရမယ်၊ ဒီရက်ပိုင်းပိုပြီး ဂရုစိုက်ရမယ်"

ဟုတွေးမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဖျောက်ဆိပ်က

"ခြေလေးချောင်းထွက်တာက သိပ်အရေးမကြီး သေးဘူး၊ စနေ ဂြိုဟ်က တိုင်ထိပ်ကိုရောက်နေတဲ့အတွက် မီးလို့ပူပြင်းတဲ့သဘောရှိတဲ့ စနေဂြိုဟ်ကြောင့် (၇) ရက် အတွင်း ဒီအိမ်ကြီးကို ခေါင်မိုးကစပြီး မီးလောင်မဲ့ ကိန်းရှိတယ်"

ဟုပြောလိုက်ရာ သူကြီးကတော်ကြီးသည် ခြေမကိုင်မိ လက် မကိုင်မိဖြစ်ကာ

"ဟဲ့တော်၊ မိုးဦးကျခါစကြီးမှာ မီးကဘယ်လို လောင်မှာလဲ"

ဟုရေရွတ်လေ၏။

ဖျောက်ဆိပ်က သူကြီးကတော်ကြီးထံ ကိုယ်ကို ကိုင်းညွတ်ပြီး လေသံတိုးတိုးဖြင့်

"ဒီမီးက ရိုးရိုးမီးမဟုတ်ဘူးဗျ၊ ဥပဒ္ဒေဝကဆိုတာ သိတယ် မဟုတ်လား၊ သူတစ်ပါးကြောင့် ထိခိုက် ပျက်စီး မှာကိုပြောတာဗျ၊ ရှင်းရှင်း ပြောရရင် တို့မီးရှို့မီးပေါ့ဗျာ"

ဟုဆိုလိုက်ရာ သူကြီးကတော်ကြီးက ရင်ဘတ်ဝဲ့ လက်ဖြင့် ဖိ၍ အိမ်အတွင်းခန်းထဲသို့လှည့်ကာ

"ဟဲ့... အေးနုတို့၊ အေးမုတို့ ဘယ်ရောက်နေသလဲ၊



ငါ့ သောက်နေကျ ဆေးဘူးယူလာခဲ့စမ်း"

ဟုစေခိုင်းရလေတော့၏။

ကြက်တောသည် ဖျောက်ဆိပ်၏ ပယောဂကြောင့် သူကြီးကတော် ကြီး ထိုနေရာတွင်ပင် ဖျတ်ခနဲ သေဆုံးသွားနိုင်သည်ကိုတွေးမိသောကြောင့် ဖျောက်ဆိပ်၏တင်ပါးကို ခြေမနှင့်ထိုး၍ သတိပေးလိုက်၏။

ဖျောက်ဆိပ်ကမူ လေသံမလျှော့ဘဲ

"အခုဟောမှာက အိမ်ထောင်ဦးစီးရဲ့ အသက် အန္တရာယ်နဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်"

ဟုပြောလေရာ သူကြီးကတော်ကြီးက လက်ကာပြပြီး

"ခဏ မောင်ရင်ရယ်၊ ကျုပ် ဆေးဆေးလေး သောက်ပါရစေဦး၊ ပြီးမှ ဆက်နားထောင်ပါရစေ"

ဟုတောင်းပန်လေ၏။

ထိုအခိုက်တွင် ချစ်စဖွယ်ကောင်းလှသော လုံးကြီးပေါက်လှ မိန်းကလေးနှစ်ယောက်က ဆေးဆေးနှင့် သောက်ရေခွက် ကိုယူလာကာ သူမတို့၏မိခင်ကြီးအဖြစ်ကို မျက်လုံးဝိုင်းကလေးများဖြင့် ကြည့်ရှုနေကြ၏။

ထိုအခါ ကြက်တော၏ အလှည့်ရောက်လာပြီဖြစ်၏။ ကြက်တော သည် အသင့်ယူလာသည့် စာတစ်စောင်ကို မိန်းကလေးတစ်ယောက်၏ လက်ထဲသို့ ထည့်လိုက်၏။

မိန်းကလေးသည် ကြောင်အမ်းအမ်းဖြစ်နေရာ ကြက်တောက

www.burmeseclassic.com



[illegible]တ်ရှုကြည့်ရန် မျက်ရိပ်ပြလိုက်လေ၏။

ထိုအခါ မိန်းကလေးသည် စာကိုယူ၍ အခန်းတွင်းသို့ဝင်သွားပြီး [illegible] နောက်တစ်ယောက်ကို လက်ယပ်ခေါ်လေ၏။

စာထဲတွင် သူမတို့၏ချစ်သူများက ယနေ့ရောက်လာသူ လူစွမ်းကောင်းနှစ်ယောက်၏အကူအညီဖြင့် ယနေ့ည (၁၂) နာရီတိတိတွင် လာရောက်ခိုးယူမည်ဟု ရေးသားထား၏။

ထိုအခိုက်တွင် ဖျောက်ဆိပ်သည် ဟောပြော၍ကောင်းတုန်းရှိ၏။ သူကြီးကတော်ကြီးမှာလည်း ကုန်းဆော၊ ရေဆော၊ လေဆော စသည်ဖြင့် ဆောအနှုရာယ်အမျိုးမျိုးကိုကြားကာ မျက်ဖြူပင်လန်ချင်နေလေ၏။

ထိုအခါမှ ဖျောက်ဆိပ်က ဗိုင်ဗိုင်နိုင်နိုင်လေသံဖြင့်

*"ဒါတွေ ကျုပ်တာဝန်ထားပါ သူကြီးကတော်ကြီးရယ်၊ ဒီဗေဒင် ဟောခအတွက် ကျုပ်တစ်ပြားတစ်ချပ်မှ မယူပါဘူး၊ ဒီအိမ်ရဲ့အိမ်ထောင် ဦးစီးကိုယ်တိုင် ရွာထိပ်ညောင်ပင်ကြီးမှာ ခုနစ်ရက်သားတွေ ခြံရံပြီး ဒီည သန်းခေါင်မတိုင်မီ ခေါ်တပ်ရမယ်၊ ဒါဆိုရင် ဒီဆောဒုက္ခအနှောင့်အယှက်တွေ ပိန်းကြာဖက်ပေါ် ရေမတင်သလို အားလုံးပျောက်ကွယ်သွားလိမ့်မယ်၊ ခေါ်တပ်ရမဲ့ပုံစံနည်းတွေကို ကျုပ်စာနဲ့ရေးမှတ်ပေးခဲ့မယ်"*

ဟုပြောလိုက်ရာ သူကြီးကတော်ကြီး၏မျက်နှာမှာ လင်ဝင်းလာမိမ်း





ရာမှ လွတ်ကင်းသွားသလို ဝင်းပသွားပြီး

*"လုပ်ရှာပေါ့၊ လုပ်ရှာပေါ့၊ ခုနစ်ရက်သားဆိုတော့ ယောကျ်ားတွေပေါ့"*

ဟုမေးမြန်းလေ၏။

ဖျောက်ဆိပ်က ခေါင်းညိတ်၍

*"ဟုတ်တယ်၊ ယောကျ်ားသားတွေချည်း ဖြစ်ရမယ်၊ ခုနစ်ယောက် ဝန်းရံပြီး ခေါ်တပ်ပေတော့၊ ဒါပေမဲ့ သူကြီးကတော်ကြီး ကတော့ လိုက်ပြီးလှည့်တာတွေ မြင်ဆင်ပေးရမယ်"*

ဟုဆိုလိုက်တော့၏။

ထိုအချိန်၌ ရွာမြဲစည်းရိုးကို လုံခြုံရေးအတွက် ကာကွယ်ရန် လိုက်လံစစ်ဆေးနေသော သူကြီးသည် အိမ်သို့ပြန်ရောက်လာ၏။

သူကြီးကတော်ကြီး၏ ပြောဆိုမှုကြောင့် သူကြီးမှာ ထိုကဲ့သို့ ကိစ္စများကို အယုံအကြည်မရှိသော်လည်း ခေါ်တပ်ပေးရန် သဘောတူလေတော့၏။

နောက်ပိုင်းတွင် ဖျောက်ဆိပ်တို့၏ အစီအစဉ်မှာ လွယ်လွယ်ကူကူပင် ပြီးစီးသွား၏။

ဖျောက်ဆိပ်မှာ တစ်ရွာလုံးရှိ ယောကျ်ားများကို စုဝေး၍ ရွာထိပ်ညောင်ပင်ကြီးအောက်တွင် ခေါ်တပ်ရန် နိုင်းစေသောအခါ မိန်းမများကလည်း နောက်မှလိုက်ပါကြည့်ရှုလေရာ ရွာထဲတွင် လူသူကင်းရှင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

မကြာမီ ခေါင်းမြီးကလေးများခြုံကာ တစ်ဖက်ရွာထိပ်သို့ ထွက်လာသော မိန်းကလေးနှစ်ယောက်ကို လုလင်ပျိုနှစ်ယောက်က မြင်းများဖြင့် အသင့်စောင့်ကြိုနေကြ၏။

အဖြစ်အပျက်က ထိုမျှသာဖြစ်၏။ ဖျောက်ဆိပ်တို့လည်း ခေါစာပစ်ပွဲပြီးလျှင် ရွာမှာ ကိုယ်ယောင်ဖျောက်၍ လစ်ထွက်ခဲ့ကြ၏။

ဤအတိုင်းဆိုလျှင် သူတို့လွတ်မြောက်ကြပြီဖြစ်၏။

သို့သော် သူတို့သည် နောက်တစ်နေ့တွင်ပင် ချောင်းဝရွာမှနေ၍ အပြန်တွင် ခရီးကြုံသွားစေရန် ရေလမ်းခရီးမှပြန်မည်ဟု ဆုံးဖြတ်ကြ၏။

ထိုအခါ ကမ်းသာရွာသို့ဖြတ်ကျော်ရပေမည်။ ထိုသို့ အရဲစွန့်ကာပြုလုပ်မှုကြောင့် သူကြီးနှင့်အဖွဲ့ တွေ့ရှိသွားလေရာ ချွေးပြေးဝက်ပြေးပြေးခဲ့ရခြင်းဖြစ်ပေတော့သတည်း။

ဖျောက်ဆိပ်သည် ယခုတော့ သူကြီး၏ထိတ်တုံးစာမိလျက်သားရှိနေ၏။

သူသည် နောက်ကြောင်းများကို စိတ်ကူးစားမြှုပြန်၍ နေလေ၏။ သူ၏လုပ်ရပ်အတွက် ချစ်သူများပေါင်းဖက်သွားရသည်ကိုတွေးပြီး ကျေနပ်လျက် ယောင်ယမ်းဂုဏ္ဍနှုတ်မှ ရယ်သံသဲ့သဲ့ထွက်သွားလေတော့၏။

ငှင်းကို အနီးရှိကလေးများက တစ်ချိန်လုံး မျက်တောင်မခတ်တမ်းကြည့်ရှုနေလေ၏။



ထိုလူကြီး အိပ်ငိုက်နေသည်ဟု ထင်မှတ်နေကြရာမှ ခွီးခနဲရယ်သံကြီးထွက်ပေါ်လာသောကြောင့် ဝမ်းသာအားရဖြစ်သွားကြ၏။

တစ်ပြိုင်နက်ပင် ကလေးအားလုံး တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်တုတ်များကိုင်မြှောက်လိုက်ကြ၏။

တုတ်ချက်များက ဖျောက်ဆိပ်၏ တစ်ကိုယ်လုံးသို့ မိုးသီးမိုးပေါက်များပမာ ကျရောက်လာ၏။

ဖျောက်ဆိပ်သည် နာကျင်မှုကြောင့် အော်ဟစ်မိလေ၏။ ထိုအခါ တုတ်ချက်များက ဆက်တိုက်ကျရောက်လာပြန်၏။

ဖျောက်ဆိပ်မှာ နာ၍အော်ရပြန်၏။ ထိုအခါ ပို၍နာလေဖြစ်ကာ သံသရာလည်နေလေတော့၏။

❀ ❀ ❀

ပန်းအိစံ ကွန်ပျူတာ

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဆိပ်သည် သူကြီး၏အိမ်၌ နှကွအကြီးအကျယ်ရောက်လျက်ရှိလေ၏။

ထိုအချိန်၌ ကြက်တောသည်လည်း ကြက်ကောင်လုံး ကြော်ဖြင့် ဝမ်းမိုက်ကိုဖြည့်တင်းကာ ဓားပြများနောက်မှ နောက်ယောင်ခံကာလိုက်ပါရင်း မထင်မှတ်သောအခက်အခဲနှင့် ရင်ဆိုင်လိုက်ရ၏။

အမှောင်ထုက ကြီးစိုးကာ လခြမ်းကလေးက ရေးရေးမျှသာနေ၏။ ဓားပြများသည် တောလမ်းအတိုင်း အတန်ကြာမျှ သွားလာပြီးနောက် အိမ်ကလေး လေးငါးအိမ်မျှသာရှိသော အိမ်စုစုကလေးဆီသို့ ဦးတည်သွားလာလေ၏။





ကြက်တောသည် ထိုသူများ နောက်မှ ဂုန်းလျှိုးကွယ်လျှိုးလိုက်ပါရင်း ထိုနေရာသို့ရောက်မှပင် မြင်းမွေးမြူရေးခြံကြီးတစ်ခြံဖြစ်မှန်း သိလိုက်ရ၏။

အိမ်စုစုကလေး၏ နောက်တွင် မြင်းဇောင်းရှိ၏။ မြင်းဇောင်း၏ နောက်တွင် မြင်းစားကျက်မြက်ခင်းပြင်က တပြန့်တပြောကြီးတည်ရှိနေ၏။

ဓားပြများသည် မြင်းဇောင်းသို့ရောက်လျှင် ကညင်ဆီမီးတိုင်များ ထိန်လင်းအောင်ထွန်းညှိထားသည့် မြေကွက်လပ်တစ်နေရာတွင် လူတစ်ယောက်နှင့်တွေ့ဆုံလေ၏။

ထိုသူ၏ အရပ်မှာ လွန်စွာမြင့်မားလှ၏။ ခေါင်းတွင်လည်း အနားကျယ် မေးသိုင်းကြိုးပါသည့် သက္ကလတ်ဦးထုပ်ကြီးကို ဆောင်းထား၏။

အသက်မှာ (၄၀) ခန့်ရှိမည်ဖြစ်သော်လည်း လူငယ်တစ်ယောက်ကဲ့သို့ ဖျတ်လတ်ဟန်က အထင်းသားပေါ်နေ၏။ ဓားပြများထဲမှ လူတစ်ယောက်က ထိုသူကို

"အားလုံးအသင့်ဖြစ်ပါပြီဆရာကြီး"

ဟုသတင်းပေးလေရာ ထိုသူက ခေါင်းညိတ်ကာ

"ကောင်းပြီလေ၊ မြင်းဇောင်းထဲက မြင်းတွေထုတ်ပြီး အသင့်ပြင်ပါ၊ ပြီးရင် ကိုအချွဲ့ရဲ့ရှာညီဝတ်နံကို အသင့်ထုတ်ထားကြပေတော့"

ဟုအမိန့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်တောသည် ထိုအခါမှပင် ဓားပြ ခေါင်းဆောင်ကို တွေ့လိုက်ရ၏။

၄င်းသည် မြင်းမွေးမြူရေးကို အယောင် ပြပြုလုပ်နေခြင်း ဖြစ်ရပေမည်။

ထိုအခိုက်တွင် ဓားပြတစ်ယောက်က

*"ဆရာကြီး မိုးနက်၊ ကျုပ်က မြင်းစီးသိပ်မကျွမ်းကျင်သေးဘူး"*

ဟုပြောလေရာ မိုးနက်ဟူသော မြင်းခြံပိုင်ရှင် လူကြီးသည် ထိုသူအနီးသို့ လျှောက်လာကာ

*"ယောကောင် ဒီအဖွဲ့ရဲ့စည်းကမ်းကို မင်းမသိဘူးလား၊ ငါ့အမည်ကို ဘယ်သူမှ မခေါ်ရဘူး"*

ဟု ဆိုလေ၏။ တစ်ဆက်တည်းမှာပင် မိုးနက်က ထိုသူ၏ ပါးကို ဖြန်းခနဲရိုက်ကာ

*"သေသေချာချာ မှတ်ထားစမ်း၊ ငါ့ကို နာမည်တပ်ခေါ်ချင်ရင် မြင်းမွေးတဲ့ ဦးသူတော်လို့ခေါ်ရမယ်"*

ဟုပြောလိုက်၏။

ထိုအခါ ဓားပြတစ်ယောက်ကဝင်၍

*"သူက ရှုသစ်ဖြစ်နေလို့ပါ၊ ကျုပ်တို့ကို သူရွာဖြစ်တဲ့ ကမ်းသာရွာကို ဓားပြတိုက်ဖို့ လက်ထောက်ရှာတာသူပါပဲ၊*





*ရွာရဲ့လုံခြုံရေးပျော့ကွက် ဟာကွက်တွေကို သူ့ဆီက အကုန်သိရပါတယ်၊ ရွာကချမ်းသာတဲ့သူတွေ၊ ပစ္စည်းတွေကို ဘယ်နေရာမှာထားတယ်ကအစ သူပဲ သတင်းပေးတာပါ၊ အခုတစ်ခါတော့ ခွင့်လွှတ်လိုက်ပါဆရာကြီး"*

ဟုဝင်၍တောင်းပန်လေရာ မိုးနက်က ထိုကိစ္စကို ဆက်တော့ဘဲ လိုအပ်သည့်များ ပြင်ဆင်ရန် အချိန်ပေးလေတော့၏။

ထို့နောက် ဓားပြများသည် မြင်းဇောင်းမှ မြင်းများကို ထုတ်ကာ သူတို့အဖွဲ့၏ ဝတ်စုံများကို လဲလှယ်ဝတ်ဆင်ကြလေ၏။ ထိုဝတ်စုံများကို ကြည့်၍ ကြက်တောသည် စိတ်တွင်းမှ

*"အင်း. . ဒီမိုးနက်ဆိုတဲ့သူက တော်တော်ပါးနပ်ကြီး ပန်ကြီးနိုင်တဲ့ ဓားပြပဲ၊ လူသုံးတွေကို အနက်ရောင်ဝတ်စုံရှည်ကြီးတွေဝတ်ပြီး မျက်နှာမှာလည်း ကြောက်စရာအရုပ်ကြီးတွေ အဖွဲ့သားနဲ့ သားရေ မျက်နှာဖုံး စွပ်တွေ စွပ်ခိုင်းလိုက်သေးတယ်"*

ဟုမှတ်ချက်ချမိ၏။

ကြက်တောမှာ ထိုသို့ရှိနေသော်လည်း ဓားပြများမြင်းနှင့်သွားမည်ဆိုကတည်းက သူ့အတွက် ထိုသူများနောက်သို့နောက်ယောင်ခံ၍ လိုက်ရန် အခက်အခဲရှိသွားပြီဖြစ်ကြောင်း သဘောပေါက်မိ၏။

နောက်ဆုံးတွင် မဖြစ်မနေ လိုက်ပါမည်ဟု ဆုံးဖြတ်ကာ ထိုသူများ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားမှ မြင်းခြံတွင်းမှ မြင်းတစ်ကောင်ကို အလစ်သုတ်မည်ဟု ကြံရွယ်ထား၏။

ထိုသို့ ပြုလုပ်လျှင်သော်မှ နောက်မှလိုက်ပါလာသည့် သူ၏မြင်းခွာသံကို ဓားပြများကြား၍ အခက်တွေ့နိုင်သေး၏။

ကြက်တောသည် ထိုအကြံကြောင့်ပင် မြင်းဇောင်းအနီးရှိ အမှောင်ရိပ်ကွယ်သို့ပြောင်းရွှေ့နေရာယူထားလိုက် လေ၏။

မကြာမီတွင် အနက်ရောင်ဝတ်စုံရှည်ကြီးနှင့် ကြောက်မက်ဖွယ်သားရေမျက်နှာဖုံးစွပ်ထားသည့် မိုးနက်ဦးဆောင်သော ဓားပြအဖွဲ့သည် မြင်း ကိုယ်စီဖြင့် ထွက်ခွာရန်ပြင်ကြလေ၏။

ထိုအခါ ဓားပြသတင်းပေးဖြစ်သူ ကမ်းသာရွာသားဓားပြသည် မြင်းနှင့်နောက်ဆုံးမှ လိုက်ပါရင်း သူ၏မြင်းစီး မကျွမ်းကျင်မှုကြောင့်လား မြင်းကပင် အနည်းငယ် ကြမ်းသည်လားမသိ၊ သွားလာရင်းမှပင် မြင်းသည် ခြေခေါက်၍လဲကာ လူသည်သည်း မြေပြင်သို့ ဘုတ်ခနဲ ပြုတ်ကျလေတော့၏။

ထိုအဖြစ်ကြောင့် မိုးနက်သည် ဒေါသတကြီးဖြင့်

*"ဟေ့ကောင်၊ ငါ့မြင်းခြေထောက်နာသွားပြီထင်တယ်၊ မြင်းမကိုင်တတ်တဲ့ကောင်တွေ ငါ့အဖွဲ့ထဲမှာရှိနေတာ တော်တော် ခက်တာပဲ၊ မင်းကို မြင်းကိုင်ကျွမ်းကျင်အောင် မြင်းဇောင်းမှာ ခေါ်ခိုင်းရမယ်၊ သွားစမ်း၊ ခြံစောင့်ဆီမှာ နည်းနည်းငြိမ်တဲ့မြင်းတစ်ကောင်နဲ့သွားပြီးလဲလာခဲ့၊ ငါတို့ရှေ့ ကသွားရင်း မင်းကိုစောင့်နေမယ်"*

ဟုအမိန့်ပေးလေ၏။

ထိုအချက်သည် ကြက်တောအတွက် အကွက်ကောင်းဖြစ်၏။ ထိုသူသည် မြင်းကလည်း တော့နဲ့တော့နဲ့၊ လူကလည်း တော့နဲ့တော့နဲ့ဖြင့် မြင်းခြံအနီး မှောင်ရိပ်ကွယ်မှ ဖြတ်သန်းလာ၏။

ထိုအခါ ကြက်တော၏ လက်ဝါးစောင်းတစ်ချက်ထဲနှင့်ပင် ထိုသူမှာ သတိကင်းလွတ်သွား၏။

ကြက်တောက ထိုသူ၏ ဝတ်ရုံရှည်နှင့် မျက်နှာဖုံးကို အလျှင်အမြန် ချွတ်၍ ဝတ်ဆင်ကာ မြင်းကိုတွဲပြီး မြင်းဇောင်းဘက်သို့ ခပ်တည်တည် လျှောက်လှမ်းခဲ့တော့၏။

မိုးနက်တို့အဖွဲ့သည် နောက်လူကိုစောင့်ရင်း၊ ဖြည်းဖြည်းမှန်မှန် သွားလာလျက်ရှိကြ၏။

မကြာမီ နောက်မှလူသည် မြင်းချင်းလဲလှယ်ပြီး သူတို့ထံ ခုန်းစိုင်း လာနေသည်ကို မြင်တွေ့ရာမိုးနက်က

*"ဒီကောင်တော့ မြင်းကိုင်ရဲလာပြီ၊ ဒီလိုမှပေါ့"*

ဟုရေရွတ်ပြီး ရှေ့မှဦးဆောင်ထွက်ခွာသွားတော့၏။

သူတို့ကို တစ်စုံတစ်ဦးက မြင့်တွေ့ပါက မကောင်းဆိုးဝါးများ သွားသာ ထင်မြင်ပေလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲကြမ်းတမ်းသော တောလမ်းခရီးအတိုင်း (၁၀) မိုင်ခန့် သွားလာပြီး နောက်ဆုံးတွင် ဓားပြအဖွဲ့သည် ကမ်းသာရွာအနီးသို့ ရောက်ရှိလာကြ၏။

ထိုအခါ မိုးနက်က

"အားလုံး လက်နက်တွေ အသင့်ပြင်ကြပေတော့၊ ရွာထဲကို အရှေ့နဲ့အနောက် နှစ်ဖွဲ့ခွဲပြီးဝင်မယ်၊ ခုခံတဲ့သူမှန်သမျှကို အရှင်မထားနဲ့၊ ပြီးရင် ဘုရားကျောင်းက သူကြီးရဲ့ အိမ်မှာ ပြန်ဆုံကြမယ်"

ဟုအမိန့်ပေးလေ၏။

ထိုအခါ ရုပ်ဖျက်စရာမလိုဘဲ ဓားပြအဝတ် အစားနှင့်ဖြစ်နေသော ကြက်တောသည် မိုးနက်နှင့်အတူ ရွာနောက်ဖက်သို့ ရောက်လာ၏။

မိုးနက်သည် လွန်စွာကြမ်းရမ်းသူဖြစ်မှန်း ထိုအခါမှပင် သိရ... သူ့ခါးပတ် တစ်ဘက်တစ်ချက်တွင် ခြောက်လုံးပြူးနှစ်လက်ကို ထိုး... ထား၏။

အနောက်တံခါးသို့ရောက်လျှင်ပင် မိုးနက်က သေနတ်နှစ်လက်... ကိုင်စွဲပြီး

"မိုးနက်လာပြီဟေ့၊ ခုခံမိတော့မစဉ်းစားကြနဲ့၊ အားလုံး သေသွားပါကုန်မယ်"

ဟုအော်ဟစ်ကြိမ်းဝါးကာ အနောက်ဘက်တံခါးဆီသို့ တ...



ဒိုင်းပစ်ခတ်လေ၏။ သေနတ်နှစ်လက်မှ ကျည်ကုန်သွား၍သာ ရပ်တန့်တော့၏။

ထိုအခါ မိုးနက်က

"မိုးနက်ရာဇဝင်မှာ ဘယ်တော့မှ အလစ်အငိုက် ဝင်တိုက်တာ မရှိဘူး၊ အသက်မသေချင်ရင် ရွာတံခါးကို မြန်မြန်ဖွင့်ကြစမ်း၊ ကိုယ့်ဘာသာ ဖွင့်ဝင်ရရင်တော့ တစ်ရွာလုံးကို ပြာကျအောင် မီးတိုက်ပစ်မယ်"

ဟုကြိမ်းဝါးလိုက်လေ၏။

ထိုအချိန်၌ အရှေ့ဘက်တံခါးမှ ဓားပြ အုပ်စုသည်လည်း ရွာတံခါး ဖွင့်ရန် သေနတ်သံတဒိုင်းဒိုင်းပေး၍ ခြိမ်းခြောက် နေကြလေ၏။

ထိုအခါ တစ်ရွာလုံး သေနတ်သံများဖြင့် ငရဲပွက်သလို ဆူညံသွားလေတော့၏။

ထိုအချိန်၌ ရွာသူကြီးသည် အိမ်၌ပင် ရွာသားအချို့နှင့် ရှိနေလေ၏။

၎င်းတို့သည် ဖျောက်ဆိပ်ကို ဓားပြအဖြစ် လာ၍ဖမ်းဆီးမည့် ပုလိပ်များကို စောင့်ဆိုင်းနေကြခြင်းဖြစ်၏။

ယခုတော့ တကယ့်ဓားပြအစစ်များ ရောက်လာကြချေပြီ။ ရွာသူကြီးသည် ရွာခြံစည်းရိုးကို လုံခြုံစွာ ကာရံထားသော်လည်း သူ့ထံတွင် ခုခံရန် လက်နက်ဟူ၍ တုတ်ဓားများနှင့် သူကြီး၏ နှစ်လုံးပြူးသာရှိ၏။

သရဖီလှိုင်တော

www.burmeseclassic.com

www.burmeseclassic.com



ဓားပြအဖွဲ့ကို ရင်ဆိုင်ခုခံရန် မဖြစ်နိုင်ပေ။

မကြာမီတွင် သူကြီး၏အိမ်မှ အဆက်မပြတ် ထွက်ပေါ်လာသည့် လူစုသောမောင်းသံကြောင့် ရွာသားများသည် ထိတ်လန့်တကြားဖြင့် စုရုံးရောက်ရှိလာကြ၏။

ထိုအခါ သူကြီးက

"အခု မိုးနက်ဆိုတဲ့ ဓားပြအဖွဲ့ ကျုပ်တို့ရွာကို ဝိုင်းရံထားပြီ၊ ဒီကောင်တွေ တောထဲမှာ ခိုအောင်းနေတာ သိပေမဲ့ အခုလို အတင့်ရဲလိမ့်မယ်လို့ ထင်မထားဘူး၊ အခုမိုအတိုင်းဆိုင်ရင် သူတို့နဲ့ကျုပ်တို့က လက်နက်အင်အားချင်း တော်တော်ကွာခြားနေတယ်"

ဟုပြောလိုက်ရာ ရွာသားအချို့

"ဒါဆိုရင် ကျုပ်တို့က ဒီအတိုင်း အညံ့ခံနေရမှာလား၊ ကျုပ်တို့ကတော့ ရရာလက်နက်နဲ့ ဒီကောင်တွေကို ရင်ဆိုင်ချင်သေးတယ်"

ဟုပြောလေ၏။ သူကြီးက ရွာသားများကို စေ့စေ့ကြည့်ပြီး သက်ပြင်းချကာ

"ကျုပ်ရင်ထဲမှာလည်း အဲဒီလို စိတ်ဖြစ်နေတယ်၊ ဒါပေမဲ့ သက်ကြီးရွယ်အိုတွေနဲ့ မိန်းမတွေ၊ ကလေးတွေရဲ့အသက်အန္တရာယ်ကလည်း ရှိသေးတယ်၊ သူတို့ကိုနှိုင်





တာ ပေးလိုက်ရင် အားလုံးအန္တရာယ်ကင်းမှာပဲ"

ဟုဆိုလိုက်ရာ တစ်နေရာဆီမှ

"ဒီအတိုင်း ငြိမ်ခံလိုက်ရင် ရှုံးနိမ့်အားပေးဖြစ်မှာပေါ့၊ ပြဿနာတိုင်းအတွက် ဖြေရှင်းဖို့နည်းလမ်းဆိုတာ တစ်ခုမကရှိတတ်ပါတယ်၊ ဦးနှောက်ကလေးဘာလေးလည်း သုံးပါဦး သူကြီးမင်းရယ်"

ဟူသောအသံထွက်ပေါ်လာ၏။ လူအားလုံး၏အကြည့်က ထိုသူဆီသို့ရောက်ရှိသွား၏။

သူကြီးက မျက်မှောင်ကြုတ်၍

"သြော်... ဖျောက်ဆိပ်ဆိုတဲ့မောင်မင်းကြီးသားကိုး၊ မင်းထပ်ပြီး စကားမရှည်ပါနဲ့တော့၊ ဒီမှာ အရေးကြီးတဲ့အချိန်ကိုရောက်နေပြီ"

ဟုတားလေရာ ဖျောက်ဆိပ်သည် နှုတ်ပိတ်သွားလေ၏။ သူကြီးသည် သူ၏ရွာသားများကို မဲ့တစ်ပေါက်မှ အရှုံးမခံနိုင်ချေ။

ထို့ကြောင့် ရွာနောက်ဘက်ရှိ လင့်စင်သို့ရောက်လာကာ မိုးနက်ကို

"မိုးနက်၊ ကျုပ်တို့ရွာသားတွေက ဒီလောက်ချမ်းသာတဲ့သူတွေ မဟုတ်ဘူး၊ ရွာကို ဓားပြဝင်တိုက်လည်း ထင်သလောက်ရမှာ မဟုတ်ဘူး"

ဟုပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးနက်က ကျယ်လောင်စွာရယ်မောပြီး

*"ဟားဟားဟား . . . . အဲလိုတွေပြောမနေနဲ့သူကြီး၊ ကျုပ်တို့ သတင်းအတိအကျရထားတယ်၊ အဲဒီတော့ ရှိရင်းကိုပြောမယ်၊ အခုချက်ချင်း တံခါးဖွင့်ပါ၊ ကျုပ်အလို ကိုလိုက်ရင် ခင်ဗျားတို့ရွာသားတွေကို လက်ဖျားနဲ့ တောင်မထိဘူး"*

ဟုဆိုလေရာ သူကြီးသည် တစ်စုံတစ်ရာကို စဉ်းစားမိ၏။

မျောက်ဆိပ်ဆိုသည့် လူရှုပ်ကို ဖမ်းဆီးရန် မြို့မှပုလိပ်အဖွဲ့ကို အကြောင်းကြားခိုင်းထား၏။

ထိုပုလိပ်များသည် အနေးနှင့်အမြန် ရောက်ရှိလာကြပေတော့မည်။ ထို့ကြောင့် သူကြီးသည် ဓားပြများကို အချိန်ဆွဲထားရန် ဆုံးဖြတ်လိုက်၏။

ပြီးလျှင် ရွာတွင်းရှိ သက်ကြီးရွယ်အိုများ၊ မိန်းမနှင့်ကလေးများကို လွတ်ကင်းရာ ရွာစွန်ရှိ တိုက်ပျက်ကြီးထဲတွင် အမြန်စုရုံးစေရန် ရွာသားအချို့ကို ခိုင်းစေလိုက်ပြီး မိုးနက်ကို

*"ဓားပြကြီးမိုးနက်၊ ခင်ဗျားကတိအတိုင်း တည်ပါစေ"*

ဟုဆိုကာ ရွာတံခါးကိုဖွင့်ရန် အမိန့်ပေးလိုက်တော့၏။

❁ ❁ ❁



၃

ကမ်းသာရွာကလေး၏ အရှေ့နှင့်အနောက်မှ သူကြီးအိမ်သို့ ဦးတည်ကာ မြင်းစီးဓားပြများ ဝင်ရောက်လာပြီဖြစ်၏။

သူတို့၏ဝတ်ရုံမည်းကြီးများ၊ ကြောက်မက်ဖွယ်ဆေးခြယ်ထားသည့် သားရေမျက်နှာဖုံးစွပ်များနှင့် မီးတုတ်များကိုင်ဆောင်ထားကြလေရာ ရွာတွင်းသို့မကောင်းဆိုးဝါးများ ဝင်ရောက်လာသလိုရှိ၏။

မိုးနက်သည်ရွာအနောက်တံခါးမှ မြင်းကိုစီး၍ ဘုရင်ခံတိုင်းခန်း လှည့်လည်သလို တည်တည်ခန့်ခန့်ကြီး ဝင်ရောက်လာ၏။

ထိုအခါ လမ်းတစ်နေရာတွင် ရွာ၏လုံခြုံရေးအတွက် ရွာသား တစ်ယောက်က ဒူးလေးကိုင်ဆောင်ထားသည်ကို ဓားပြကြီးက လှမ်း၍မြင် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ပင် မိုးနက်၏မြင်းက ထိုသူထံသို့ဦးလှည့်ကာ ကဆုန်ဆိုင်းလေ၏။

မိုးနက်သည် ထိုသူကိုမြင်းနှင့်အရှိန်ပြင်းစွာ ဝင်ရောက် တိုက်လိုက်ရာ ထိုသူသည် လူတခြားဒူးလေးတခြားဖြစ်ကာ၊ မြေပြင်တွင် ပုံလျက် လဲကျသွား၏။

မိုးနက်ကထိုသူအနီး၌ မြင်းကိုလှည့်ပတ်စီးကာ လက်တွင်းမှ သေနတ်ကို ကျည်ဆန်ဖြည့်ရင်းမှ

*"ငါ့ရှေ့မှာ ဘယ်လိုရန်သူကိုမှ လက်နက်ကိုင်ခွင့် မပြုနိုင်ဘူး၊ မင်းတို့ရွာသားတွေကို မှတ်သားလောက်အောင် သင်ခန်းစာပေးရတာပေါ့ကွာ"*

ဟုဆိုလေ၏။

ထို့နောက် ကျည်ဆန်ဖြည့်တင်းပြီးသောသေနတ်ကို လှည့်ပတ်ကစားပြီး မြေပြင်ပေါ်မှလူဆီသို့ ချိန်ရွယ်လိုက်လေ၏။

ထိုအဖြစ်ကို မြင်လိုက်ရသောသူကြီးသည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

မိုးနက်သည် ရွာသားများကို လက်ဖျားနှင့်မထိပါဟု ကတိပေးခဲ့၏။ ယခုတော့ အပြောတစ်မျိုးအလုပ်တစ်မျိုးဖြစ်နေချေပြီ။

ထိုအခိုက်တွင် မိုးနက်နှင့်မလှမ်းမကမ်းရှိ ဝတ်ရုံနက် ဓားပြတစ်ယောက်၏မြင်းသည် ရုတ်တရက် ကျည်လောင်စွာဟီလိုက်ပြီ မတ်တပ်



ရပ်ကာ၊ မိုးနက်၏ မြင်းကိုဘေးခြင်းယှဉ် ၍ဝင်တိုက်လေတော့၏။

ထိုအချိန်၌ မိုးနက်သည် သေနတ်မောင်းခလုတ်မှ လက်ညှိုးကို ကွေးညွှတ်လိုက်ပြီဖြစ်၏။

ဒိုင်းခနဲမြည်ဟိန်းသံထွက်ပေါ်လာသော်လည်း၊ မြေပြင်မှ ရွာသားသည် ဘာမျှမဖြစ်ဘဲ အူကြောင်ကြောင်နှင့် လူးလဲ၍ထလာနိုင်၏။

မိုးနက်၏မြင်းမှာ အခြားဝတ်ရုံနက်၏မြင်းနှင့် ထိခိုက်မှုကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားလေရာ သေနတ်မှာ ချိန်သားမကိုက်ဖြစ်သွား၏။

မိုးနက်က သူ၏ဝတ်ရုံနက်ထံသို့ စူးစိုက်ကြည့်ပြီး ဓားပြလူသစ်မှန်းသိ၍

*"ဟောကောင် မင်းလုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ၊ မြင်းကို ကောင်းကောင်းထိန်းစမ်းကွာ"*

ဟုပြောကာ စိတ်ပြောင်းသွားဟန်ဖြင့်

*"ကဲ... ဟေ့ သွားကြမယ်၊ ဟောကောင်လူသစ် မင်းကရွာအနောက်တံခါးမှာ ကင်းသွားစောင့်ပေတော့"*

ဟုအမိန့်ပေးလေတော့၏။

ထိုအခါမှ ဓားပြလူသစ်သည် သက်ပြင်းချကာ ရွာအနောက်တံခါးဆီသို့ထွက်ခွာသွားလေ၏။

ဓားပြလူသစ်ဟန်ဆောင်ထားသည့် ကြက်တောသည် ရွာအနောက်ဘက်တံခါးသို့ ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည်အခြေအနေအားလုံးကို ခြုံငုံ၍သုံးသပ်မိပြီဖြစ်၏။ မျောက်ဆိပ်သည်လည်း သူကြီးအိမ်တွင်အချုပ်အနှောင်ခံနေရဆဲပင်ဖြစ်၏။

သူ့တွင်မျောက်ဆိပ်ကို ကယ်တင်ရန်ဦးတည်ထားသော်လည်း ရွာသားများအတွက် မိုးနက်၏ရန်မှ ကယ်တင်ရန် စဉ်းစားမိလေ၏။

ပြီးနောက် ကြက်တောသည် ကိုယ်ပေါ်မှ ဝတ်ရုံမည်းနှင့်မျက်နှာဖုံးစွပ်သားရေစကို စွန့်ပစ်ကာ မြင်းကိုတစ်နေရာဆီသို့ ဒုန်းဆိုင်းလေတော့၏။

မိုးနက်သည် အပေါင်းအပါစုံလင်စွာနှင့် သူကြီးအိမ်သို့ရောက်သောအခါ မည်းမည်းသေးသေးနှင့် လူတစ်ယောက်ကို ထိတ်တုံးခတ်လျက်သားတွေ့ရလေရာ

"သူကြီး ဒီတစ်ကိုယ်လုံးမှုံးယောင်ပြီး မျက်နှာပြောင်စပ်စပ်နဲ့လူကဘာယ်သူလဲ"

ဟု မေးမြန်းလေ၏။ သူကြီးက

"ကျုပ်တို့ရွာကိုရောက်လာတဲ့ လူရူးတစ်ယောက်ပါ၊ ဒီကောင်က ကျုပ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့လို့ အပြစ်ဒဏ်ပေးထားရတာပဲ"

ဟုအဖြေပေးလေ၏။

သူကြီးသည် အိမ်အောက်ထပ်တွင်ပင် မိုးနက်တို့အဖွဲ့ကို နေရာပေးလေ၏။





မိုးနက်က သူကြီးထိုင်နေကျ ကုလားထိုင်ကြီးတွင်ထိုင်၍

"ဒီမှာသူကြီး၊ ဟောဒီရွာက ချမ်းသာတဲ့အိမ်တွေ မှန်သမျှ သူတို့ ကိုယ်တိုင်ကျုပ်ဆီလာပြီး ပစ္စည်းတွေ အပ်နိုင်းလိုက်ပါ၊ ကျုပ်ကိုလိမ်ညာမယ် မကြံနဲ့နော်"

ဟုအမိန့်ပေးလေတော့၏။

သူကြီးက ခေါင်းညိတ်ပြီး

"ကောင်းပြီလေ၊ ကျုပ်တို့ကို အချိန်နည်းနည်းတော့ ပေးပါ"

ဟုခွင့်တောင်းလေ၏။

ထို့နောက်သူကြီးသည် ဓားပြများကို အချိန်ဆွဲထားရန်အတွက် အသင့်ရှိနေသည့်စားသောက်ဖွယ်အကြော်အလှော်မျိုးစုံကို အရက်နှင့်ဧည့်ဝတ်ပြုလေ၏။

ထိုအရာများသည် မျောက်ဆိပ်ကိုလာရောက်ဖမ်းဆီးမည့် ပုလိပ်များအတွက်ပြင်ဆင်ထားခြင်းဖြစ်၏။

ထိုအခါ မိုးနက်က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ဟား ဟား… မိုးနက် ဓားပြတိုက်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ သက်သက်သာသာဓားပြတိုက်ခဲ့ရတာ ဒီတစ်ကြိမ်ပဲရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုလေ၏။

ထို့နောက် မိုးနက်သည် ထိုသို့ရှိနေသော်လည်း သတိမကင်း သွတ်ချေ။

ရွာအရှေ့အနောက်တံခါးများတွင် ကင်းချကာ သူကြီးအိမ်အနီး၌လည်း ဓားပြနှစ်ဦးသုံးဦးကို အသင့်အနေအထားဖြင့် ရှိနေစေ၏။

သူကြီးမှာမူ ပုလိပ်များအလျှင်အမြန်ရောက်လာရန်ကိုသာ ရင်တဆိတ်ဆိတ်ဖြင့် စောင့်မျှော်နေလေ၏။

သူကြီးကတော်မှာလည်း ဓားပြများ၏စားသောက်ရေးကိုတာဝန်ယူ၍ အောင့်သက်သက်ဖြင့် နိုင်းစေသမျှကိုလုပ်ကိုင်ပေးနေရ၏။

အချိန်အတန်ကြာထိ မိုးနက်ရှိရာသို့ မည်သည့်ရွေ့ရွေ့များမှ ရောက်ရှိမလာသေး သောကြောင့် မိုးနက်က

*"ဘယ်လိုလဲ သူကြီးလူတွေ အလျှံခံထွက်တာ ကြာလှချည်လား၊ ကျုပ်စိတ်မရှည်တော့ဘူး"*

ဟုအော်ဟစ်ပြောလိုက်ရာ သူကြီးက

*"ကျုပ်လူတွေကို သေသေချာချာမှာထားပါတယ်၊ အိုးတန် ပစ္စည်းမှန်သမျှ တစ်ခုမကျန်အောင် သိမ်းကျုံးပြီး ရှာဖွေနေရလို့၊ ကြန့်ကြာနေတာဖြစ်မှာပါ၊ ခဏလောက် သည်းခံပါ"*

ဟုချော့မော့၍ထားလေ၏။





ထိုအခိုက်တွင် ဖျောက်ဆိပ်သည်လည်း သူ့ရှေ့မှအဖြစ်အပျက်များကိုကြည့်ရှုနေရင်း အကင်းပါးသူပီပီ သူကြီး၏အကြံကိုရိပ်မိလေ၏။

မိမိကိုဖမ်းဆီးရန်ပုလိပ်များသည် သန်းခေါင်ကျော်လျှင် ရောက်လာမည်ဟု သူကြီးကပြောခဲ့ဖူးသည် ထိုပုလိပ်များကို စောင့်ဆိုင်းရင်း အချိန်ဆွဲနေချေပြီ။

ထို့ကြောင့်လည်း မိမိက တစ်တပ်တအားပါဝင်ရပေတော့မည်။ ထို့နောက် ဖျောက်ဆိပ်သည်သူ့အနီး၌ အခြားဓားပြများစားသောက်နေသည်ကိုကြည့်၍ သွားရည်ကျနေသော်လည်း မစားမသောက်ရဘဲ လုံခြုံရေးယူနေရသော ဓားပြကို

*"ဟောလူ ခင်ဗျားပြင်ဆင်ထားပုံက ယမမင်းကြီး ကလွှတ်လိုက်တဲ့ မကောင်းဆိုးရွားကောင်ကြီးနဲ့သိပ်တူတာပဲ"*

ဟုစကားစလေရာ ဓားပြကရင်ကိုကော့၍

*"ဒါပေါ့ကွ ငါတို့ဆရာကြီးက တို့ကိုမြင်တာနဲ့ လူတွေထိတ်လန့်သွားအောင် ဒီလိုစီစဉ်ထားတာပဲ"*

ဟုအဖြေပေးလေ၏။

ဖျောက်ဆိပ်သည် ထိုသူ၏စကားကိုအမှုမထားဘဲ ဆက်၍

*"မတော်ပါဘူးဗျာ၊ ဒီလိုပဲ ပိတ်ပဟန်ထုတ်နေတော့ ကြတာပဲ"*



www.burmeseclassic.com

www.burmeseclassic.com



ဟုရေရွတ်လေရာ ဓားပြက ဖျောက်ဆိပ်အနီးသို့တိုးကပ်ပြီး

*"မလောက်လေး မလောက်စားနဲ့ သေသွားချင်ပြီ ထင်တယ်"*

ဟုပြောလေ၏။

ဖျောက်ဆိပ်ကခေါင်းယမ်းပြီး

*"ဒီလိုချုပ်နှောင်ထားတဲ့ရှာကိုမှ ဖြစ်ခြောက်တာတော့ ကလေးတွေတောင်လုပ်တတ်ပါတယ်"*

ဟုစိန်ခေါ်လေတော့၏။

ဖျောက်ဆိပ်၏စကားကြောင့် ဓားပြသည်တရှူးရှူးနှင့် ဒေါသထွက်သွား၏။

ထိုအခိုက်တွင် မိုးနက်က သူတို့ထံသို့လှမ်း၍

*"ဟေ့ကောင်တွေ ဘာဖြစ်နေတာလဲ"*

ဟုမေးမြန်းလေရာ ဓားပြက

*"ဒီကောင်လှာကဖြင့်လက်မလောက်ရှိတယ်၊ သခင်ကြီးရှင် သူ့ကို ထိပ်တုံးကဖြုတ်ပေးပါတဲ့၊ ကျုပ်နဲ့ တိုက်ခိုက်မလို့ စိန်ခေါ်နေတယ်၊ ကျုပ်စိတ်မထိန်းနိုင်တော့ဘူး"*

ဟုသတင်းပေးလိုက်၏။

မိုးနက်က ဖျောက်ဆိပ်ကိုကြည့်၍

*"တော်တော်လေရှည်ကြီးတဲ့ကောင်ပါလား၊ အေတော်ပဲ၊*





*ဒီနှစ်ယောက်သတ်တာကို အပျင်းပြေကြည့်ရတာပေါ့၊ သူကြီးအဲဒီကောင်ကို အချုပ်အနှောင်ကလွှတ်လိုက်စမ်းပါ"*

ဟုပြောလေတော့၏။

ဓားပြသည် အိမ်ရှေ့မြေကွက်လပ်တွင် ဖျောက်ဆိပ်ကို တိုက်ခိုက်ရန်အသင့်စောင့်နေလေ၏။

ဖျောက်ဆိပ်ကို သူကြီးကိုယ်တိုင် အချုပ်အနှောင် မှလွှတ်ပေးရာ ဖျောက်ဆိပ်ကလေသံတိုးတိုးဖြင့်

*"သူကြီး ကျုပ်ဒီကောင်တွေ အားလုံးကိုက်အောင်လှုပ်ပြီး အရှိန်ခွဲထားပါ့မယ်"*

ဟုပြောလိုက်လေ၏။

သူကြီးသည် ဖျောက်ဆိပ်၏အပြုအမူကိုသဘောပေါက်သွားပြီး စိတ်အတွင်းမှ

*"ဒီကောင်ကအခုလို ဆိုတော့လည်း ဘယ်ဆိုးရှိလဲ"*

ဟုမှတ်ချက်ချလေ၏။

ဖျောက်ဆိပ်သည် သိုင်းပညာကို ကျွမ်းကျင်စွာတတ်မြောက်ထားသူမဟုတ်ချေ။ သူတတ်ကျွမ်းသည်က အရှောင်အတိမ်းပညာသာဖြစ်၏။

ဖျောက်ဆိပ်က ဓားပြကို ဒေါသတကြီးဖြစ်အောင် လှည့်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြလေ၏။

ဓားပြသည် ဖျောက်ဆိပ်ကို အကြမ်းပတမ်းဝင်ရောက်တိုက်ခိုက်သောအခါ၊ ဖျောက်ဆိပ်က မျောက်ခုန်ခုန်၍ လှည့်ပတ်ပြေးလွှားတော့၏။

ထိုအဖြစ်ကြောင့် မိုးနက်သည် သူ့ကို လူရွှင်တော်များက ဖြေဖျော်နေသလိုတဟားဟားဖြင့် သဘောကျနေလေ၏။

ဖျောက်ဆိပ်သည် ထိုသို့ရှိစေကာမူလည်း တစ်ချိုတစ်ချိုတွင် ဓားပြ၏တိုက်ခိုက်မှုကို မသက်မသာ ခံစားနေရ၏။ သူ့တစ်ကိုယ်လုံးတွင် ဒဏ်ရာလေးများ၏ လက်စွမ်းပြမှုဖြင့် ဖူးယောင်လျက်ရှိ၏။

ဓားပြ၏လက်ချက်ဖြင့်လည်း ဒဏ်ရာတို့က အထပ်ထပ်ဖြစ် လာ၏။ ဖျောက်ဆိပ်သည် လဲကျသွားလျှင်လည်း လူးလဲ၍ထကာ

*"ဘယ်ရှိလဲ ဓားပြကြီး၊ ကျုပ်ကို အနုထိနိုင်အောင် မတိုက်ခိုက်နိုင်သေးဘူးလား"*

ဟုထပ်မံစိန်ခေါ်၍ အရှိန်ဆွဲထားလေတော့၏။

ဖျောက်ဆိပ်ခမျာ မည်သို့ပင် အရှိန်ဆွဲဆွဲ၊ နောက်ဆုံးတွင် ဓားပြ၏ လက်ချက်ကို ရှောင်တိမ်းပြေးလွှားရန်ပင် အားမရှိတော့ဘဲ၊ မြေပေါ်သို့ သတိကင်းလွတ်သွားတော့၏။

တစ်ပြိုင်နက်ပင် လူအားလုံးသည် ရွာအရှေ့တံခါးဆီမှ ရှည်သော သေနတ်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့၏။



ရွာအရှေ့တံခါးဆီမှ ရှည်သောသေနတ်သံများထွက်ပေါ်လာသည်ကိုကြားလိုက်ရသော မိုးနက်သည် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ၊ လက်တွင်းမှအရက်ခွက်ကို စားပွဲပေါ်သို့ဆောင့်၍ချပြီး

*"ဟေ့ကောင်တွေ၊ ဘာတွေဖြစ်ကုန်ပြီလဲ သေချား"*

ဟုရေရွတ်လေ၏။

ပြီးလျှင်မိုးနက်နှင့်ဓားပြအရှိုသည် သူကြီး၏အိမ်တွင်အစောင့်အနည်းငယ်ထားရစ်ကာ သေနတ်သံများကြားရာသို့ မြင်းကိုဒုန်းစိုင်း၍ ထွက်ခွာသွားလေ၏။

ထိုအခိုက်တွင် ရွာ၏အနောက်တံခါးဆီမှ လက်နက်ကိုင်များကိုင်ဆောင်လာသည့် လူစုလူဝေးသည် ညာသံပေး၍အော်ဟစ်ကာ ဝင်လာကြပြန်၏။

ထိုအခါ သူကြီးကမျက်လုံးပြူးသွားပြီး

*"ရွာထဲကိုဘယ်ကလူတွေ ဝင်လာကြပြန်ပြီလဲ"*

ဟုရေရွတ်ပြန်၏။

ထိုလူစုလူဝေးကြောင့် သူကြီးအိမ်မှ ဓားပြများသည် အကာအကွယ်တွင် နေရာယူကာ ထိုသူများကို တိုက်ခိုက်ရန်ဟန်ပြင်သောကြောင့် ဓားပြတစ်ယောက်က

*"ဟေ့ကောင်တွေ… ရမ်းမလုပ်နဲ့ဦး ငါတို့လူပါ လာတယ်"*

www.burmeseclassic.com

www.burmeseclassic.com



ဟုသတိပေးလေ၏။

မြင်းစီးသမားသည် ရွာအနောက်တံခါးကို စောင့်ကြပ်ရန်တာဝန်ချထားသော ဓားပြလူသစ်ဖြစ်၏။

ထို့ကြောင့်ဓားပြများသည် လူစုလူဝေးကြီးကို မပစ်ခတ်သေးဘဲ အခြေအနေကိုစောင့်၍ ကြည့်ရှုနေကြ၏။

ထိုအခိုက်ဓားပြလူသစ်က သူတို့အနီးသို့ရောက်ရှိလာ၏။ ထိုအခါ ဓားပြတစ်ယောက်က

*"ဟောကောင်လူစုလူဝေးကြီးနဲ့ဘယ်လိုဖြစ်လာတာလဲ"*

ဟုမေးမြန်းလေရာ လူသစ်ကမြင်းပေါ်မှနေ၍

*"ဒီလူတွေက ဟိုးဘက်ချောင်းဝရွာကလူတွေပဲ သူတို့ကဒီရွာနဲ့ အမြဲရန်စောင်နေတဲ့သူတွေပဲ၊ ဒါကြောင့် ဒီရွာကို ဓားပြတွေရောက်နေတယ် ကြားလို့ ရောက်လာကြတာ"*

ဟုအဖြေပေးလေ၏။

ထိုအခါ ကျန်ဓားပြတစ်ယောက်က

*"ဒါဆိုရင်တို့ဘက်က အကူအညီပေးမလို့ပေါ့၊ ရွာအရှေ့ဘက်မှာ တိုက်ပွဲဖြစ်နေလို့ ဆရာကြီးထွက်သွားတယ်"*





ဟုဆိုလေရာ လူသစ်ကခေါင်းယမ်းပြီး

*"မင်းတို့လိုဓားပြတွေကို ဘယ်သူကအကူအညီပေးမှာလဲ"*

ဟုရေရွတ်ကာ တစ်ဆက်တည်းဝင် လက်ထဲမှသေနတ်ခင်ဖြင့် ထိုသူကို မိတ်ဆက်ပေးလိုက်၏။

ကျန်ဓားပြများလည်း မည်သို့မျှလှုပ်ရှား ခြင်းမပြုနိုင်ခင်မှာပင် လူစုလူဝေးကြီး၏ ဖမ်းဆီးခြင်းကိုခံလိုက်ရ၏။

သူကြီးသည် လူစုလူဝေးကိုကြည့်ကာ ပါးစပ်အဟောင်းသားဖြစ်သွား၏။

ပြီးလျှင်ထိုသူများကို ဦးဆောင်လာသည့် ဓားပြကသားရေမျက်နှာဖုံးစွပ်ကိုချွတ်လိုက်ရာ မျောက်ဆိပ်၏မိတ်ဆွေ ကြက်တောဖြစ်နေသည်ကို တွေ့ရသောကြောင့် မျက်လုံးပြူးကျယ်သွားပြန်၏။

ကြက်တောက အဖြစ်အပျက်များကိုသူကြီးထံမှသိရလေရာ၊ အလျှင်အမြန်ပင် ရွာခံလူများနှင့်ချောင်းဝရွာသားများကို

*"ဒီအတိုင်းဆိုရင် မိုးနက်ရွာထဲကို ပြန်ဝင်လာနိုင်တယ်၊ ပုလိပ်တွေကို ရွာထဲကနေပြီးခုခံဖို့ စီစဉ်မှာပဲ၊ ကျုပ်တို့က လာလမ်းကဆီးပြီး တိုက်ကြမယ်"*

ဟုပြောဆိုလိုက်လေ၏။

ထို့နောက်တွင် မိုးနက်နှင့်အဖွဲ့သည် ပုလိပ်များနှင့်ရွာသားများ၏



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်ညှပ်ကာတိုက်ခိုက်ခြင်းကိုခံရလေ၏။

နောက်ဆုံးတွင် မိုးနက်သည် တဝဥ္စတစ်ယောက်နှင့်အတူ ထွက်ပြေးလွတ်မြောက်ကာ၊ ကျန်ဓားပြများသည် သေသူသေ အဖမ်းခံရသူ ခံရဖြင့် ရွာတွင်း၌ကျန်ရစ်ခဲ့လေ၏။

ထိုအချိန်တွင် ကြက်တောသည် သတိကင်းလွတ်နေသည့်ဖျောက်ဆိပ်ကို မြင်းပေါ်တင်ပြီး

*"ကျုပ်တို့နှစ်ယောက်က ပုလိပ်တွေဘာတွေနဲ့ မတည့်တဲ့ရောဂါရှိတယ်ဗျ။ မကြာခင်ဒီလူတွေ သူကြီး အိမ်ရောက်လာကြလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့သွား တော့မယ်"*

ဟုဆိုကာနှုတ်ဆက်၍ ကမ်းသာရွာကလေးကိုကျောခိုင်းလိုက်တော့၏။

ကြက်တောသည် ဖျောက်ဆိပ်ကိုခေါ်၍ ချောင်းဝရွာကလေးတွင် ကောင်းစွာပြုစုကုသပေးရပေဦးမည်။

ချောင်းဝရွာမှ လယ်ပိုင်ရှင်နှင့်ကမ်းသာရွာသူကြီးတို့လည်း ယခုအချိန်ဆိုလျှင် ရွှေလမ်းငွေလမ်းဖောက်နေကြပေတော့မည်။

အမှန်တကယ်လည်း ဖျောက်ဆိပ်ကောင်းစွာ အနားယူ၍ ကျန်းမာလာချိန်တွင် လယ်ပိုင်ရှင်သားနှစ်ယောက်နှင့် သူကြီးသမီးနှစ်ယောက်တို့၏ မင်္ဂလာဩဘာဓာကို ကောင်းစွာဖတ်ကြားပေးခဲ့၏။





ပြီးလျှင်ကြက်တောနှင့်ဖျောက်ဆိပ်တို့အတွက် ခရီးရှည်ကြီးကို ဆက်လှမ်းရပေဦးမည်။

သူတို့သည်ထိုရွာကလေးနှစ်ရွာတွင် ပျော်ရွှင်စွာဖြင့် လှည့်ပတ် နေထိုင်ရင်း ရက်အတန်ကြာတွင် ထွက်ခွာလာကြတော့၏။

သူတို့နှစ်ယောက်သည် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်သွားလာခဲ့ကြ၏။

နှစ်ယောက်စလုံး ကိုယ်စီအစွမ်းအစရှိသူများဖြစ်သောကြောင့် ကြုံရာအလုပ်ကို လုပ်ကိုင်ရင်း အခက်အခဲဒုက္ခနှင့် ကြုံတွေ့နေသူများကို ကောင်းစွာကူညီစောင့်ရှောက်ခဲ့ကြ၏။

အချိန်တို့တရွေ့ရွေ့ကုန်ဆုံးလာသော်လည်း သူတို့၏ ရည်ရွယ်ချက်ကို အကောင်အထည်မဖော်နိုင်ကြသေးပေ။

သူတို့ရည်မှန်းထားရာ တစ်နှစ်ဟူသောအချိန်ပြည့်ရန် လပိုင်းမျှသာကျန်ရှိတော့၏။

တစ်နေ့သ၌ရန်ကုန်မှ မန္တလေးသို့ထွက်ခွာလာသည့် မီးရထား တစ်စင်းပေါ်တွင် ဖော့ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည့် လူငယ် ကလေးတစ်ယောက်သည် ၊ ယိမ်းထိုးလှုပ်ရှားနေသော မီးရထား ကြောင့် ဝတ်ဝန်းကျင်ရှုခင်းများကိုပင် မငေးမောနိုင်တော့ဘဲ တဖြည်းဖြည်း ငိုက်မြည်း၍လာလေ၏။

လူငယ်၏ရင်ခွင်တွင်၌ခရီးဆောင်အိတ်ကို ပိုက်တာ နံဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဆင်စဲထိုးတစ်ချောင်းကလည်း ထောင်လျက်သားရှိနေ၏။

လှုငယ်နှင့် ဘေးခြင်းကပ်တွင် မန္တလေးသူဖြစ်ဟန်တူသော လုံကြီးပေါက်လှ မိန်းမတစ်ယောက်သည်လည်း လိုက်ပါလာ၏။

ထိုမိန်းမသည်အသက်(၂၅)နှစ်ခန့်ရှိကာ၊ အသားညိုသော်လည်း မျက်နှာမှာ အစဉ်ပြုံးရွှိ နေသောကြောင့် ရှိရင်းအသက်ထက်ပို၍ ငယ်နုနေ၏။

ရထားချိန်က နောက်ကျသောကြောင့် ပဲခူး၊ လှန်လျှင်ပင် မှောင်စပြုနေပြီဖြစ်၏။

ထိုအချိန်၌ လုံးကြီးပေါက်လှ မိန်းမကစတင်၍ လှုငယ်ကို

*"မောင်လေးရွှေဘုတာတွေမှာ အလစ်သမားတွေ ပေါင်းကျန်းတယ်၊ ကိုယ့်ပစ္စည်းကလေးတွေ ဂရုစိုက် ပြီးကြည့်ပါ"*

ဟုသတိပေးလေ၏။

လှုငယ်မှာမူတစ်ချိန်လုံး မှောဦးထုတ်ကြီးကိုသာငိုက်၍ ဆောင်းထား ရာမိန်းမ၏စကားကိုကြားလျှင် အနည်းငယ်လှုပ်ရှားလာပြီး

*"ဟုတ်ကဲ့ကျွန်တော်သတိထားပါ့မယ်"*

ဟုအပြေပြောကာ မှောဦးထုတ်ကိုပို၍ခပ်ငိုက်ငိုက်ဖြစ်စေရန် ထပ်မံ၍ မျက်နှာပေါ်သို့ဆွဲချလေ၏။

မိန်းမကမူ လှုငယ်ကို မကြာခဏခိုး၍ကြည့်ကာ စိတ်အတွင်းမှ

*"ဒီကောင်လေးက ရုပ်တတ်ပုံရတယ်၊ သူ့ပုံစံက နှမ်းပါးပုံပေါက်နေပေမဲ့၊ အသားကလေးတွေက နုဖတ်နေ တာဘဲ လက်ကလေးတွေကလည်း၊ သေးသေးသွယ်သွယ် ကလေးတွေ မျက်နှာကလည်း တကယ့်ကလေးလေး တစ်ယောက်အတိုင်း အပြစ်ကင်းစင်ပြီးချစ်စရာကလေးဘဲ"*





ဟုတွေးမိကာ နောက်ဆုံးတွင် ထိုလှုငယ်ကို မိန်းမချောချောသည် ဟုမှတ်ချက်ချလိုက်တော့၏။

ထိုမိန်းမသည် ဒိုက်ဦးဘူတာသို့ရောက်လျှင် ပုစွန်ချဉ်ထုတ်များ ကိုဝယ်လေ၏။ ဖတ်လတ်ဆတ်ဆတ်ကြော်ထားသည့် ချိုးကြော်၊ စနိုက်ကြော်တို့ကိုလည်းဝယ်ကာ နဘေးမှလှုငယ်ကို

*"မောင်လေးစားစမ်းပါ၊ ငြင်းပယ်ဖို့တော့ စိတ်မကူး ပါနဲ့နော်၊ ရှိုးသွားခြင်းမိတ်ဖြစ်ချွေဖြစ်ပေါ့ကွယ်၊ မမတို့ မန္တလေးသူတွေက ကျွေးရင် စားမှသဘောကျတာကွ"*

ဟုမငြင်းသာအောင်ပြောဆို၍ ကျွေးမွေးလေ၏။

လှုငယ်သည်ထို မိန်းမမျက်နှာကို စေ့စေ့ပင်မကြည့်ရဲဟန်ဖြင့် ချိုးကြော်တစ်ကောင်ကိုယူ၍ စားသောက်လေ၏။

ထိုအခါမိန်းမက သာမိုဓါတ်ဘူးဖြင့် အသင့်ထည့်လာသည့် ကော်ဖီ ကိုတိုက်ကာ၊ လက်ဆွဲခြင်းဖြစ် အပြည့်ရှိနေသည့်အစားအသောက် များကိုလည်း ထုတ်ယူပြီး၊ လှုငယ်ကိုကျွေးမွေးပြန်၏။

လှုငယ်ကလက်ကာပြ၍ လေသံတိုးတိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ ကျုပ်ကအစားအသောက်ကို အများကြီး မစားတတ်လို့ပါ၊ ကျေးဇူးတင်ပါတယ်"

ဟုငြင်းဆန်လေ၏။ မိန်းမကမူ

"အစ်မနာမည်က မခြချစ်လို့ခေါ်တယ်၊ မန္တလေးနဲ့ အမရပူရကား လမ်းဘေးက ရွာကလေးတစ်ရွာမှာ နေတာပဲ၊ အလုပ်အကိုင်ကတော့ မီးရထားနဲ့ အစုန်အဆန် သွားရင်း ကုန်ကူးနေတဲ့ ကုန်သည်ဆိုပါတော့ကွယ်"

ဟုသူ့ကိုယ်သူ မိတ်ဆက်လေ၏။

လှငယ်က ခေါင်းညိတ်ပြီး စိတ်ဝင်တစားနားထောင်ဟန်ဖြင့် ရှိလေရာ မခြချစ်ဟူသော မိန်းမကဆက်၍

"ဒါနဲ့စကားမစပ် မောင်လေးက ဘယ်ကိုခရီးဆက် မှာလဲ"

ဟုမေးမြန်းလေ၏။

လှငယ်က အတန်ကြာမျှငြိမ်သက်သွားပြီးနောက်

"ကျုပ်က စစ်ကိုင်းတောင်ရိုးကိုသွားမလို့ပါ၊ ဇာတိက တော့ ဧရာဝတီမြစ်ဝကျွန်းပေါ်က တောင်ခြေရွာကလေး တစ်ရွာမှာနေတာပါ"

ဟုအဖြေပေးလေ၏။

မခြချစ်ကဆက်၍





"မောင်လေးကလည်း တော်တော်စကားနည်းတာပဲ၊ မောင်လေး နာမည်ကိုလည်းပြောဦးမှပေါ့"

ဟုဆိုလေရာလှငယ်က

"ကျုပ်ကိုမောင်မှန်လို့ခေါ်ရင်ရပါတယ်"

ဟုအဖြေပေးရပြန်၏။

ဤသို့ဖြင့် မခြချစ်သည်အစားကိုမပြတ်တမ်းစားသလို စကားကို လည်းအမျှင်မပြတ်ပြောဆိုလေ၏။

လှငယ်မှာမူ မထုံတက်တေးရှိနေ၏။ ရထားသည် ညဦးသန်းခေါင် ခန့်တွင် ဘူတာငယ်ကလေးတစ်ခုတွင် ရပ်တန့်လေ၏။

ထိုအချိန်၌ မခြချစ်သည် စကားပြော၍မောသွားပြီဖြစ်သော်လည်း၊ လှငယ်ကိုမူအရိပ်တကြည့်ကြည့်ရှိနေလေ၏။

လှငယ်သည် ရထားနံရံတွင် ခေါင်းကပ်၍ အိပ်ပျော်နေပြီလားမသိ၊ ငြိမ်သက်နေလေ၏။

ရထားသည် ဘူတာငယ်ကလေးတွင် ခေတ္တမျှရပ်တန့်၍ပြန်လည် ထွက်ခွာလေရာ တေလေကျိုးကလေးတစ်ယောက်သည် မောင်မှန်ခေါ်လှငယ် ရှိနေရာပြတင်းကို ခိုတွယ်၍ရရာပစ္စည်းကို ဆွဲယူပြေးရန်ကြိုးစားလေတော့ ၏။

ရထားကလည်းအရှိန်ပြင်းလာပြီဖြစ်၏။ မခြချစ်သည် ပြတင်း ပေါက်တွင်တေလေကျိုးကလေးကို ရုတ်တရက်မြင်လိုက်လေရာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကျယ်သွား၏။

တစ်ပြိုင်နက်ပင်မမြချစ်က

"မောင်မှန် မောင်မှန်"

ဟုခေါ်ကာ တေလေကျပိုးကလေး၏ထိပ်ကိုလည်း တခွပ်ခွပ်လှမ်း၍ခေါက်လိုက်လေတော့၏။

တေလေကျပိုးကလေးသည်အခြေအနေမဟန်မှန်း သိကာဆွဲမိဆွဲရာဆွဲလိုက်သည့် ကြက်ဆင်ဖဲထီးကိုပင် မယူနိုင်တော့ဘဲ လက်လွှတ်ကာ ရထားပြတင်းမှဖယ်ခွာသွားလေ၏။

မောင်မှန်သည် ထိုကဲ့သို့ဝရုန်းသုန်းကားဖြစ်မှုကြောင့် လန့်နိုးလာပြီး ကြက်ဆင်ဖဲထီးကိုဆုပ်ကိုင်ကာ၊

"တော်ပါသေးရဲ့ဗျာ၊ ကျုပ်ထီးကလေးပါမသွားလို့ အစ်မ မမြချစ် မျက်စိလျင်ပေလို့ပဲ"

ဟုမမြချစ်ကို ကျေးဇူးတင်စကားဆိုလေ၏။

မောင်မှန်သည် ထိုထီးကိုတော်တော်မြတ်နိုးဟန်ရှိ၏။ သူ၏ခရီးဆောင်အိတ်နှင့်အတူရော၍ ပွေ့ပိုက်ထားလိုက်လေ၏။ မမြချစ်က မောင်မှန်ကို ချစ်စဖွယ်မျက်စောင်းထိုးလိုက်ပြီး

"မင်းက အအိပ်ကြီးတာကိုးကွ၊ မမြကသတိပေးထားရက်နဲ့ ခရီးသွားတယ်ဆိုတာ ကိုယ့်အိမ်လိုသဘောထားပြီး၊ စိတ်ချလက်ချနေလို့ မရဘူး"



ဟုဆုံးမလေ၏။

ထို့နောက်မမြချစ်သည် စကားစရသွားသောကြောင့် မောင်မှန်ကို မေးခွန်းများမေးမြန်း၍ စပ်စုပြန်လေ၏။

ထိုအခါ မောင်မှန်သည် အမိအဖများမရှိတော့ဘဲ၊ အားကိုးပြုရန်အတွက် ရန်ကုန်မြို့ရှိ မိခင်၏အစ်မဝမ်းကွဲတော်စပ်သူ သီလရှင်ဆရာကြီးတစ်ပါးထံ ရောက်ရှိလာကြောင်း၊ ထိုသီလရှင်ဆရာကြီးမှာ စစ်ကိုင်းတောင်ရိုးရှိ ချောင်တစ်ချောင်သို့ပြောင်းရွှေ့သွားလေရာ၊ မောင်မှန်လည်း စစ်ကိုင်းတောင်သို့ ဆက်လက်သွားရမည်ဖြစ်ကြောင်းတို့ကို သိရှိသွားလေ၏။

ထိုအခါ မမြချစ်က မောင်မှန်ကိုစာနာဟန်ဖြင့်

"ငါ့မောင်ဘဝက သနားစရာပဲ၊ ပြီးတော့ ငါ့မောင်ရဲ့ဘဝရှေ့ရေးအတွက်လည်း တရားဘာဝနာအားထုတ်နေတဲ့ သီလရှင်ဆရာကြီးကို အားကိုးအားထားပြုရမယ်ဆိုလည်း မဟုတ်သေးပါဘူးလေ"

ဟုရေရွတ်လေရာ မောင်မှန်က

"ကျုပ်ကသီလရှင်ဆရာကြီးရဲ့ အဆောက်အအုံနဲ့ အလုပ်တစ်ခုခုရလိုက်ရင်ဟို ကြံစည်ထားတာပါ"

ဟုပြောလိုက်၏။ ထိုအခါ မမြချစ်က ခေါင်းယမ်းပြီး

"မင်းလို နုနုဖတ်ဖတ်ကလေးက အလုပ်ကြမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



*နဲ့လည်း မသင့်တော်ပါဘူးလေ"*

ဟုဆိုလေရာ မောင်မှန်ကခေါင်းထောင်လာပြီး

*"ဘာဖြစ်ဖြစ်ကျွပ်လုပ်နိုင်ပါတယ်"*

ဟုပြောလေ၏။

မမြချစ်က မျက်လုံးအစုံကမှိတ်မှိတ်တောက်ပပြီး

*"ဒီလိုဆိုရင်လည်း ဟိုးစစ်ကိုင်းတောင်အထိသွား စရာမလိုပါဘူးကွယ်၊ မမြကမောင်မှန်ကိုအလုပ် ကောင်း ကောင်းရှာပေးနိုင်တယ်၊မမြနဲ့သာ လိုက်ခဲ့ပေတော့၊ အိမ်မှာမမြကမိဘတွေမရှိတော့ကတည်းက အဒေါ်နဲ့နှစ် ယောက်တည်းနေတာ"*

ဟုခေါ်လေ၏။

မောင်မှန်သည် ငေးငိုင်ကာ တိတ်ဆိတ်သွားလေ၏။

မမြချစ်သည်စိတ်ထားကောင်းပုံရ၏။ ထို့အပြင်သူ့အပေါ်၌ စေတနာဝိုနေသည်ကိုလည်းရိပ်မိလေ၏။

မမြချစ်က သူ့အတွက် အလုပ်ကောင်းရှာဖွေပေးနိုင်ကြောင်းကို လည်း ယုံကြည်၏။

သို့သော်မောင်မှန်မှာ ကိုယ့်ဝမ်းနာ၊ ကိုယ်သာသိဟူသော အဖြစ်မျိုး ရှိနေလေရာ အတန်ကြာမျှတွေဝေနေမိ၏၊ မမြချစ်သည် မောင်မှန်၏ အမူအရာကြောင့်





*"မောင်မှန်ဘာဖြစ်လို့လည်း၊ မမြနဲ့ လိုက်ရမှာ စိတ်မပါဘူးလား"*

ဟုမေးမြန်းလေ၏။

မောင်မှန်သည် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခေါင်းညိတ်ကာ

*"ကျွပ် အစ်မနဲ့လိုက်ပါ့မယ်"*

ဟုပြောဆိုသော၏။

မမြချစ်သည် မောင်မှန်၏စကားကြောင့် ဝမ်းသာရွှင်လန်းသွား၏။ သူမသည် မန္တလေးသို့ရောက်လျှင် ဈေးသို့သွားကာ မောင်မှန်အတွက် အဝတ်အစားအသုံးအဆောင်များဝယ်ယူပေးလေ၏။

မောင်မှန်ကငြင်းပယ်လေရာ မမြချစ်က

*"ဒီမယ် မောင်မှန်၊ မင်းကိုအလုပ်ရှာပေးမယ်ဆိုတာ တခြားမဟုတ်ဘူး၊ မမြနဲ့အတူအလုပ်တွဲလုပ်ရင်လုပ်၊ ဒါမှမဟုတ်ရင် အိမ်မှာလည်းကုန်စုံ ဆိုင်ဖွင့်ထားသေးတယ်၊ မင်းသာ ကောင်းကောင်းလုပ်နိုင်မယ်ဆိုရင် ကုန်စုံဆိုင်ကို ဦးစီးပြီးလုပ်နိုင်းမယ်၊ ဒါကြောင့် အခုအချိန်ကစပြီး၊ မင်းဟာငါ့ရဲ့ လခစား ဝန်ထမ်းဖြစ်သွားပြီ၊ ငါဝယ်ပေးတာ တွေကို လက်ခံရမယ်"*

ဟုပြောလေ၏။

ထို့နောက်မမြချစ်သည် ကြက်ဆင်ဖဲထီးကို မိုးတွင်ညှပ်၍



www.burmeseclassic.com

www.burmeseclassic.com



ဆေးဦးထုပ်တိုဆောင်းထားသည့် မောင်မှန်၏အသွင်ကိုအပြင်ကို မျက်စိ
နောက်ဟန်ဖြင့်

"မင်းအတွက် သဏ္ဍာလတ်ဦးထုပ် ကောင်းကောင်း
တစ်လုံးတော့ ဝယ်ပေးရဦးမယ်၊ ပြီးတော့မင်းရဲ့ထီးစုတ်ကြီး
ကိုလည်း စွန့်ပစ်လိုက်ဖို့ကောင်းနေပြီ၊ မင်းနဲ့ဘယ်လိုမှ
လိုက်ဖက်မှုတွေမရှိဘူး"

ဟုပြောပြန်၏။

မောင်မှန်သည် ပြုံးပြုံးမှုပုပုဖြစ်လျက်

"ဒီထီးကိုတော့ မလုပ်ပါနဲ့ဗျာ၊ ဒါကျုပ်အမေပေးခဲ့တဲ့
အမွေပါ၊ ဒါလေးကိုအမှတ်တရအနေနဲ့ ကိုယ်နဲ့မခွာ ထား
တာပါ"

ဟုဆိုလိုက်လေ၏။

သူတို့သည်ဈေးချိုမှနေ၍ မဟာမြတ်မုနိဘုရားသို့ ရောက်လာ
ကြပြန်၏။ ဘုရားဖူးပြီးလျှင် တန်ဆောင်းအတွင်း၌ ခေတ္တမျှ အမောဖြေကြရာ
မောင်မှန်က မမြချစ်ကို

"အစ်မက ကုန်ကူးတယ်ဆိုပြီး ဘာကုန်ပစ္စည်းမှလဲ
မပါပါလား"

ဟုမေးမြန်းလေရာ မမြချစ်က မျက်နှာတည်ကာ

"ဒီတစ်ခေါက်သွားတာ ကုန်ကူးဖို့မဟုတ်ဘူးကွ၊





လူတစ်ယောက်နဲ့စာရင်းသွားရှင်းတာပါ၊ အဲဒီလူက
မမြရဲ့တစ်ရှိန်တုန်းက ယောက်ျားပေါ့"

ဟုအဖြေပေးလေ၏။

မောင်မှန်က ပါးစပ်အဟောင်းသားဖြင့်

"ကျုပ်က အစ်မကို အပျိုကြီးလို့ထင်နေတာ"

ဟု ရေရွတ်လေရာ မမြချစ်က သက်ပြင်းချပြီး

"လူတော်တော်များများလည်း မမြကို အဲဒီလို
ထင်နေကြတာပါ၊ အစ်မနဲ့သူက(၆)လလောက်ပဲ ပေါင်း
လိုက်ရတာကိုး၊ သူနဲ့အစ်မက ဒီလိုပဲ ရန်ကုန်မန္တလေး
အစုန်အဆန်ကုန်ကူးရင်းတွေ့ပြီးညားကြတာတဲ၊ အဲဒီနောက်
တော့ သူ့ရဲ့စာတီ အောက်ပြည်အောက်ရွာပြန်မယ်
ဆိုပြီးပျောက်သွားလိုက်တာ၊ အခု ဆိုရင် တစ်နှစ်ကျော်ပြီ၊
မကြာခင်ကမှ ရန်ကုန်၊ ပုဇွန်တောင်ဘက်မှာရှိတယ်လို့
သတင်းအတိအကျရတာနဲ့ လိုက်သွားတာ၊ ဟိုမှာ သူက
နောက်မိန်းမတစ်ယောက်ရနေပြီလေ၊ သူထွက်သွားတော့
မမြစုဆောင်းထားတဲ့ပစ္စည်းကလေး တွေအကုန်ပါသွား
တယ်၊ ယခုတော့ မမြရင်ထဲမှာ သူမရှိတော့ဘူး၊ ဒီလူနဲ့
လည်းပြတ်ပြတ်စဲစဲဖြစ်အောင် အားလုံးရှင်းခဲ့ပြီ၊ တကယ်
တော့ မိန်းမတစ်ယောက်အတွက် ဆုံးဖြတ်ချက် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



*မှုးသွားတာနဲ့ တစ်သက်တာခံဖို့ဖြစ်လာတတ်တယ်"*

ဟုပြောလေ၏။

မောင်မှန်သည် မမြချစ်လို ငွေကြေးချောင်လည်ကာ၊ သဘောဖြူသည့်မိန်းမပျိုကို ပစ်၍သွားတတ်သည့် ယောကျ်ားမျိုးလည်း ရှိပါသေးသလားဟုတွေးမိ၏။

ထို့နောက်သူတို့သည် ဘုရားကြီးအနီးရှိမြင်းလှည်းဂိတ်မှ မြင်းလှည်းတစ်စီးငှားကာ၊ ကားဂိတ်သို့ ထွက်ကြမည်ဖြစ်၏။

ထိုအခါ မောင်မှန်သည် မြင်းလှည်းဂိတ်နှင့် မလှမ်းမကမ်းရှိ ကွမ်းယာဆိုင်နားမှ မိမိကိုစူးစိုက်ကြည့်နေသည့် လူတစ်ယောက်နှင့် မျက်လုံးခြင်းဆုံမိလေ၏။

ထိုသူက မျက်မှန်နက်ကြီးကို တပ်လိုက်သည်ကိုလည်း တွေ့လိုက်ရ၏။

သို့သော်မောင်မှန်မှာ ထိုသူကို ကောင်းစွာမှတ်မိသိရှိလိုက်လေရာ ရင်ထဲတွင်ပြင်းစွာလှုပ်ရှားကာ ခြေလှမ်းပင်မှားမတတ်ဖြစ်သွား၏။

မမြချစ်က မောင်မှန်ကိုကြည့်ပြီး

*"ဘာဖြစ်တာလည်း နေမကောင်းဘူးလား၊ မျက်နှာကလည်း ဖြူဖတ်ဖြူရော်နဲ့"*

ဟုမေးမြန်းလေ၏။ မောင်မှန်က စိတ်ကိုတည်ငြိမ်အောင်ထိန်းပြီး





*"ဘာမှမဟုတ်ပါဘူး၊ နေပူလို့ဖြစ်လိမ့်မယ်၊ ကျုပ်တို့ မြန်မြန်သွားရအောင်"*

ဟုလောခေါ်ပြန်၏။

မမြချစ်သည် မောင်မှန်၏အပြုအမူကို မည်သို့မှုနားမလည်ချေ။ ထို့ကြောင့်ဘာမျှမပြောတော့ဘဲ၊ကောင်လေး၏အရိပ်အကဲကိုသာစောင့်၍ ကြည့်နေလေတော့၏။

သူမ၏စိတ်တွင်းဌှမှ

*"အင်း…မောင်မှန်ကို ငါတစ်လမ်းလုံး ဂရုတစိုက် ကြည့်လာခဲ့တာဘဲ၊ သူ့ပုံစံက တစ်ခုခုကိုကြောက်၍ ထိတ်လန့်နေပုံဘဲ၊ ဟုတ်တယ် အခုမှသတိ ထားမိတော့တယ်၊ သူ့ဘဝနောက်ကြောင်းမှာ ဆွယ်လို့လျှို့ဝှက်ချက်တွေ ရှိနေသလည်းမသိဘူး"*

ဟုမှတ်ချက်ချမိလေ၏။

ထိုအချိန်၌ မောင်မှန်တွေ့ရှိလိုက်သည့် မျက်မှန်နက်နှင့်လူမှာ ငှားကားတစ်စီးဖြင့် ကြေးနန်းရုံးသို့ရောက်ရှိနေပြီဖြစ်၏။

ထိုသူသည် ရန်ကုန်မြို့ရှိ လိပ်စာတစ်ခုကိုရည်ညွှန်းကာ အောက်ပါအတိုင်း ကြေးနန်းတစ်စောင်ပို့လိုက်လေတော့၏။

*"လျှပ်စီး၊ မင်းလိုချင်တဲ့မှန်ကလေးတစ်ချပ်တော့ တွေ့ပြီ၊ မှန်ကလေးဟာ တန်ဖိုးရှိမရှိ ကိုယ်တိုင်လာ*



www.burmeseclassic.com

www.burmeseclassic.com



*ကြည့်ပေတော့"*

*မိုးကြိုး*

မမြချစ်သည်မောင်မှန်အား သူမ၏ရွာသို့ခေါ်ဆောင်လာလေ၏။ ထိုရွာသည် အိမ်ခြေများစွာရှိသော ရွာကြီးတစ်ရွာဖြစ်ကာ၊ ဧရာဝတီမြစ်အတွင်း စီးဆင်းနေသော ချောင်းကမ်းပါးတွင် တည်ရှိလေ၏။

မမြချစ်၏ကုန်စုံဆိုင်မှာလည်း အရောင်းအဝယ်ကောင်း၏။ ဆိုင်တွင်မမြချစ်၏အဒေါ်နှင့်အတူ မိန်းကလေးငယ်တစ်ယောက်ရှိ၏။

မမြချစ်က အိမ်သို့ရောက်လျှင် မောင်မှန်ကို သူမ၏ အဒေါ်နှင့် မိတ်ဆက်ပေးကာ

*"ဟောဒါ မောင်မှန်လို့ခေါ်တယ်၊ ဆိုင်မှာအလုပ်လုပ်ဖို့ ခေါ်လာတာ၊ သူရှိတော့ အဒေါ်လည်း အနားရတာပေါ့"*

ဟုပြောလေ၏။

အဒေါ်ကြီးကမောင်မှန်ကိုစေ့စေ့စပ်စပ်ကြည့်ကာ

*"ညည်းလူက ပဲအိတ်တစ်အိတ်တောင်နိုင်ပါ့မလား၊ သူ့ကို ဆိုင်မှာမလုပ်ခိုင်းဘဲ ဓာတ်ရှင်မင်းသားသာ လုပ်ခိုင်းပေတော့"*

ဟုဆိုလေ၏။ မမြချစ်က နှုတ်ခမ်းစူပြီး

*"အဒေါ်ပြောတာနဲ့ မောင်မှန်အားငယ်သွားပါဦးမယ်၊*





*သူက ကျွန်မကို အားကိုးတကြီးနဲ့လိုက်လာတာပါ၊ နောက်တော့လည်း အဆင်ပြေသွားမှာပေါ့"*

ဟုပြောလေရာ အဒေါ်ကြီးက တခ္ခီးခ္ခီးနှင့်ရယ်ကာ

*"ဘာအဆင်ပြေမှာလဲ၊ မမြချစ်… ညည်း ဘယ်ခြေ လှမ်းလှမ်းရင် ဘယ်ကိုရောက်မယ်ဆိုတာ ငါသိတယ်နော်၊ ညည်း ငါ့လက်ပေါ်မှာ ကြီးလာတာပါ"*

ဟု တားကာ မောင်မှန်ဘက်သို့လှည့်ပြီး

*"ကဲ… မောင်မှန် တို့တူဝရီးတွေက ဒီလိုတဲနေတတ်တယ်၊ မင်းတစ်မျိုးမထင်ပါနဲ့, ဟောဒီကကုန်စုံဆိုင်နဲ့ တွဲထားတဲ့ အောက်ထပ်မှာ မင်းအတွက် အခန်းတစ်ခန်း နေဖို့ပေးမယ်၊ တို့တူဝရီးက အပေါ်ထပ်မှာနေတယ်၊ နောက် တစ်နေ့ကစပြီး ကုန်ပစ္စည်းဈေးနှုန်းတွေကို အလွတ်ရအောင်ကျက်မှတ်ပေတော့"*

ဟုပြောလိုက်လေတော့၏။

မောင်မှန်ထိုအိမ်သို့ရောက်သည့်အချိန်မှ အစပြု၍ မမြချစ်၏အဒေါ်ကြီး သတင်းဖြန့်လိုက်ရာ ရွာသူမိန်းကလေးများသည် မောင်မှန်ကို သေမသာ တစ်မျိုး သိသိသာသာတစ်ဖုံ လာရောက်ကြည့်ရှုကြကုန်၏။

အဒေါ်ကြီးက လာသမျှဈေးဝယ်သူတိုင်းကို သူ့အိမ်တွင် ဓာတ်ရှင်မင်းသားတစ်ယောက် ရောက်နေသည်ဟူ၍ မလွှတ်တမ်းပြောသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တည်း။

ညနေစောင်းလျှင် ထိုရွာ၏ထုံးစံအတိုင်း မြချစ်သည် ရေအိုးကာ
ပါးတွင်ဆင်း၍ ရေချိုးရန်ပြင်ဆင်ပြီး မောင်မှန်ကို

*"မောင်မှန် ခရီးပန်းလာတာပဲ၊ ချောင်းရေအေးအေး
လေး စိမ်လိုက်ပါလား"*

ဟုခေါ်လေ၏။ မောင်မှန်ကလက်ကာဖြကာ

*"ကျုပ် ရွာတွေကြားထဲမှာ ရေမချိုးတတ်လို့ပါ၊
ချောင်းမှာ ချိုးတော့မယ်၊ ဆိုင်မှာလည်း ဈေးဝယ်သူတွေရှိနေ
တော့ ဈေးကူရောင်းလိုက်ဦးမယ်၊ ကျုပ်အတွက်မပူပါနဲ့၊
ကျုပ်ရွာမှာလည်း ဒီလိုပဲ ညဘက်ရောက်မှ ချောင်းရေထဲ
ဆင်းစိမ်တဲ့အလေ့အကျင့်ရှိပါတယ်"*

ဟုပြောလေ၏။

မြချစ်၏အဒေါ်ကြီးမှာလည်း အပျိုကြီးစာရင်းဝင်ဖြစ်သောကြေ
စီစာကြောင်သော်လည်း မောင်မှန်ကိုမူ ကောင်းစွာဆက်ဆံ၍ ဂရုစိုက်လေ
မောင်မှန်သည် သူတို့၏အလုပ်သမားသာဖြစ်၏။ သို့သော် မြ
က မောင်မှန်ကိုအရုပ်ကလေးတစ်ရုပ်လို သဘောထားကာ အ
တကြည့်ကြည့် ရှိနေတတ်၏။

မြချစ်သည် ညဘက်ဆိုင်သိမ်းပြီးသော် မောင်မှန်နှင့် ညဥ့်
သန်းခေါင်အထိ လာရောက်ကာ စကားပြောနေတတ်၏။





ထိုကြောင့် တစ်ပတ်ခန့်ကြာသောအခါ မောင်မှန်သည် စိတ်ထဲမှ

*"မြချစ်ကတော့ ငါ့ကိုစိတ်ဝင်စားပြီး နှစ်သက်နေ
တယ်ဆိုတာကတော့ သိသာနေပြီ၊ ဒါပေမဲ့ ဖယ်ရှိမှ မဖြစ်
နိုင်တဲ့ကိစ္စပဲ၊ အဲဒီတော့ ငါဒီကထွက်ခွာသွားမှဖြစ်မှာပေါ့၊
ဒီမှာအလုပ်လုပ်ရတယ်ဆိုတာကလည်း ဘာအလုပ်မှ
မယ်မယ်ရရ ရှိတာမှမဟုတ်တာ၊ ကြာရင်အားလုံးခက်ကုန်
မှာပဲ"*

ဟုတွေးမိလေ၏။

မောင်မှန်သည် ထိုအချိန်ထိ ရွာထဲသို့လည်း သွားရောက်လည်ပတ်
ခြင်းမရှိ။ ကုန်စုံဆိုင်တွင် တစ်နေ့လုံးနိုင်ခံရောင်းပြီး၊ ညမိုးချုပ်မှဝင် မလှမ်း
ကမ်းရှိ ချောင်းကလေးသို့ဆင်းကာ ရေချိုးတတ်၏။

မောင်မှန်သည် ထိုရက်ကျော်လွန်လာပြီး (၁၀)ရက်ခန့်ကြာသည်
အထိ မြချစ်ကိုအားနာသောကြောင့် အိမ်မှ ထွက်ခွာသွားမည့်အကြောင်း
ဖွင့်၍မပြောရသေးချေ။

ဖွင့်ပြောလျှင်လည်း မြချစ်က လက်ခံမည်မဟုတ်မှန်း သိနေ၏။
မြချစ်က သူနှင့်နီးစပ်စေရန် မိန်းမတို့တတ်အပ်သော အတတ်ပညာမျိုးစုံ
ဖြင့် သိမ်းသွင်းနေသည်ကိုလည်း မောင်မှန်မှာရှောင်တိမ်းရင်းဘေးကြပ်
ကြပ်ဖြစ်နေရလေ၏။

မမြချစ်၏ အဒေါ်ကြီးကမူ မောင်မှန်ကိုနောက်သလို ပြောင်သလို



www.burmeseclassic.com

www.burmeseclassic.com



နှင့်

"ကောင်လေး… ကြီးရင်မှီ ငယ်ရင်ချိုဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား၊ နင်ကမှီရမ်ရုံ့ဆိုတော့ စိတ်ကူး မလွဲနဲ့၊ နင့်ကြည့်ရတာ မခုတ်တတ်တဲ့ကြောင်ကလေး ကျနေတာပဲ၊ ဒါပေမဲ့ ကိစ္စတော့မရှိပါဘူးလေ၊ ယုန်က မတိုးတော့ ငှက်ကတိုးဖို့ မြချစ်တို့က ပြင်နေပြီ၊ သတိသာ ထားပေတော့"

ဟု ပြောလေ၏။

မောင်မှန်သည် မြချစ်နှင့် ထိပ်တိုက်တိုးမည်စိုး၍ ရင်တထိ ထိတ်နှင့်ရှိနေလေ၏။

(၁၀)ရက်မြောက်နေ့တွင် မြချစ်သည် မောင်မှန်ကို

"ဒီညဟိုဘက်ရွာမှာ ဘုရားပွဲရှိတယ်၊ မမြကို လိုက်ပို့ရမယ်၊ ရွာချင်းကသိပ်မဝေးဘူး၊ တစ်နာရီလောက် သွားရင်ရတယ်၊ လကလည်းသာနေတာပဲ၊ တစ်ခြား ရွာသားတွေလည်း ဒီလိုပဲသွားကြတာ ပျော်ဖို့ကောင်းတာပဲ"

ဟုပြောလေ၏။

ညဘက်သို့ရောက်လျှင် မောင်မှန်သည် မြချစ်ကို တစ်ဖက်ရွာရှိဘုရားပွဲသို့ လိုက်လံပို့ဆောင်ရ၏။ ဘုရားပွဲမှာ ဗလာပွဲ ကြည့်ချင်သူပွဲများဖြင့် စည်ကားလေ၏။





အခြားသူများမှာ များသောအားဖြင့် ထိုပွဲများတွင် တိုးဝှေ့ကြည့်ရှုရင်း၊ နံနက်လင်းမှ ပြန်ကြမည့်သူများဖြစ်၏။ မြချစ်က ထိုပွဲများကို စိတ်မဝင်စားသောကြောင့် ညဉ့်အတော်နက်လျှင် နှစ်ဦးသား ရွာသို့ပြန်ခဲ့ကြ၏။

ပဲခင်း၊ ပြောင်းခင်းများကြားမှဖြတ်၍ ဖောက်လုပ်ထားသည့် လမ်းမကြီးမှာ လူရှင်းလှ၏။

လရောင်ကမူ အလင်းရောင်ကောင်းစွာရပြီး ညရှခင်းက တစ်မျိုးပင် ကြည်နူးစရာကောင်းနေလေ၏။

လမ်းတစ်ဝက်ခန့် တွင်တောအုပ်ကလေးကဲ့သို့ သစ်ပင်အုပ်များ ပေါက်ရောက်၍ ခရီးသွားများ နားခိုရန် ဇရပ်ကလေးတစ်ဆောင်ရှိ၏။

ထိုနေရာသို့ရောက်လျှင် မြချစ်သည်မျက်နှာကိုရှုံ့မဲ့ကာ

"မောင်မှန်၊ အစ်မခြေထောက် ဘာဖြစ်တာလဲ မသိဘူး၊ ကြွက်တက်ပြီထင်တယ်"

ဟု ညည်းညူလေ၏။

မောင်မှန်က စိုးရိမ်ကြီးစွာဖြင့် ဇရပ်ကလေးရှေ့ရှိ မကျည်းပင်ကြီးအောက်မှ၊ ကွပ်ပျစ်သို့ မြချစ်ကိုတွဲ၍ခေါ်ကာ

"အစ်မက ကျုပ်ထက်အသက်ကြီးတာပဲ ဘာမှ အားမနာပါနဲ့၊ အစ်မခြေထောက်ကို ကျုပ်နှိပ်ပေးမယ်"

ဟု ပြောကာ မြချစ်၏ခြေသလုံးကို နှိပ်နယ်ပေးလေ၏။ မြချစ်



www.burmeseclassic.com

www.burmeseclassic.com



ကတာအင်းအိမ်းနှင့် ညည်းညူပြီး

"ဟုတ်ပြီ၊ ဟုတ်ပြီ သက်သာတယ်၊ အပေါ်ဘက်ကို

နည်းနည်းတိုးပြီး အားစိုက်နှိပ်စမ်းပါကွယ်"

ဟုဆိုကာ မျက်လုံးကိုမှေးစင်းထားလေ၏။

ထိုအခိုက်တွင် ပွဲခင်းဘက်မှ ထွက်လာယာနိုတူသော လူတစ်စုသည် သူတို့အနီးသို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ရောက်ရှိလာ၏။

ထိုသူများက မောင်မှန်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်ကာ လူတစ်ယောက်က

"တွေ့မှ တွေ့တော့လည်း လူရှင်းတဲ့နေရာမှာ

အစနဲ့သင့်တွေ့တာပဲကိုး"

ဟုရေရွတ်လေ၏။

ပြီးလျှင်ထိုသူများက ရုတ်တရက်ပင် အနီးသို့တိုးကပ်လာကြ၏။

ထိုအခါ၌စောစောက ကြွက်တက်၍ မျက်နှာရှုံ့မဲ့နေသော မမြချစ်သည် အေါ်သံတကြီးဖြင့် ဝုန်းခနဲထရပ်ကာ

"ရှင်တို့ ဒါဘာလုပ်တာလဲ၊ သူတစ်ပါးကိစ္စကို

စပ်စပ်စုစုလုပ်တာ မကောင်းပါဘူး"

ဟုပြောလေ၏။

မောင်မှန်သည် ရောက်ရှိလာသည့် လူသုံးဦးထဲမှ နှစ်ဦးကိုသေချာစွာကြည့်လိုက်ပြီး မျက်နှာပျက်သွားကာ မမြချစ်၏လက်ကိုဆွဲ၍





"အစ်မကျုပ်တို့ သွားကြမယ်"

ဟုခေါ်လေ၏။

ထိုအခါ လူတစ်ယောက်က လမ်းပိတ်ပြီး

"ဒီလိုလွယ်လွယ်ထွက်သွားလို့ရမလား"

ဟု ဟန့်တားလေ၏။ ကျန်တစ်ယောက်က အေးအေးစွာပင် စီးကရက်ကို မီးညှိပြီး ထိုသူကို

"မြကြီး... နယ်ခံလူရိုက်လုပ်ပြီး လက်နှေးရာရှည် လားကွ၊ အဲဒီမိန်းမကိုမင်းခေါ်ထားရင်က် သူကိုယ်ပေါ်မှာပါ တဲ့ လက်ဝတ်လက်စားတွေက မင်းအတွက် အကျိုးဆောင် ခပဲ၊ ရှုကိုလည်း မင်းစိတ်ကြိုက်စီ ရင်ပေတော့"

ဟု ပြောကာ တစ်ဆက်တည်းပင် မောင်မှန်ဘက်သို့ မေးငေါ့၍

"ဒီတစ်ယောက်ကတော့ ငါတို့ခေါ်သွားရမဲ့လူပဲ"

ဟု ဆိုလေ၏။

ကျန်တစ်ယောက်ကလည်း ကုတ်အင်္ကျီအိတ်အတွင်း လက်နှိုက် လိုက်ပြီး

"အဲဒီအကြံကောင်းတယ်၊ ဒီညတော့ မြကြီးအတွက် စုတ်နဲ့လာဘ် တစ်ပြိုင်တည်းဝင်ပြီပေါ့"

ဟု ထောက်ခံလေ၏။

မြကြီးက တဟဲဟဲရယ်ပြီး ဓားမြှောင်ကိုဆွဲကာနဲ့ထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



မခြချစ်ကို

*" ကဲ...ကြားကြတယ်မဟုတ်လား၊ အော်မယ်*

*မကြံနဲ့နော်၊ ဓားဖျားမှာအသက်ပါသွားမယ် "*

ဟု ခြိမ်းခြောက်မှပင် မခြချစ်သည်တုန်လှုပ်သွားပြီး နှုတ်များမှ

*"ဒီမှာ ဓားပြတိုက်နေပါတယ် ကယ်ကြပါဦးရှင်"*

ဟု အော်ဟစ်လိုက်လေ၏။

မြကြီး၏ လက်ကလည်း လျှင်မြန်လှ၏။ မခြချစ်သည် မြေပေါ်တွင် ပုံလျက်သားလဲကျသွားတော့၏။

မောင်မှန်သည်မြကြီးက မခြချစ်ကို လက်ပြန်ရိုက်တည့်လိုက်သည်ကိုတွေ့လိုက်ရသောကြောင့် ရုတ်တရက်မြကြီးကို ကိုယ်လုံးဖြင့်ဝင်၍ တိုက်လိုက်၏။ ထိုအခါ မြကြီး၏မြားဦးက မောင်မှန်ဘက်သို့ လှည့်၍လာ၏။

ထိုအခိုက် ဇရပ်ပေါ်ရှိမှောင်ရိပ်ကွယ်မှ အသံသေးအသံကြောင်ကလေးဖြင့် တိုညှင်းစွာရယ်မောလိုက်သည့် အသံထွက်လာသောကြောင့် မြကြီးမှာကြောင်အမ်းအမ်းဖြစ်သွားလေ၏။

ကုတ်အင်္ကျီအတွင်းသို့ လက်နှိုက် ထားလိုက်သူက ထိုနေရာသို့ ဖျတ်ခနဲ့လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ကြည့်ရှု လိုက်လေ၏။

မီးရောင်အောက်တွင် လှန့်စွာအသားမည်းပြီး ပြုံးပြုံးပြောင်ပြောင် အင်္ကျီဘောင်းဘီများကို ဝတ်ဆင်ကာ သေးကွေးသောလူတစ်ယောက်သည်





ခရီးဆောင်အိတ်ကို ခေါင်းအုံး၍ အခန့်သားလဲလျောင်းနေသည်ကို တွေ့လိုက်ကြရ၏။

ထိုသူက အလင်းရောင်ကို လက်ဖြင့်ကွယ်ကာ

*"ကျုပ် ခင်ဗျားတို့ အလုပ်ကို နှောင့်ယှက်ဝါဘူး၊ လူတွေကို မဲပိုင်းမှာနိုင်လာတဲ့ငွေတွေ ဝေစုခွဲသလိုခွဲနေကြတာ၊ မျက်စိရှေ့မှာဖြစ်နေတော့ မအောင့်နိုင်သဲ ရယ်မိတာပါ၊ အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်၊ ကဲ ကဲ... လုပ်စရာရှိတာ ဆက်လုပ်ကြပါ"*

ဟု ဆိုပြီးပြန်လည်အိပ်စက်ဟန်ပြင်လေ၏။

မြကြီးကဓားမြောင်ကိုဝင့်၍ ဇရပ်ပေါ်သို့လှားခနဲခုန်တက်ပြီး

*"ငါတို့အလုပ်က ဘယ်သူမှအသိပေးလို့မရဘူးကွ"*

ဟု အော်ဟစ်ကာ ထိုသူကိုတိုက်ခိုက်ရန် ပြေးဝင်လာ၏။ သို့သော် ဇရပ်၏ထုတ်တန်းမှ အရိပ်မည်းတစ်ခုက မြကြီး၏ရှေ့သို့ ဖုတ်ခနဲကျလာလေ၏။

မြကြီးလည်း တုန့်ခနဲရပ်တန့်သွားပြီး တစ်ဆက်တည်းပင် အရိပ်မည်း၏ဒူးချက်ကိုမိကာ ဇရပ်ပေါ်မှနောက်ပြန်လည်ကျသွား၏။

ထိုအရိပ်မည်းက မြကြီးထံထပ်ကြပ်မကွာလိုက်ပါလာ၏။ မြီးရှည်ကြီး၏လည်မျိုကို မလှုပ်သာအောင် ခြေဖြင့်နင်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရှေ့မှာ ဘယ်လိုမတရားမှုမျိုးကိုမှ လက်ပိုက်ကြည့်မနေဘူး၊ ကျုပ်နာမည်ကိုလည်းမှတ်ထားကြကြက်တောလို့ခေါ်တယ်"

ဟု ရဲရဲ့စွာပြောဆိုလေ၏။

မြကြီးနှင့်လိုက်ပါလာသည့်အဖော်နှစ်ယောက်မှာ မထင်မှတ်ဘဲ အနှောင့်အယှက်ပေါ်လာသောကြောင့် တစ်ဦးနှင့်တစ်ဦး မျက်ရိပ်မြကာ ထိုနေရာမှထွက်ခွာဟန်ပြင်လေ၏။

ရေပ်ပေါ်မှအိပ်စက်ဟန်ပြင်နေသည့်လူကလည်း ဝါးရင်းတုတ်ကို ကိုင်ကာ ဟန်ပါပါလှမ်းလာပြီး ထိုသူနှစ်ယောက်ကို

"ဒါကျုပ်တပည့်ကြက်တောရဲ့ အစွမ်းပဲရှိသေးတယ်၊ ကျုပ်အစွမ်းကိုသိချင်ရင်လည်း ရှေ့တိုးလာကြပေတော့ ကျုပ်နာမည်ကိုလည်း မှတ်ထားဦး၊ မှော်ဆိပ်လို့ခေါ်တယ်"

ဟု ပြောဆိုစိန်ခေါ်လေ၏။

မြကြီး၏အပေါင်းအပါနှစ်ယောက်မှာ ထိုကိစ္စကို လက်လျှော့၍ ရှာခနဲလှည့်ထွက်သွားကြလေတော့၏။

ထိုကဲ့သို့ ရင်ဆိုင်တိုက်ခိုက်နေရုံဖြင့် မည်သို့မျှအကျိုးမရှိမှန်း သူတို့ကောင်းစွာသဘောပေါက်ပြီးဖြစ်၏။

ထိုအခါ ကြက်တောက မြကြီးကိုကြည့်၍ သက်ပြင်းချကာ





"မြကြီး မင်းလူတွေက တော်တော်သစ္စာရှိတာပဲ၊ မင်းကိုထားပြီး ထွက်သွားကြပြီ၊ မင်းတို့လောကအတွက် ဒါမျိုးတွေက သိပ်ထူးဆန်းတာတော့မှာမဟုတ်ပါဘူး၊ ကဲ… မင်းငါ့မြင်ကွင်းထဲက မြန်မြန်ထွက်သွားပေတော့"

ဟု ပြောလိုက်လေ၏။

မြကြီးသည် ထိုသို့အခွင့်ရသည်နှင့်ကြိုးရုံးလေကာ နောက်ကြောင်းသို့ပင်လှည့်မကြည့်တော့ချေ။

သူ၏အပေါင်းအပါများထွက်ခွာသွားရာ ပွဲတော်ကျင်းပနေသည့် ရွာဘက်သို့လိုက်ပါသွားတော့၏။

မောင်မှန်တို့သည် အန္တရာယ်မှလွတ်မြောက်သွားပြီဖြစ်၏။ မမြချစ်မှာသတိရင်းလွတ်နေဆဲရှိလေ၏။

ကြက်တောကသူတို့ထံ လှမ်းလာပြီး

"ကဲ… ကိုယ့်လူ သတိလစ်နေတဲ့ အမျိုးသမီးကိုတော့ ကျုပ်တို့ မပြုစုတတ်ဘူး၊ ဘာအကူအညီလိုသေးသလဲ၊ ဒီအမျိုးသမီးကလန့်ပြီး သတိလစ်သွားတာလည်း ပါတယ်၊မကြာခင်ကောင်းသွားမှာပါ"

ဟု ပြောလေရာ မှော်ဆိပ်က မောင်မှန်ကိုကြည့်ပြီး ဟက်ခနဲရယ်ကာ

" မင်းတို့နှစ်ယောက်ကြားမှာ အလုပ်ရှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားမကထဲ ဆက်ဆံရေးရှိနေတယ်မဟုတ်လား၊ ဟား ဟား… ဒီအပျိုကြီးနဲ့ မင်းရဲ့ဇာတ်လမ်းက ကောင်းခန်းရောက်တော့မဲ့အချိန်မှာ ဟိုလူတွေရောက်လာတာပဲ၊ ငါလည်း ချောင်းကြည့်ရတာ ဆန့်တငင်ငင်ဖြစ်သွားတယ် ”

ဟုဆိုလေ၏။

ကြက်တောက မျက်နှာတည်ပြီး

“ဖျောက်ဆိပ်… သူတစ်ပါးကိစ္စကို ဝင်စွက်တတ်တဲ့ မင်းအကျင့်ကိုပြင်စမ်းပါကွာ”

ဟု ဟန့်တားလေရာ မောင်မှန်က သက်ပြင်းချ၍

“ဟုတ်ပါတယ်ဗျာ၊ ဒီကမမြချစ်ဆိုတဲ့ အမျိုးသမီးက ကျုပ်ကို သံယောဇဉ်တွယ်နေတာ ရိပ်မိပါတယ်၊ ဟိုလူတွေရောက်မလာရင်တောင် သူနဲ့ဇာတ်လမ်းကို ကျုပ်မတွေးရဲဘူး၊ ဒါပေမဲ့ မမြချစ်နဲ့ကျုပ်ဘယ်လိုမှ ပေါင်းစပ်လို့မရပါဘူး၊ ကျုပ် သူ့ဆီကထွက်သွားဖို့ ကြံစည်နေတာပါ၊ ဒါပေမဲ့ သူ့ကိုငဲ့ညှာပြီး ဖွင့်မပြောရက်လို့ပါ”

ဟု ရှင်းပြလေ၏။ ကြက်တောက ခေါင်းညိတ်ပြီး

“ရွာတိုင်းမှာ သူ့အခက်အခဲနဲ့သူရှိနေကြတာပဲ၊ မင်းအနေနဲ့ ဒီဇာတ်လမ်းကိုမဖြစ်နိုင်ဘူးထင်ရင် သူနဲ့





ဝေးရာကို မြန်မြန်ထွက်သွားသင့်တယ်၊ ဒီလိုကိစ္စမျိုးက ကြာလေဆိုးလေပဲဆိုတာ မင်းသဘောပေါက်မှာပါ ”

ဟု အကြံပေးလေရာ ဖျောက်ဆိပ်က

“ မင်းထွက်သွားချင်ရင်အခုအချိန် အကောင်းဆုံးပဲ၊ ပေါ့ဟိုမှာ တစ်ဘက်ရွာက လှည်းတစ်စီးလာနေတယ်၊ ဘာပဲဖြစ်ဖြစ် မမြချစ်ကို သူတို့မြင်တွေ့ရင် ကူညီစောင့်ရှောက်ပြီး . အိမ်အရောက်ပြန်ပို့ပေးကြမှာပဲ၊ မင်းအသာကလေးရှောင်နေပေတော့ ”

ဟု အကြံပေးပြန်၏။

မောင်မှန်လည်းအချိန်မဆိုင်းတော့ဘဲ

“ဟုတ်တယ် ဒီရန်သူနဲ့ရတာ သူ့အပေါ်ရက်စက်ရာကျနေပေမဲ့၊ သူ့အတွက်ပိုပြီး ဒုက္ခမခံစားရအောင် ကျုပ်ရှောင်နေတော့မယ် ”

ဟုဆိုလေ၏။

ထိုအခါ ဖျောက်ဆိပ်က ရေပ်အနောက်ဘက်ရှိ ပြောင်းခင်းများသို့လက်ညှိုးညွှန်ကာ

“ရှောင်ရင်တော့ ငါတို့ပါ ရှောင်မှဖြစ်မယ်၊ တို့ကို ဟိုလူတွေ မေးမြန်းနေရင် ဂိုရှုပ်ကုန်လိမ့်မယ်၊ ပြောင်းခင်းတွေက လုံခြုံပါတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ သုံးယောက်သား ပြောင်းခင်းများကြားသို့ တိုးဝ
လိုက်ကြတော့၏။

ဖျောက်ဆိပ်သည် သူတို့၏ ခရီးဆောင်အိတ်များကိုပါ တစ်
တည်း ယူဆောင်လာခဲ့၏။

မကြာမီ လှည်းသည် လမ်းနဘေးတွင် လဲကျ နေသည့် မမြချ
တွေ့၍ ရပ်တန့်သွားလေ၏။ ပြီးလျှင် လှည်းပေါ်မှ ပါလာသည့် မိန်းကလေ
တစ်ယောက မမြချစ်အနီးသို့ပိုင်းအုံလာကာ

*"ဟယ်... တို့ရွာက မမြချစ်ကြီးတော့"*

ဟုထိတ်လန့်တကြားအော်ဟစ်ကြ၏။ ထို့နောက် သူတို့သည်
မမြချစ်ကို လှည်းပေါ်တင်၍ ပွဲကြည့်ရန်အစီအစဉ်ကို ဖျက်ကာ ရွာသ
ပြန်သွားကြတော့၏။

ထိုအခါ ပြောင်းခင်းထဲမှ လူသုံးယောက်က ရေပ်သို့ရော
လာ၏။ မောင်မှန်မှာ ဘာဆက်လုပ်ရမည် မသိပာန်ဖြင့် ရေပ်ပေါ်
တွေတွေငေးငေးကြီး ရှိနေ၏။

ဖျောက်ဆိပ်က မောင်မှန်၏ပခုံးပေါ် လက်တင်ကာ

*"ကိုယ့်လူ ဘာလုပ်ရမှန်းမသိလို့ စိတ်ညစ်နေပြီ ထင်တယ်၊ ယောကျ်ားတစ်ယောက်အတွက်တော့ ဒီလိုပဲ ဒုန်းစားသွားလာရင်း တိုးတက်ကြီးပွားဖို့ အခွင့်အလမ်းတွေ ရှာတွေ့နိုင်ပါတယ်"*





ဟုအားပေးလေ၏။ မောင်မှန်က ဖျောက်ဆိပ်၏လက်ကိုဖယ်၍
ရှန်းထွက်ကာ လေသံတိုးတိုးဖြင့်

*"ကျုပ် ဘာဆက်ရသလဲရှမှန်းတောင်မသိတော့ဘူး ဟို မြကြီးဆိုတဲ့လူနဲ့ပါလာတဲ့ လူနှစ်ယောက်ရဲ့ရုပ်ကလည်း အေးဦးမှာမဟုတ်ဘူး"*

ဟုရေရွတ်လေ၏။ ထိုအခိုက် ကြက်တောက မောင်မှန်ကို ငေး
နေကြည့်ကာ

*"မောင်မှန်၊ ငါမေးတာကို မှန်မှန်ပြောပါ၊ မင်းရဲ့ နောက်ကြောင်းတွေကို ငါတို့ စိတ်ဝင်စားတယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ငါတို့ကို ယုံကြည်စိတ်ချတယ်ဆိုရင် ဘာကြောင့် မင်းအနေနဲ့ ယောကျ်ားကလေးတစ်ယောက်ရှိ ဟန်ဆောင်နေရတာလဲဆိုတာ ပြောပါ"*

ဟုမေးမြန်းလေ၏။

မောင်မှန်ဓေါ် လှုငယ်သည် ခေါင်းငိုက်စိုက်ကျသွားပြီး အတန်
ကြာမှ

*"ဟုတ်ပါတယ်၊ ကျွန်မက မိန်းမသားတစ်ယောက် ပါ"*

ဟုဝန်ခံလေ၏။

ထိုအခါ ဖျောက်ဆိပ်က စပ်ဖြဲဖြဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ… ကြက်တော၊ တွေ့တယ်မဟုတ်လား၊ မင်းကိုငါပြောသားပဲ၊ မောင်မှန်ကို ဒီနောက်ဆုံး စမ်းသပ်ရိုက်တဲ့နည်းက မကောင်းဘူးလား၊ မောင်မှန်ဟာ ဘယ်လိုပဲယောက်ျားလေးဟန်ဆောင်ပါစေ၊ သူ့ပန်းကို ဖက်တော့ လန့်ဖျပ်သွားတာပဲ မဟုတ်လား၊ ပြီးတော့ ပြောင်းခင်းထဲမှာ ပုန်းအောင်းနေကြကတည်းက အုန်းကာပ် ရှိနေတဲ့ မောင်မှန်ဆီက အနံ့တစ်မျိုးရတယ်ကွ၊ ဘယ်လို အနံ့မျိုးလည်းတော့ သေသေချာချာ ရှင်းမပြတတ်ပေမဲ့ ဒါဟာ မိန်းမတွေရဲ့အနံ့ဆိုတာ ငါ ကောင်းကောင်းသိတယ်"

ဟုပြောလေ၏။ ကြက်တောက

"ထားပါတော့ကွာ၊ မင်းအဲဒီစမ်းသပ်တဲ့နည်းကို ဆက်ပြီး သုံးစရာမလိုတော့ဘူး၊ ဒါပေမဲ့ သူဟာ မိန်းမတွေ မှာသာရှိတဲ့ နူးညံ့သိမ်မွေ့မှုကို ပိပိရိရိ ဖုံးကွယ်မထားတတ် တာတော့ အမှန်ပဲ"

ဟုဆိုလေရာ မိန်းကလေးက

"ရှင်တို့နှစ်ယောက်ကို ကျွန်မ ယုံကြည်ပါတယ်၊ တကယ်တော့ ကျွန်မနောက်က အရိပ်လိုလိုက်နေတဲ့ ရန်တွေလက်ကလွတ်အောင် ယောက်ျားကလေးလို ကြိုးစား





ဟန်ဆောင်ခဲ့ရတာပါ၊ ကျွန်မနာမည် မကြေးမုံလို့ ခေါ်ပါတယ်"

ဟုပြောဆိုလေ၏။

ကြက်တောက ခေါင်းညိတ်ပြီး

"ဟုတ်ပြီလေ၊ မကြေးမုံ ကျုပ်တို့ကို ယုံကြည်တယ် ဆိုရင် ခင်ဗျားသွားလိုတဲ့နေရာရောက်အောင် ကျုပ်တို့ ကူညီပြီး အရောက်ပို့ပေးပါ့မယ်၊ အဲဒီတော့ ညတွင်းချင်းပဲ ခရီးဆက်ကြမယ်"

ဟုပြောလိုက်၏။ မကြေးမုံက

"ကျွန်မရဲ့အဒေါ်ဝမ်းကွဲ မယ်သီလရှင်ကြီး စစ်ကိုင်း တောင်ရိုးမှာ ရှိပါတယ်၊ ကျွန်မ အဲဒီကိုသွားမယ်"

ဟုဆိုလေ၏။

ထိုအခိုက် ဖျောက်ဆိပ်က

"ကျုပ်တို့ မကြေးမုံကို စစ်ကိုင်းတောင်ရိုးအရောက် ထားမသိ ရန်မခအောင် လိုက်ပို့ ရတာပေါ့၊ ဒါမျိုးဆိုရင် ဖျောက်ဆိပ်တို့ လက်မနှေးပါဘူး၊ ဟား ဟား… ကျုပ်မျက်လုံးထဲမှာတော့ မမြချစ်ဟာ မကြေးမုံကို ကွပ်ပျစ်ပေါ်မှာ သူ့ခြေသလုံးသားဖွေးဖွေးကြီးတွေကို ကြက်တက်ဟန်ဆောင်ပြီး နှိပ်နိုင်းတာ မြင်ယောင်နေတုန်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မမြချစ်က မောင်မှန်ကို ဒီည အဝိုင်သိမ်းသွင်းဖို့ ကြံစည်ထားပုံပဲ၊ မောင်မှန်ဟာ မကြေးမုံဆိုတဲ့ မိန်းကလေးမှန်းသိသွားရင် မမြချစ်ဘယ်လိုဖြစ်သွားမယ်ဆိုတာ ကြည့်ချင်လိုက်တာ၊ ကျုပ်သာ ဒီလိုအဖြစ်မျိုးကြုံရမယ်ဆိုရင် မြေကြီးထဲကို ပုပြီးဝင်နေမိတော့မှာပဲ"

ဟုပြောလိုက်လေတော့၏။

❀ ❀ ❀

ပန်းအိစံ ကွန်ပျူတာ



ကြက်တောတို့သည် မကြေးမုံကို ကယ်တင်ကာ ညတွင်းချင်းင် ခရီးထွက်လာကြ၏။

သူတို့သည် မမြချစ်နေထိုင်ရာ ရွာကိုရှောင်ကွင်းပြီး မန္တလေးဘက်သို့သွားသည့် ကားလမ်းမထက်သို့ ရောက်လာကြ၏။

ထိုအချိန်တွင် အ ရုဏ်ကျင်း၍ လင်းလုပြီဖြစ်၏။ ထိုအခါ မျောက်သီတ မိုက်ပွတ်ပြီး ကြက်တောကို

"ငါ့ဗိုက်ထဲက ဝိုးမျိုးရှစ်ဆယ်သောင်းကျန်းနေပြီ၊ သူတို့ ငြိမ်ငြိမ်ငြိမ်သက်သွားအောင် လုပ်ရမယ်"

ဟုပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြက်တောက တစ်နေရာသို့ လက်ညှိုးညွှန်ပြီး

"ဟောဟိုက လမ်းဘေးမှာ အကြော်တဲကလေး ဖြစ်မယ်၊ အကြော် မရသေးရင်လည်း စောင့်ကြတာပေါ့"

ဟုဆိုလေ၏။

သူတို့သည် အကြော်တဲသို့ရောက်လျှင် အကြော်အိုးမှ မီးမွှေးစပင် ရှိသေး၏။

ဖျောက်ဆိပ်သည် အကြော်ဆိုင်မှ အဖန်ရည်ဖြင့် ဦးစွာဗိုက်ဖြည့်ထားရ၏။

ထိုအခါ ကြက်တောက ယောကျ်ားကလေးလို ဟန်ဆောင်၍ ဝတ်စားထားသော မကြေးမုံကို

"မိန်းကလေး၊ ဒီကနေ စစ်ကိုင်းသွားဖို့ ကားကြုံ တားစီးကြမယ်၊ ဝေးက အရမ်းမဝေးပါဘူး။ မိန်းကလေး ရဲ့အကြောင်းတွေ ကျုပ်တို့ ကို ပြောပြပါဦး၊ မြကြီးဆိုတဲ့ ရွာခံလူမိုက်နဲ့ပါလာတဲ့ လူတွေက ဒီနယ်က ဟုတ်ဟန်မတူ ဘူး။ သူတို့က ဘာကြောင့် မိန်းကလေးနောက်ကို သဲသဲမဲမဲ လိုက်နေရတာလဲ"

ဟုမေးမြန်းလေရာ ဖျောက်ဆိပ်က အဖန်ရည်ကိုမော့ကာ

"အဲဒီလူနှစ်ယောက်က မကြေးမုံကို သဲသဲမဲမဲ လိုက်နေတယ်ဆိုတော့ ဟို စစ်ကိုင်းတောင်ရိုးရောက်ရင်





တော့ အလွှတ်ပေးပါ့မလား"

ဟုရေရွတ်လေ၏။

ကြက်တောကလက်ကာပြပြီး

"မကြေးမုံ ဘာပြောမလဲဆိုတာ နားထောင်ပါဦးကွာ"

ဟုဆိုလေ၏။

မကြေးမုံက မြကြီးနှင့်ပါလာသည့် လူနှစ်ယောက် တို့မြင် ယောင်မိကာ

"သူတို့နှစ်ယောက်က လျှပ်စီးနဲ့မိုးကြိုးဆိုတဲ့လူတွေပဲ၊ အဲဒီလူတွေနဲ့ ကျွန်မ ရွာက မထွက်ခင်ကတည်းက တွေ့ဆုံခဲ့ရတာပါ၊ ဒီနောက်တော့ ကျွန်မ ဘယ်လိုပဲ ရှောင်ပုန်းနေပါစေ၊ နောက်က အရိပ်လိုလိုက်နေကြ တော့တာပဲ၊ သူတို့က ကျွန်မဆီမှာရှိတဲ့ ပစ္စည်းတစ်ခုကို လိုချင်နေကြတယ်"

ဟုပြောလေရာ ကြက်တောက မျက်မှောင်ကြုတ်၍

"ဒီလိုဆိုရင် သူတို့က မင်းကိုဘယ်လိုနည်းနဲ့မှ အလွှတ်ပေးမှာ မဟုတ်ဘူး"

ဟု မှတ်ချက်ချလေ၏။

ထိုအခါ မကြေးမုံက ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ်၊ ဒီအဖြစ်အပျက်တွေရဲ့အစက

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်မရဲ့ဖခင်ကြီး အိမ်က တစ်နေ့စ်လောက်ထွက်သွားပြီး ပြန်ရောက်လာခဲ့ကတည်းက ဖြစ်ခဲ့တာပါ။ အဖေဟာ တကယ်တော့ စိတ်ရောဂါသည်တစ်ယောက်ပါ"*

ဟုဆိုကာ သူမ၏ဖခင်စိတ်ရောဂါသည်ကြီး အိမ်မှထွက်ခွာသွားပြီး ပြန်ရောက်လာခဲ့ကာ နောက်တစ်နေ့တွင်ပင် သေဆုံးသွားခဲ့သည့် အကြောင်းများကို ပြောပြလေ၏။

မှတ်ချက်

*ထိုအကြောင်းများကို ဝတ္ထု၏ရှေ့ပိုင်းတွင် ဦးစွာဖော်ပြခဲ့ပြီး ဖြစ်ပါသည်။*

ထို့နောက်မကြေးမုံက ဖခင်ကြီးမသေဆုံးခင် ကိုးဆောင်ကျောင်း ဟူသောစာကြောင်းကလေးပါသည့် စာရွက်အပိုင်းအစကလေး ပေးအပ်ခဲ့သည်ကိုပြောလိုက်လေ၏။

မကြေးမုံ၏ စကားဆုံးလျှင် ကြက်တောသည် လှုပ်လှုပ်ရှားရှား ဖြစ်ကာ၊ ဖျောက်ဆိပ်မှာ လက်ထဲမှ အဖန်ရည်ခွက်ပင် လွတ်ကျမတတ် ဖြစ်သွား၏။

ထို့နောက် နှစ်ဦးစလုံး တိုင်ပင်မထားပါဘဲ ပြိုင်တူပင် မကြေးမုံကို

*"ကိုးဆောင်ကျောင်း ဟုတ်လား"*

ဟု မေးမြန်းလိုက်ကြ၏။





ကြက်တောသည် တစ်ဆက်တည်းပင် တစ်စုံတစ်ရာကို သတိပြုမိဟန်ဖြင့် ဖျောက်ဆိပ်ကိုစူးစိုက်ကြည့်လေ၏။

ထိုအခါ ဖျောက်ဆိပ်ကလည်း သူ့ကို မျက်လုံးကြီးအပြူးသားနှင့် ကြည့်နေသည်နှင့် ဆုံလေ၏။ ကြက်တောက စိတ်ကိုတည်ငြိမ်အောင် ထိန်းပြီး ဖျောက်ဆိပ်ကို

*"ဟောကောင် ကိုးဆောင်ကျောင်းဆိုတဲ့ အသံကြား တာနဲ့ မင်းဘာဖြစ်သွားတာလဲ"*

ဟု မေးမြန်းလေရာ ဖျောက်ဆိပ်ကလည်း

*"မင်းကရော ဘာထူးလို့လည်းကွာ"*

ဟု ပြန်၍ပြောလေ၏။

မကြေးမုံက အခြေအနေကိုရိပ်မိဟန်ဖြင့်

*"ရှင်တို့နှစ်ယောက်စလုံး ဒီကိုးဆောင်ကျောင်းဆိုတဲ့ စကားနဲ့ ပတ်သက်နေပုံရတယ်"*

ဟု ပြောဆိုလိုက်လေရာ ဖျောက်ဆိပ်က ဦးစွာပင်

*"ကြက်တော ဟုတ်ရဲ့လား"*

ဟု မေးမြန်းလေ၏။

ကြက်တောက အတန်ကြာမျှ ငြိမ်သက်နေပြီးနောက် ခေါင်းညိတ်ပြလေရာ ဖျောက်ဆိပ်ကလည်း

*" အေး... ငါနဲ့လည်း ပတ်သက်နေတယ်၊*



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုးဆောင်ကျောင်းဟာ တို့သုံးယောက်လုံးနဲ့ ပတ်သက်နေတယ်"

ဟုရေရွတ်လေ၏။ ထိုအခါ ကြက်တောစာ တည်ငြိမ်စွာဖြင့် ဖျောက်ဆိပ်ကို

"ငါ ဒီတစ်နှစ်တိတိ ခရီးလှည့်လည်သွားလာနေရတာ ဒီကိစ္စပဲ"

ဟုပြောလေရာ ဖျောက်ဆိပ်ကလည်း

"ဟုတ်တယ်၊ ငါလည်းဒီအတိုင်းပဲ၊ ဒီတော့ တို့တစ်ယောက်အကြောင်း တစ်ယောက် သိထားဖို့ လိုပြီကွ"

ဟုဆိုလိုက်လေ၏။

ထိုအခါ ကြက်တောက လက်ကာပြပြီး

"အခုဆိုရင် တို့သုံးယောက်ဖြစ်သွားပြီ၊ အားလုံးရှင်းသွားအောင် မကြေးမုံစကားကို ဆက်ပြီး နားထောင်ကြရအောင်"

ဟုပြောလေ၏။

ထိုအခိုက်တွင် အကြော်များရပြီဖြစ်သောကြောင့် စားသောက်ရင်းမှပင် မကြေးမုံကဆက်၍

"ကျွန်မအတွက် အမေပေးခဲ့တဲ့ ကိုးဆောင်ကျောင်း





စာတန်းကလေးရထားတဲ့ စာရွက်အပိုင်းအစကလေးဟာ ဘယ်လိုအသုံးဝင်ပြီး ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ မသိပါဘူး၊ ဒါပေမဲ့အမေဟာ ရွာကိုပြန်ရောက်ပြီး နောက်တစ်နေ့မှာဘဲ သေဆုံးသွားခဲ့ပါတယ်၊ သူသေပြီး တစ်လကြာတဲ့အခါမှာ ရွာကိုလူနှစ်ယောက်ရောက်လာပြီး အမေ့ကိုရှာဖွေကြတယ်၊ အဲဒီလူတွေကတော့ လျှပ်စီးနဲ့ မိုးကြိုးဆိုတဲ့လူတွေဘဲ၊ အဲဒီလူတွေကြောင့်ပဲ ကျွန်မဟာ ရွာကထွက်ပြီးအခုလို ဒုက္ခရောက်နေရတာပါ"

ဟုဆိုကာ သူမသည် လျှပ်စီးနှင့်မိုးကြိုးတို့ရွာသို့ ရောက်လာသည့်နေ့ကို မြင်ယောင်မိ၏။

ထိုအချိန်က သူမသည်ရွာပြင်ရှိ စားကျက်မြက်ခင်းတွင်ရှိနေလေ၏။

မကြေးမုံသည် နွားများကို စားကျက်တွင်လွှတ်ကျောင်းကာ နေ့လယ်စာအတွက် မိခင်ကြီးပြင်ဆင်ပေးလိုက်သည့် ထမင်းထုတ်ကို ဖြည်၍ စားသောက်ရန် ပြင်နေစဉ် လူနှစ်ယောက်သည် သူမအနီးသို့ ရောက်ရှိလာကြ၏။

ထိုသူများသည် ခရီးသွားများဖြစ်ဟန်ရှိ၏။ ခရီးသွားထဲမှ လူတစ်ယောက်က မကြေးမုံကို

"မိန်းကလေး ဒီရွာမှာ ကုတ်အင်္ကျီအမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အမြဲဝတ်တတ်တဲ့ အရူးကြီးတစ်ယောက်ရှိတယ် မဟုတ်လား၊ သူ့ရဲ့ လည်ပင်းမှာလည်း ရွှေးစေ့လောက်ရှိတဲ့ မှဲ့တစ်လုံးရှိတယ်လေ၊ သူ့နာမည်ကဦးသာရှိန်ခေါ်တယ်"

ဟုမေးမြန်းလေ၏။

မကြေးမုံက ထိုသူကိုကြည့်ပြီး

"အဲဒါ ကျွန်မအဖေပါ၊ ဒါပေမဲ့ သူမရှိတော့ပါဘူး၊ လွန်ခဲ့တဲ့တစ်လလောက်ကပဲ သေဆုံးသွားပါပြီ"

ဟု အဖြေပေးလိုက်လေ၏။

စိတ်အတွင်းမှလည်း ထိုသူများက မိမိ၏ဖခင်ကို ဘာကြောင့်လာရောက်ရှာဖွေရသည်မသိဟု တအံ့တသြဖြစ်မိ၏။

မကြေးမုံ၏စကားကြားလျှင် ခရီးသွားနှစ်ယောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး တစ်ယောက်က

"ဦးလူကြီး သေသွားပြီပေါ့၊ တို့အတွက် လမ်းဆုံးပြီထင်တယ်"

ဟုပြောကာ မကြေးမုံအနီးတွင်ထိုင်ပြီး

"ဒီမှာ မိန်းကလေး၊ တို့နှစ်ယောက်က မင်းအဖေကို ကိစ္စတစ်ခု ကြောင့်ရှာဖွေနေတာကြာပြီကွ၊ နောက်ဆုံးမှာ သူ့ကိုမြေရာခံမိခဲ့ပေမဲ့ သူကမရှိတော့ဘူး၊ မိန်းကလေးကို မင်းအဖေမသေခင်က ဘာတွေပြောသွားသေးလဲ၊ ဘယ်လို





ပစ္စည်းတွေပေးခဲ့သေးလဲ၊ မိန်းကလေးဆီမှာ မင်းအဖေ အပ်ထားခဲ့တဲ့ ပစ္စည်းတွေဘာတွေရှိရင်၊ ကျုပ်တို့ကြည့်ချင်တယ်၊ အဲဒီအတွက် မိန်းကလေးကို ကျုပ်က ကျေးဇူးဆပ်မှာပါ"

ဟုဆိုလေ၏။ မကြေးမုံက

"ကျွန်မအဖေဟာ စိတ်ရောဂါသည်ဆိုတာရှင်တို့ မေ့နေပြီထင်တယ်၊ စိတ်ရောဂါသည်တစ်ယောက်ဟာ သူ့စိတ်ထဲထင်ရာမြင်ရာတွေပဲ ပြောဆိုနေတော့မှာပေါ့"

ဟုအဖြေပေးလေရာ တစ်ယောက်ကဝင်၍

"ဒါဆိုရင် မင်းကိုဘာတွေများပေးခဲ့သေးလဲ"

ဟု မေးမြန်းပြန်၏။

မကြေးမုံသည် ရုတ်တရက်ပင် ဖခင်ကြီးပေးခဲ့သည့် သစ်သားပြားဖြင့်ညှပ်ထားသော စာရွက်အပိုင်းကလေးကို သတိရမိ၏။

ထိုခရီးသွား များဖခင်ကြီးကို ရှာဖွေနေသည်မှာ ထိုအရာကလေးကို လိုချင်နေသည်လား မသိချေ။

ဘာကြောင့်မှန်းမသိ မကြေးမုံသည် ထိုသူများ၏ အသွင်အပြင်ကို မြင်ရုံနှင့် ရိုးဖြောင့်သူများမဟုတ်ဟု ထင်မြင်မိသောကြောင့် အမှုကို ဖုံးကွယ်ပြီး ခေါင်းရမ်းကာ

"အဖေက ကျွန်မတို့သားအမိကို ဘာမှမပေးခဲ့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ လက်ကျန်ပစ္စည်းတွေကို ကြည့်ချင်ရင်တော့ အိမ်မှာရှိတယ်၊ စိတ်ရောဂါသည် တစ်ယောက်က လမ်းဘေးက တွေ့ကရာတွေ ကောက်လာခဲ့တာပဲ”

ဟုအဖြေပေးလိုက်လေ၏။

ထိုသူများသည် လက်ဖျော့ဟန်မရှိဘဲ ရွာတွင်းသို့ဆက်လက်ထွက်ခွာသွားကြ၏။

မကြေးမုံ၏စိတ်အတွင်း၌လည်း တစ်ချိန်လုံး ထိုစာရွက် အပိုင်းအစကလေးက စိုးမိုးထားလေ၏။ ညနေစောင်း၍ နွားများသိမ်းကာ အိမ်သို့ပြန်ရောက်လျှင် မိခင်ကအိမ်သို့ လူစိမ်းနှစ်ယောက်လာကြောင်းပြော လေ၏။

ထိုသူများက ဖခင်ကြီး၏အကြောင်းကိုစုံစမ်း၍ ကျန်ရစ်ခဲ့သည့် အတိုအစပေါင်းနံ့ကို သေချာစွာရှာဖွေကြည့်ရှုသွားကြောင်း ပြောလေ၏။

မကြေးမုံသည် စာရွက်အပိုင်းအစကလေးအကြောင်းအား မိခင်ကိုပင် မပြောပြ ထားချေ။ ထိုညကမကြေးမုံသည် အိပ်ရာထက်တွင် လူးလိမ့်ရင်း အိပ်စက်မပျော်နိုင်ရှိနေလေ၏။

စာရွက်အပိုင်းအစကလေး၏နောက်ကြောင်းဇာတ်လမ်းကို သိချင်စိတ်က နှိုးဆွလေ၏။

မကြေးမုံသည် ရုတ်တရက် အကြံတစ်ခုရလိုက်သောကြောင့် အိပ်ရာထက်မှထထိုင်ကာ





“ငါ့လက်ကစာရွက်အပိုင်းအစလေးက ဘယ်လို အရာမျိုးလဲ၊ ဒီအတိုင်းနေရုံနဲ့သိလာမှာမဟုတ်ဘူး၊ ငါတို့ဆီကို အမေ့အကြောင်းလာပြီး စုံစမ်းတဲ့လူ နှစ်ယောက်က နွားပွဲစား ကိုချစ်စရာတို့အိမ်မှာ တည်းခို တယ်လို့ အမေကပြောတယ်၊ သူတို့ပြောတာတွေကို တိတ်တဆိတ်သွားစုံစမ်းရင်တော့ တစ်ခုခုသိရှုနိုင်တယ်”

ဟုတွေးမိကာ မကြာမီတွင် ဖျင်ကြမ်းတဘက်ကို ခေါင်းတွင် ၍ ရွာလမ်းမသို့ရောက်ရှိလာ၏။ မိခင်မှာမူ တောရွာဓလေ့အတိုင်းစောစီးစွာ င်းအိပ်စက်နေပေပြီ။

မကြေးမုံသည် ရွာတွင်း၌ မျက်လုံးမှိတ်၍သွားလာနိုင်အောင် ရင်းနှီးကျွမ်းဝင်နေသောကြောင့် တစ်ဘက်ရွာစွန်ရှိ သရက်ခြံကြီးထဲမှ နွားပွဲစား၏ အိမ်အနီးသို့ အခက်အခဲမရှိ ရောက်လာလေ၏။

သူမသည် ထိုသို့အရဲစွန့်ထွက်ခွာလာရသော်လည်းရင်တထိတ် ထိတ်ဖြင့်ရှိနေ၏။

မကြေးမုံ ထင်သည့်အတိုင်းပင် ကိုချစ်စရာ၏ မြေစိုက်တဲ ကြီးအတွင်း၌ ဧရိုးသွားနှစ်ယောက်နှင့် ကိုချစ်စရာတို့မှာ သောက်စားမူး နေကြချေပြီ။

ကိုချစ်စရာမှာမူ ဧည့်သည်များပါလာသည့် အကောင်းစား ဘက်တန်ခိုးနှင့် ပက်လက် လန်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြေးမုံသည် ထရံကြားမှ ချောင်းကြည့်နေသော ဒေါ်သိန်းအေး၏ ... နားစွင့်နေလေရာ သူတို့သည် တောင်စဉ်ရေမရပြောဆိုနေသော်လည်း နောက်ဆုံးတွင် တစ်ယောက်က လူမှုနှုတ်မသိအောင်ပင်မှုးရစ်၍ အိပ်ပျော် သွားပြီဖြစ်သော ကိုချစ်စရာကို စောင်းငဲ့ကြည့်ပြီး

*"ကဲ… တို့ကိစ္စဘယ်လို ရှပ်ကြမလဲမိုးကြိုး"*

ဟုစကားစလေ၏။

ကျန်တစ်ယောက်က စီးကရက်ကိုမှုတ်၍

*"ကိုးဆောင်ကျောင်းနဲ့ပတ်သက်ရင် ငါကတော့ အသဲလှုပ်ရှုပ်ရ အောင်သင်ပဲ၊ ဟိုမိန်းကလေးကို ငါမသတ်ဘူး၊ သူ့ပုံစံက တစ်စုစုကို ဖုံးကွယ်ထားပုံပဲ၊ ကိုးဆောင်ကျောင်းကိုသူကောင်းကောင်းသိနေပုံပဲ၊ အထူး ကြီးကတော့ ဘာမှသိပုံမရဘူး။ ငါတို့မိန်းကလေးကို အနုနည်းနဲ့မရရင် အကြမ်းနည်းသုံးပြီး စစ်ဆေးရမှာပဲ၊ မင်းသဘောကရော"*

ဟုပြောလေ၏။

ကျန်တစ်ယောက်ကလည်း

*"ဒီကိစ္စအောင်မြင်ရင် ငါတို့ ဆယ်သက်လောက် စားမကုန်အောင် အကျိုးခံစားရတော့မှာပဲ၊ ငါလည်း ဘာပဲလုပ်ရ လုပ်ရအွာ၊မိန်းကလေးကိုရှာပြီ ရောက်အောင်ပထုတ်ပြီး*

*ဖမ်းခေါ်သွားရမယ်"*

ဟုဆိုပြန်၏။

မကြာမီတွင် မကြေးမုံသည် ထိုအိမ်အနီးမှခွာခဲ့လေ၏။ သူမ၏ ရင်ထဲတွင်လည်း မလောင်ဆူလျက်ရှိ၏။

ဖခင်ကြီးပေးခဲ့သည့် စာရွက်အပိုင်း အစကလေးသည်လည်း လျှို့ဝှက် တန်ဖိုးရှိနေပေပြီ။

သူမအနေနှင့် ထိုစာရွက် အပိုင်းအစကလေးကို ထိုသူများ လက်တွင်းသို့ လွယ်လွယ်နှင့်အပ်လိုက်ရ မည်လားမသိ။

သို့သော် မကြေးမုံသည် ယော်ရှယ်သူတို့၏ထုံးစံအတိုင်း ကောင်းစွာ ဆင်ခြင်စဉ်းစားခြင်းမပြုတော့ဘဲ ထိုသူများလက်မှ လွတ်မြောက်အောင် ရွာမှထွက်ခွာသွားရန် ဆုံးဖြတ်လိုက်၏။

သူမတွင် အားကိုးအားထားပြုစရာမိခင်၏ အစ်မတော်သူ မယ်သီလရှင်ကြီးတစ်ပါး မန္တလေးတွင်ရှိနေလေ၏။ ထိုမယ်သီလရှင် ဆရာကြီးမှာတပည့်တပန်းပေါများသူဖြစ်၏။

ထိုထက်ပို၍ ကိုးဆောင်ကျောင်းနှင့်ပတ်သက်သမျှကို မိမိ အိုယ်တိုင်စွန့်စားရင်း၊ စုံစမ်းနိုင်သည်ဟု တွေးမိလေ၏။

မကြေးမုံသည် အကြော်ဆိုင်တွင် ကြက်ဥကြော်နှင့်မျောက်ဆိပ်ကို သူမ၏အတွေးပုံရိပ်တို့ကို ပြန်လည်ပြောပြပြီးနောက်

"အဲဒီလို့ ကျွန်မဟာ ညတွင်းချင်းပဲ ရွာက ထွက်ခွာ






www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်၊ အမေ့ကိုတော့ ဘာမှစိတ်မပူဖို့နဲ့ တစ်နှစ်တိတိကြာရင် အိမ်ကိုပြန်လာမယ်လို့လည်း စာရေးထားခဲ့တယ်၊ မိုးကြိုးနဲ့လျှပ်စီးတို့ဟာ ကျွန်မရဲ့ ခရီးစဉ်တစ်လျှောက်လုံး အရိပ်လိုလိုပါလာကြတယ်၊ ကျွန်မလည်း မန္တလေးရောက်တော့ သီလရှင်ဆရာကြီးမရှိတော့တာနဲ့ သူတို့လက်ကလွတ်အောင် ယောကျ်ားကလေးလို ပုံပြောင်းပြီး ခရီးဆက်ခဲ့တာပါ၊ ကျွန်မစိတ်ထဲ ဒီအဖေပေးခဲ့တဲ့ ဒီစာရွက်အပိုင်းအစကလေးကို မြတ်နိုးပြီး တန်ဖိုးထားတယ်၊ ဘယ်လိုပဲ ဒုက္ခတွေနဲ့တွေ့ပါစေ၊ တစ်နှစ်အတွင်း ဒီကိစ္စကို ကြိုးစားပြီး အကောင်အထည်ဖော်မယ်လို့ ဆုံးဖြတ်ထားတာပါ၊ အခုအထိတော့ ဘာမှမထူးခြားသေးပါဘူး"

ဟုပြောဆိုလေ၏။

ထိုအခါကြက်တောက

"မိန်းကလေးဆီက အဲဒီစာရွက်အပိုင်းအစကလေး ကျုပ်ကြည့်ချင်တယ်"

ဟုပြောလေရာ မကြေးမုံကသက်ပြင်းချပြီး

"အဲဒီစာရွက်ကလေးကို လုံခြုံစိတ်ချရအောင် ကြက်ဆင်ဖထီး ကြီးရဲ့အရိုးလက်ကိုင်ထဲမှာ ထည့်ပြီး သိမ်းထားတာပါ၊ ထီးကမြေချစ်တို့ အိမ်မှာကျန်ခဲ့ပြီ"

ဟုအဖြေပေးလေ၏။ ဖျောက်ဆိပ်သည် မကြေးမုံ၏စကားကြောင့် ထခုန်မတတ်ဖြစ်ကာ

"အဲဒါမှ ဒုက္ခပဲ"

ဟုရေရွတ်လေတော့၏။

မကြေးမုံ၏စာရွက်အပိုင်းအစကလေးထည့်ထားသည့်ထီးမှာ မြေချစ်၏အိမ်တွင် ကျန်ရစ်ခဲ့လေပြီ။ ကြက်တောက အကြော်တစ်မှုကို ကိုက်ဖွဲ့စားလိုက်ရင်း

"မကြေးမုံကို ကျုပ်တစ်ခုပြောချင်တယ်၊ ကျုပ်နဲ့ ဖျောက်ဆိပ်ကတော့ ဒီကိစ္စကိုအကောင်အထည်ဖော်ဖို့ စိတ်အားထက်သန်နေကြတယ်၊ မကြေးမုံဆီက လမ်းစရပြီဆိုတော့ ကျုပ်တို့အတွက်ရှေ့ကိုခရီးဆက်ဖို့ပဲ ရှိတော့တယ်"

ဟုပြောလေ၏။ ဖျောက်ဆိပ်ကလည်း

"ဟုတ်တယ် ဒါပေမဲ့ကျုပ်တို့ကိစ္စမှာ မကြေးမုံရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာသိချင်တယ်၊ အခုဆိုရင်မကြေးမုံကို ကျုပ်တို့က စစ်ကိုင်းတောင်ရိုးကို လိုက်ပို့ရမှာလား၊ မကြေးမုံဘယ်လိုလုပ်ချင်သလဲ"

ဟုမေးမြန်းလေ၏။





www.burmeseclassic.com

www.burmeseclassic.com



မကြေးမှုံသည် ကြက်တောနှင့် ဖျောက်ဆိပ်တို့၏ မျက်နှာကို တစ်လှည့်စီကြည့်ပြီး

"ကျွန်မလည်း အိမ်ကထွက်လာကတည်းက ဒီကိစ္စကို အကောင် အထည်ဖော်မလို့ ဆုံးဖြတ်ထားတာပါ၊ ကျွန်မဘက်က တတ်နိုင်သလောက် ရှင်တို့နဲ့ပူးပေါင်းပြီး အကူအညီပေးချင်ပါတယ်"

ဟုအဲဖြေပေးလေ၏။ ကြက်တောက

"ကျုပ်တို့နှစ်ယောက်ကို ယုံယုံကြည်ကြည်နဲ့ ပူးပေါင်းမယ်လို့ ဆုံးဖြတ်ထားတာ ဝမ်းသာပါတယ်၊ ကျုပ်ဘက်က မကြေးမှုံကို နမကလေး တစ်ယောက်ရှိ စောင့်ရှောက်ပါ့မယ်ဆိုတာ ကတိပေးပါတယ်"

ဟုဆိုလေရာ ဖျောက်ဆိပ်က ရယ်ကျဲကျဲဖြင့်

"ကျုပ်ကလည်း ဒီအတိုင်းပါပဲ၊ ဒါပေမဲ့ မကြေးမှုံဘက်က မထင်မြင်ရင်တော့ မတတ်နိုင်ဘူး၊ ကျုပ်ရဲ့တံတိုင်း အထပ်ထပ်ကာထားတဲ့ စည်းရိုးကိုဖောက်ဝင်လာရင်တော့ လက်ကျူး လက်ပြတ်၊ ခြေကျူး ခြေပြတ်ပဲ"

ဟုကြိမ်းဝါးလေ၏။ ကြက်တောက ဖျောက်ဆိပ်ကို လက်သီးဖြင့်ရွယ်ကာ

"တော်စမ်းပါကွာ၊ အခုအချိန်ကစပြီး တို့သုံးယောက်ပေါင်းပြီး အရင်ဦးဆုံးလုပ်ရမဲ့အလုပ်တစ်ခု ပေါ်လာပြီ"

ဟုဆိုလေရာ ဖျောက်ဆိပ်က

"မကြေးမှုံရဲ့ တချက်အပိုင်းအစလေးကို ပြန်ရှာဖို့ပဲမဟုတ်လား၊ ဒီကိစ္စ ငါတာဝန်ထားပါ၊ မင်းတို့နှစ်ယောက် လုံခြုံစိတ်ချရတဲ့တစ်နေရာက ငါ့ကိုစောင့်နေကြပါ"

ဟုပြောလေ၏။

ထိုအခါ ကြက်တောက ခေါင်းညိတ်ပြီး

"ဟုတ်ပြီလေ၊ မင်းကို စိတ်ချပါတယ်၊ ဒီတော့ ငါနဲ့မကြေးမှုံက မန္တလေးကနေ မင်းကိုစောင့်နေမယ်၊ ရွှေတာချောင်းနားမှာနေတဲ့ ငါ့မိတ်ဆွေ တစ်ယောက်ရှိတယ်၊ အဲဒီအိမ်လိပ်စာ မင်းကိုပေးခဲ့မယ်၊ မင်းကိစ္စကို (၃) ရက်အတွင်း အောင်မြင်အောင်လုပ်ပေတော့"

ဟုဆိုလေရာ ဖျောက်ဆိပ်က လက်မထောင်ပြီး

"ဒီထီးကို မမြချစ်ဆီက ရအောင်ယူခဲ့ပါ့မယ်ကွာ"

ဟုကတိပေးလေ၏။

ပြီးနောက်ဖျောက်ဆိပ်သည် မကြေးမှုံထံမှ မမြချစ်တို့ ရွာ အခြေအနေနှင့် သိလိုသမျှတို့ကို မေးမြန်းလေ၏။







www.burmeseclassic.com

ထို့နောက် ကြက်တောသည် မကြေးမုံကိုခေါ်ကာ ကားကြုံ တစ်စင်းဖြင့် မန္တလေးသို့လိုက်ပါလာခဲ့၏။ ဖျောက်ဆိပ်မှာမူ အကြော်ဆိုင်တွင် အကြော်ထုတ်ရင်း ကျန်ရစ်ခဲ့လေ၏။

သူတို့သည် မန္တလေးရှိ ရွှေတာချောင်းဘေးတွင်နေသော ကြက်တော၏ မိတ်ဆွေအိမ်သို့ ရောက်လာကြလေ၏။ ထိုအခါ ကြက်တောက အိမ်ရှင်အား

*"ဟောဒါက မကြေးမုံလို့ခေါ်တယ်၊ ကျုပ်ရဲ့ ညီမဝမ်းကွဲပဲ၊ ဒီမှာ ကျုပ်တို့ မောင်နှမ နှစ်ရက်သုံးရက် လောက်တည်းခိုပြီး မိတ်ဆွေတစ်ယောက်ကို စောင့်ရဦး မယ်"*

ဟုပြောလေ၏။

အိမ်ရှင်ယောက်ျားဖြစ်သူက ကြက်တောကို ရင်းနှီးစွာဝင်

*"ကျုပ်အိမ်မှာ (၃) ရက်မဟုတ်ဘူး၊ (၃) နှစ် နေလို့လည်းရတယ်"*

ဟုဆိုလေရာ မိန်းမကလည်း

*"နေရုံတင်မကဘူး၊ ကျွန်မကလည်း ဘုန်းကြီးပွဲ ရှိးလောက်အောင်၊ နေ့တိုင်းဟင်းကျွေးဟင်းရုံအစုံနဲ့ ချက်ပြုတ်ကျွေးမွေးပါ့မယ်တော်"*

ဟုအာမခံလေ၏။



*"ဒီလင်မယားကို တစ်ခါက ရာလီမ်ခံရမဲ့အရေးကနေ ငွေတွေမဆုံးရှုံးရအောင် ကျုပ်ကယ်တင်ပေးခဲ့ဘူးတယ်။ ဒါကြောင့် သူတို့နဲ့ကျုပ်တို့ဟာ ဆွေမျိုးရင်းချာတွေလို ရင်းနှီးခင်မင်နေတာပေါ့"*

ဟုဆိုခဲ့လေ၏။

ကြက်တောနှင့် မကြေးမုံတို့သည် နေ့လည်စာကို ကောင်းစွာစားသောက်ပြီးလျှင် ရွှေတာချောင်းရေဆိပ်ဘက်သို့၊ လမ်းလျှောက် ထွက်ခဲ့ကြ၏။

ထို့နောက် ချောင်းနဘေးရှိ အရိပ်ကောင်းသော သစ်ပင်ကြီး အောက်တွင်ထိုင်ကာ မကြေးမုံက

*"ကျွန်မ အတွက်တော့၊ ကိုးဆောင်ကျောင်းဆိုတာ၊ မဟော်ဓိတစ်ပုဒ်လိုဖြစ်နေတယ်"*

ဟုစကားစလေရာ ကြက်တောက ရေပြင်ကိုငေးမောရင်း

*"ကျုပ် မကြေးမုံကို မှတ်တမ်းစာအုပ်ကလေး တစ်အုပ်၊ ပေပြီး ဖတ်နိုင်းလိုက်ရင်၊ အားလုံးရှင်းသွားမှာပါ၊ ဒီမှတ်တမ်းထဲမှာ အဓိကဇာတ်ဆောင်တစ်ယောက် အနေနဲ့မကြေးမုံရဲ့၊ စိတ်ရောဂါသည် ဖခင်ကြီးလည်း ပါနေတယ်"*

ဟုပြောလေ၏။

www.burmeseclassic.com



မကြေးမုံသည် ပါးစပ်ကလေး အဟောင်း သားဖြစ်ကာ ကြက်တော၏ စကားကိုစိတ်ဝင်တစား နားစွင့်နေပါ၏။

ကြက်တောကဆက်၍

"အရင်ဆုံး၊ ဒီမှတ်တမ်းကလေး ကျုပ့်လက်ထဲကို ရောက်လာပုံကစရလိမ့်မယ်၊ ဒီမှတ်တမ်းကို ဘုံသော်သားမား ရှိခေါ်တဲ့ ဘီဘီတီစီ သစ်ကုမ္ပဏီမှာ သစ်အဝယ်တော်ကြီး လုပ်ခဲ့ဘူးတဲ့ ဦးမောင်စံဆိုတဲ့ လူကြီးတစ်ယောက် ရေးသားခဲ့တာပဲ၊ ကျုပ်ဟာ လော်ထိုးသားအလုပ်ကို စွန့်လွှတ်ပြီး မြစ်တပြည်အနှံ့ လှည့်လည်သွားလာနေတဲ့အခါ တစ်နေ့မှာတော့ မြစ်ဝကျွန်းပေါ်က ရိုင်မြို့ကြီးနှစ်မြို့ကို ဆက်သွယ်ထားတဲ့ မီးရထားလမ်းတစ်လျှောက်က ဘူတာရုံကလေးမှာ ဦးမောင်စံနဲ့ မထင်မှတ်ဘဲ တွေ့ဆုံခဲ့ရတယ်၊ ဦးမောင်စံဟာ အဲဒီအချိန်တုံးက အခြေမဲ့အနေမဲ့ ယစ်ထုပ်ကြီးတစ်ကို ရောက်နေရှာတယ်၊ ဘုံဆိုင်တစ်ခုမှာ အရက်ဝင်သောက်လို့ ပိုင်းပြီးရိုက်နှက်လွှတ်လိုက်တဲ့အတွက် ဒဏ်ရာပရပွနဲ့ ဘူတာရုံကလေးက ခုံတန်းလျားမှာ ညည်းညူရင်းလဲလျောင်းနေတာကို ကျုပ်ကတွေ့ခဲ့တာပါ၊ ကျုပ်ဟာအဲဒီအရက်သမားအိုကြီးကို ဆေးခန်းကိုပို့ပြီး ဆေးကုသပေးခဲ့ တယ်၊ အစာရေစာကောင်းကောင်းကျွေးပြီး





မြို့ပြင်က ဇရပ်ကလေးမှာထားခဲ့တယ်၊ ဒါပေမဲ့ (၃) ရက်မြောက်တဲ့နေ့မှာပဲ၊ သူဟာကျုပ်ကိုပေးဒီ မှတ်တမ်းစာအုပ်ကလေးအပ်နှံပြီး သေဆုံးသွားခဲ့တယ်"

ဟု ပြောလေ၏။

ထို့နောက်ကြက်တောက သူ၏သံဗူးလက်ဦးထုပ် ဘောင်းကြီး၏ ထိပ်တည့်တည့်ရှိ အတွင်းလိုင်နာစအတွင်းမှ အညိုရောင် သားရေဖုံးစာအုပ်ကလေးတစ်အုပ်ကို ထုတ်ယူပြီး မကြေးမုံအားပေးကာ

"ဦးမောင်စံရဲ့ မှတ်တမ်းဟာ ဟောဒီစာအုပ်ကလေး ပါပဲ၊ ဖတ်ကြည့်လိုက်ပါဦး"

ဟု ပြောလေတော့၏။

မကြေးမုံကစိတ်လှုပ်ရှားစွာဖြင့် စာအုပ်ကို ယူ၍ကြည့်ရှုလေရာ အဖွင့်စာမျက်နှာတွင်ပင် အောက်ပါအတိုင်းရေးသားထားသည့်ကို တွေ့လိုက်ရလေ၏။

"ကျွန်ုပ်သည်ဘီဘီတီစီ သစ်ကုမ္ပဏီတွင် (၁၅)နှစ်ကျော်ခန့် အမှုထမ်းခဲ့သော သစ်အဝယ်တော်ကြီး ဦးမောင်စံဖြစ်၏။ ကျွန်ုပ်သည် ဤမှတ်တမ်းကို အပိုအလိုမရှိအောင် ရေးသားခဲ့ပေသည်။ မှတ်တမ်းပါအဖြစ်အပျက်များ ကဲ့သို့ထပ်တူပင် အစီရင်ခံစာတစ်စောင်ကိုလည်း ကျွန်ုပ်၏ ကုမ္ပဏီသို့ ရေးသားပေးပို့ခဲ့ရ၏။ သို့သော် ထိုအဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com



*များသည် ယုံကြည်နိုင်စရာမရှိဟူ၍ ကျွန်ုပ်သည် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သော သစ်အဝယ်တော်အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရ၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ဤမှတ်တမ်းပါ အကြောင်းအရာများကို အမှန်တကယ် တွေ့ကြုံခဲ့ရသည်ဖြစ်ကြောင်း၊ အဆုံးဆုံးသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးများအား တိုင်တည် သစ္စာထားရုံမျှသာ တတ်နိုင်လေတော့၏။"*

*(သစ်အဝယ်တော်ကြီးဦးမောင်စံ)*

ကျွန်ုပ်၏အလုပ်မှာ သစ်အဝယ်တော်ဟုဆိုသော်လည်း ပဲခူးရိုးမရှိ အိုးရသစ်တောဌာနဘက်မှ သင်းပြီးသား ကျွန်းသစ်များ၊ အခြားသစ်မာများကို ခုတ်ယူကာ ဆင်ဖြင့် ကမ်းစပ်အရောက်ဆွဲယူပြီး မြစ်ကြောင်းအတိုင်း မျှော၍ ရန်ကုန်ကုမ္ပဏီပိုင် သစ်ခွဲစက်များသို့ အရောက်ကြီးကြပ် ပို့ဆောင်ရသည့် အလုပ်ဖြစ်၏။

ကျွန်ုပ်သည် တောထဲတွင်သာနေရသည့်အချိန်က များလေ၏။ ကျွန်ုပ်တို့၏အထက်တွင် ကုမ္ပဏီမှခန့်ထားသည့် မျက်နှာဖြူအရာရှိ တစ်ယောက်ရှိ၏။

ထိုသူမှာမစ္စတာ ချာလတန်ဟူသော အင်္ဂလိပ်လို အင်ဒီယန်း ကပြားတစ်ယောက်ဖြစ်၏။

၎င်းသည် သစ်များကို ကြီးကြပ် ထုပ်လုပ်ရသည်ထက် အမဲ



သားကောင်များ ပစ်ခတ်သည့် မုဆိုးအလုပ်၊ တောပစ်ခြင်းအလုပ်ကို ပို၍ စိတ်ဝင်စား၏။ ၎င်းသည် မြန်မာပြည် တန်တလျားသို့လည်း ရောက်ရှိခဲ့ဖူး၏။

မြန်မာပြည်၏ သစ်တောများမှာလည်း အရှေ့ဘက်တွင် တောင်ငူ၊ အနောက်ဘက်တွင် ချင်းတွင်းဒေသ၊ မြောက်ဘက်တွင် ဗန်းမော်၊ ကသာနှင့် တောင်ဘက်တွင် ပဲခူးရိုးမအထိ ပေါများကြွယ်ဝလှသည် ဖြစ်၏။

မစ္စတာ ချာလတန်မှာ အလုပ်တာဝန်ဖြင့် ထိုနေရာဒေသများသို့ သွားရောက်ခဲ့ဖူးလေရာ အမဲပစ် အတွေ့အကြုံများအား တော်ရုံမုဆိုးများကို ပြန်လည်သင်ကြား ပြသပေးနိုင်သော အဆင့်ထိအောင်ရှိလေ၏။

ကျွန်ုပ်မှာမူ အမဲပစ်ခြင်းကိုဝေးစွ၊ ယုန်တစ်ကောင်ကိုပင် သတ်ဖြတ်ဖူးခြင်း မရှိချေ။

ကျွန်ုပ်နှစ်သက်သည်မှာ ညနေစောင်းအချိန်၌ ထမင်းမစားမီ အရက်ကို တစ်ခွက်တစ်ဖလား မော့ရခြင်းသာဖြစ်၏။

တစ်နေ့တွင် မစ္စတာချာလတန်သည် မည်သို့စိတ်ကူးပေါက်သည် မသိ။ ကျွန်ုပ်အား တောပစ်ထွက်ရန်လာ၍ ခေါ်ယူလေတော့၏။

ကျွန်ုပ်သည် ထိုအလုပ်ကို များစွာစိတ်ပါခြင်းမရှိသော်လည်း အထက်လူကြီး၏ စကားဖြစ်၍ နေသည်တစ်ကြောင်း၊ ၎င်း၏ညွှန်ပြမှုနှင့် အကောင်းစား ဝိစကီသေတ္တာကို မြင်တွေ့ရသည်တစ်ကြောင်း တို့ကြောင့် အလွယ်တကူ ခေါင်းညိတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆုံးဖြတ်ချက် ကလေးတစ်ခုသည် ကျွန်ုပ်၏ဘဝတစ်သက်တာလုံးအတွက် ဒုက္ခပေါင်းနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သလို ထိုဆုံးဖြတ်ချက်ကလေးကြောင့်ပင် အလုပ်မှထုတ်ပယ်ခြင်းခံရတော့မည် ဖြစ်၏။

ရာသီဥတုသာယာသောနေ့တစ်နေ့တွင် ကျွန်ုပ်နှင့် မစ္စတာချာလတန်သည် အထမ်းသမား (၃)ယောက်နှင့်အတူ တောပစ်ထွက်ခဲ့ကြ၏။

မစ္စတာချာလတန်က ထိုရက်ပိုင်းတွင် အလုပ်အနည်းငယ်အားလပ်နေသည်ဖြစ်သောကြောင့် သူ့အနေနှင့်အချိန်ယူကာ ဂိုးမအတွင်းမှ ကျားသုံးကောင်ကိုရအောင်ပစ်မည်ဟု စရိုးအစ၌ပင် ကြွေးကြော်ခဲ့လေ၏။

ကျွန်ုပ်တို့အတွက် လက်နက်အစုံအလင်နှင့် ရိက္ခာမှာလည်း (၁၅) ရက်စာခန့်အထိ ကောင်းစွာ စားသောက်နေထိုင်နိုင်အောင်ယူဆောင်လာလေ၏။

ကျွန်ုပ်တို့သည် တောင်ကြောအတိုင်း မြောက်ဘက်စူးစူးသို့ နှစ်နာရီခန့်သွားလာမိလျှင် အနီးရသစ်တောစွာနဘက်မှ သစ်တောဧရိယာကို အကြမ်းအားဖြင့်သာ သတ်မှတ်ထားရသေးသည့် နတ်ကြီးတောဟု အမည်ရသော တောစပ်သို့ ပေ (၆၀၀)ခန့်မြင့်သည့် တောင်ကုန်းမြင့်တစ်ခုတွင် စခန်းချရန်စီ စဉ်လေတော့၏။

ထိုမှနေ၍ ပင်မစခန်းအဖြစ်ထားကာ နတ်ကြီးတောအတွင်း လှည့်လည်၍ အမဲကောင်များပစ်ခတ်မည်ဖြစ်၏။

ထိုတောသို့ရောက်လျှင် အထမ်းသမားထဲမှ အနည်းငယ် လှည့်လည်





ဝယ်ဝယ်ရှိပြန်တူသော အထမ်းသမားပေစိက ကျွန်ုပ်ကို

*" ဆရာကြီး ကျုပ်တို့ဒီတောထဲမှာ ကျားပစ်ကြမှာလား၊ စက်တော့စက်ကုန်ပါပြီ၊ ကျုပ်က ဒီအထိ မရောက်လောက်ဘူးထင်နေတာ "*

ဟုပြောလေ၏။

ကျွန်ုပ်ကပေစိကို စူးစိုက်၍ကြည့်လိုက်လေရာ ၎င်းကဆက်၍

*" ဒီတောက သိပ်နတ်ကြီးတယ်၊ ဟိုမျက်နှာဖြူကြီးကတော့ ဘယ်လိုနေမလဲမသိဘူး။ ဆရာကြီးကတော့ မြန်မာလူမျိုးဆိုတော့ ဆင်ခြင်စရာရှိရင်ဆင်ခြင်ပြီး ဟိုမျက်နှာဖြူကြီးကို တားနိုင်အောင်ကြံဖူးတာလေး ပြောပြချင်ပါတယ်၊ ဒါမှိုးတွေကို ဆရာကြီးအယုံအကြည် ရှိမလားတော့ မသိဘူး "*

ဟု ဆိုလေရာ ကျွန်ုပ်က

*" ယုံတယ် မယုံတယ် မဟုတ်ပါဘူးကွာ၊ မင်းပြောချင်တဲ့ အကြောင်းသာပြောစမ်းပါ "*

ဟုစကားလမ်းကြောင်းပေးလိုက်၏။ ထိုအခါ ပေစိက

*" ဒီတောက နတ်ကြီးတယ်လို့ ဆရာကြီးကို ကျွန်ုပ်ပြောခဲ့တာပဲ၊ ဒါကြောင့် ဟိုးရှေးပဝေသဏီကတည်းက နတ်ကြီးတောလို့ အမည်တွင်နေတာပါ၊*



www.burmeseclassic.com

www.burmeseclassic.com



ဒီနတ်ကြီးတောမှာ မျက်နှာဖြူကြီး ခန့်မှန်းထားသလို ကျားနဲ့ အခြားကောင်တွေပေါ်များတာလည်း အမှန်ပဲ၊ ဒါပေမဲ့ ဘယ်လိုမှဆိုးမိုးမှ ဒီတောကိုခြေမချဝံ့ဘူး။ မသိနားမလည်လို့ ရောက်လာရင်လည်း တောခြောက်တာ တောမှောက်တာကြုံရင်ကြုံ၊ မကြုံရင် သေဒုက္ခအန္တရာယ် တစ်ခုမဟုတ်တစ်ခု တွေ့ကြတယ်လို့ အဆိုရှိတယ်၊ ရိုးမတစ်ကြောမှာ နေအောင်းနေတတ်တဲ့ လူဆိုးသေပြတွေတောင် ဒီတောကို ဝေးဝေးကရှောင်ကြတယ်၊ ပြီးတော့ နတ်ကြီးတောရဲ့ အလည်တည့်တည့် အရှန်ပဲ နက်ရှိုင်းတဲ့ တောနက်တစ်နေရာမှာ တောင်သုံးလုံး ဝိုင်းရံထားတဲ့ ဝက်ပါတောဆိုတာလည်း ရှိသေးတယ်၊ အဲဒီဝက်ပါထဲ ရောက်သွားရင် တစ်သက်လုံး အပြင်ကို ပြန်ရောက်ဖို့ မစဉ်းစားနဲ့တော့တဲ့"

ဟုပြောလေရာ ကျွန်ုပ်က ထိုအဖြစ်အပျက်မျိုး အကြောင်းအရာမျိုးများကို တောစောင်ထဲတွင် လှည့်ပတ်သွားလာနေသူဝီဝီ ကြားရဖန်များနေသောကြောင့် ပေစီကို

"ဒီလောက်နဲ့တော့ မစ္စတာ ရှာလတန် နောက်ဆုတ်လိမ့်မယ် မဟုတ်ဘူးကွ"

"နတ်ကြီးတော အလည်တည့်တည့်က ဝက်ပါ





အကြောင်း ဒီလောက်နဲ့ ဘယ်ဟုတ်လိမ့်မလဲ ဆရာကြီးရဲ့၊ အဲဒီနေရာမှာ ဟိုးရှေးရှေးတုန်းက အတိုင်းတိုင်း အပြည်ပြည်က မင်းညီမင်းသားတွေ ပညာသွားသင်ကြတဲ့ တက္ကသိုလ်ပြည်က ကျောင်းတော်ကြီးလို မင်းညီမင်းသားတွေကို လျှို့ဝှက်ပညာ သင်ကြားပေးတဲ့ ကျောင်းတော်ကြီး ရှိခဲ့ဖူးတယ်၊ အဲဒီမှာ သင်ကြားပေးတဲ့ သူကတော့ အရှန်ပဲ သက်တော်ငယ်ရွယ်တဲ့ ပုဏ္ဏားပျိုကလေးတစ်ပါးလို့ အဆိုရှိတယ်၊ ဒါပေမဲ့ အချို့ကတော့ အဲဒီပညာရှိ ပုဏ္ဏားပျိုကလေးသက်တော်ကို တစ်ရာကျော်လို့ ဆိုကြတယ်၊ တစ်မျိုးကလည်း ဘယ်ရှိမှ ခန့်မှန်းလို့ မရအောင် အစဉ်အမြဲ နုပျိုနေတယ်လို့လည်း ပြောကြတယ်"

ဟုပြောလိုက်၏။

ကျွန်ုပ်က ခေါင်းတံကိုဖွာပြီး

"ဒါလည်း ကောလဟာလတုန်းက ရာဇဝင်သင်ဖူးပါတယ်ကွာ၊ ဒါပေမဲ့ မင်းပြောတဲ့ ပဲခူးရိုးမတောထဲက တက္ကသိုလ်သီလပြည်က မင်းညီမင်းသားတွေကို ပညာသင်ပေးတဲ့ ကျောင်းတော်ကြီးဆိုတာကိုတော့ ဘယ်စာအုပ်ထဲမှာမှ မတွေ့ဖူးပါဘူး"

ဟုပြောလိုက်၏။ ပေစီက



www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ပုံပြင်ရှိသာ မှတ်ပေတော့ ဆရာကြီးရယ်၊ ဒါပေမဲ့ ဆက်ပြီးပြောရဦးမယ်၊ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ပြီး တိုင်းပြည်ကို ကယ်တင်မဲ့ မင်းလောင်းလို့ အတိတ်တဘောင် ပေါ်နေတဲ့ ကြော့မင်း ကလေးတောင် အဲဒီမှာ ပညာဆည်းပူးခဲ့သေးတယ်လို့ ဆိုကြပြန်တယ်၊ အဲဒီကျောင်းတော်ကြီးဟာ အခုတော့ ဘယ်ရှိတော့မလဲ၊ ဘာကြောင့်လဲဆိုတော့၊ တစ်နေ့မှာ ပညာရှိ ပဉ္စင်းပျို ကလေးဟာ သူ့ရဲ့တပည့် မင်းညီမင်းသား (၇)ယောက်နဲ့ လောကီအစီအရင်တစ်ခုကို စီရင်နေရင်း အချိန်အဆ လွဲမှားသွားတဲ့အတွက် မီးလောင်ပေါက်ကွဲမှုကြီးဖြစ်ပြီး ကျောင်းတော်ကြီးလည်း အစပျောက်၊ ဦးပဉ္စင်းကလေး လည်း ပျံလွန်တော်မူ မင်းညီမင်းသား (၇)ယောက်လည်း သေဆုံးကုန်ပြီး၊ အဲဒီမှာတင် ဇာတ်လမ်း ပြတ်သွားတာပဲ၊ ဒါပေမဲ့ သူတို့အားလုံးဟာ ဒီတောကြီးထဲမှာပဲ အစောင့် အရှောက်တွေဖြစ်ပြီး၊ လပြည့်ညတွေမှာ မြင်းဖြူကြီးတွေနဲ့ နတ်ကြီးတောထဲမှာ လှည့်ပတ်သွားလာနေတတ်ကြတယ် တဲ့၊ တောတောင်တိုင်းမှာ အစောင့်အရှောက်တွေ ရှိတတ်ပေမဲ့ ပူဇော်ပသပြီးရင် လိုချင်တဲ့ အမဲသားကောင်ကို ပစ်ခတ်ခွင့်ရကြတယ်၊ ဒါပေမဲ့ နတ်ကြီးတော အစောင့်တွေ





ကတော့ အဲဒါကိုဘယ်လိုမှ လက်မခံဘူးတဲ့ ဆရာကြီးရယ်၊ ကျုပ်တော့ ဒီတောထဲမှာနေရတာ စပ်လန့်လန့်ပဲ"

ဟုပြောဆိုပြန်၏။

ထိုအခါ ကျွန်ုပ်က ရယ်မောပြီး

"မစွတာ ချာလတန်က မင်းရဲ့မြင်းဖြူတွေကို ကျားတွေနဲ့မှားပြီး မပစ်မိဘို့ ဆုတောင်းပါကွာ"

ဟုနောက်ပြောင်လိုက်၏။ ထိုအခါပေစီက

"ပြောမယ့်ကြုံတုန်းမှ သိဆိုတဲ့ ဆရာကြီးတို့လို လူမျိုးတွေကြောင့် ပေါ်လာတာဖြစ်မယ်၊ ဒါပေမဲ့ ပြောလက်စနဲ့ ပြောရဦးမယ် အဲဒီကျောင်းတော်ကြီးဟာ လူ့ရဲ့လက်တစ်ဖက် မကရှိတဲ့ ကျွန်းတိုင်ကြီး (၉၉)တိုင်နဲ့ တည်ဆောက်ပြီး၊ ဘုံပြဿဒ်(၇)ဆင့်စီနဲ့ အဆောင်ကြီး (၉)ဆောင်ရှိလို့ တော်တော်ကြီး ခန့်ညားထည်ဝါတယ်လို့ ဆိုကြတယ်၊ လောကီအစီအရင် ကြမ်းကြေနင်းကြေလို စီရင်ပြီး ဆောက်လုပ်ထားတာဖြစ်မှာပေါ့၊ ဒါကြောင့်လည်း "ကိုးဆောင် ကျောင်းလို့" အမည်တွင်တယ်တဲ့"

ဟု ဖောက်သည်ချလေ၏။

ကျွန်ုပ် ပေစီပြောသမျှ စကားထဲတွင် ဘာကြောင့်မှန်းမသိ၊ ကိုးဆောင်ကျောင်းဟူသော စကားကသာ နားမှတစ်ဆင့် အသဲနှလုံးတိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် စိမ့်ဝင်သွားသည် ထင်မိကာ ကြက်သီးတဖြန်းဖြန်းထ၍ သွားတော့၏။

ထိုနောက်တွင် မစ္စတာချာလတန်သည် ကျွန်ုပ်အား အင်္ဂလန်နိုင်ငံလုပ် အကောင်းစား အမဲပစ်ရိုင်ဖယ် တစ်လက်ပေး၏။ သူကိုယ်တိုင်လည်း အာဖရိကမှ မုဆိုးကြီး အလံကွာတာမိန်း ကဲ့သို့ ရေဘူး၊ ကြိုးခွေ၊ တောလိုက်ခါးမြှောင်၊ အပေါ်စားသစ်ခုတ်ပုဆိန်၊ ခြောက်လုံးပြူး၊ အမဲပစ်ရိုင်ဖယ်၊ ကျည်ခါးပတ် စသည့်အမဲလိုက် အီကွေးမင့်၊ အစုံအလင်ဖြင့် ရှိရလေပြီ၊ ထိုအပြင် မစ္စတာ ချာလတန်၏ ကျောပိုးအိတ်တွင်း၌ အဝတ်အစား အနည်းငယ်ဆေးတံနှင့် ဆေးတံသောက် ဆေးဘူးကြီးတစ်ဘူးသာ ယူဆောင်ကာ အဓိကဖြစ်သည့် ဝီစကီပုလင်းများကို ယူနိုင်သလောက် သယ်ယူခဲ့လေတော့၏။

တောထဲတွင် ရည့်လည်ရင်း စခန်းသို့ ပြန်မရောက်ပဲ ညအိပ်ရမည့်အဖြစ်မျိုး ကြုံလျှင်လည်း အသင့်ရှိစေရန် အထမ်းသမား တစ်ယောက်နှင့်အတူ လက်ဆွဲရေနံဆီမီးဖို၊ စားစရာ ရိက္ခာအနည်းငယ်နှင့် ရွက်ဖျင်တဲငယ်တစ်လုံးကို သယ်ဆောင်သွားမည် ဖြစ်၏။

ပေစိမှာမူ တောလည်ရာတွင် မလိုက်ပါရသောကြောင့် အပျော်ကြီး ပျော်လျှက် ရှိ၏။

ပေစိနှင့် အတူအထမ်းသမားတစ်ယောက်က စခန်းစောင့် ကျန်ရစ်မည်ဖြစ်၏။





ဤသို့ဖြင့် ကျွန်ုပ်တို့ သုံးဦးသား တောလည်ထွက်ကြရာ တစ်နာရီခန့်အကြာတွင် ခပ်ပြေပြေရှိသော တောင်စောင်းတစ်ခု အဆင်းတွင် မစ္စတာချာလတန်က ရပ်တန့်ပြီး

*"မစ္စတာ မောင်စံ၊ ကျုပ်တို့ ရိက္ခာအတွက် တောကောင် တစ်ကောင်တော့ ပစ်ခတ်ရလိမ့်ဦးမယ်၊ ကျုပ်ဟာ ကျားကိုပဲပစ်မယ်လို့ ရည်မှန်းထားတဲ့အတွက် မစ္စတာမောင်စံပဲ လက်စွမ်းပြပေတော့၊ ဟောဟို တောင်စောင်းအဆင်းက ဆားကျင်းမှာ ဆတ်တွေရှိနေတယ်"*

ဟု တာဝန်ပေးလေ၏။

ကျွန်ုပ်မှာ တောတောင်ထဲတွင် လှည့်ပတ်သွားလာ နေရသောကြောင့် သေနတ်လက်နက်နှင့် မစိမ်းလှချေ။

ထိုမုဆိုးရင့်မကြီး၏ ရှေ့တွင် အစွမ်းလည်း ပြချင်သေးသောကြောင့် သစ်ပင်၊ ချုံပင်များကို အကာအကွယ်ပြု၍ ဆတ်ပစ်ရန် ထွက်ခဲ့၏။

ကျွန်ုပ်သည် ရိုင်ဖယ်ကို အသင့်ပစ်ခတ်နိုင်ရန် မောင်းတုံး ကို တင်ထားပြီး ဖြစ်၏။

ချုံကွယ် တစ်ခုမှနေ၍ ချောင်းမြောင်းကြည့်ရှုလေရာ မစ္စတာ ချာလတန်၏ စကားအတိုင်း ဆတ်တစ်အုပ်ကို တွေ့လိုက်ရတော့၏။

ထိုအထဲတွင် သဏ္ဌာဝအလျောက် ဖြစ်ပေါ်နေသည့် ဆားကျင်း

ထိုလျှက်၌ စားသောက်ခြင်းမပြုဘဲ ပင်လယ်တွင်းမှ ကျောက်ခက်များအလား ဝေဖြာနေသည့် ဦးချိုကားကားနှင့် ဆတ်ထီးကြီး တစ်ကောင်ကို ထင်းထင်းကြီး မြင်တွေ့နေရ၏။

ထိုအကောင်ကြီးဆိုလျှင် ကျွန်ုပ်တို့အုပ်စု လေးငါးရက်ခန့် စားရမည့် ရိက္ခာရပေတော့မည်။

ကြောင်ဖိ ကျွန်ုပ်သည် ဒူးထောက်၍ သေနတ်ကို ပခုံးတွင် ထောင်ကာ ဆတ်ထီးကြီး၏ လက်ပြင်နေရာသို့ သေချာစွာ ချိန်ရွယ်ကား ပစ်ခတ်လိုက်လေ၏။

ကျွန်ုပ်၏ မျက်လုံးထဲ၌မူ တောကောင်ကြီးများကိုပင် မိုင်းခနဲ လဲကျစေနိုင်မည့် ကျည်အားကြောင့် ဆတ်ထီးကြီးသည် တုံးခနဲ ဖြစ်သွားမည်ဟု မြင်ယောင်မိ၏။

သို့သော် ကျယ်လောင်သော သေနတ်သံနှင့်အတူ ဆတ်အုပ်လည်း ထိတ်လန့်တကြားဖြင့် ကျွန်ုပ်၏မျက်လုံး ရှေ့မှပျောက်ကွယ်သွားသလို ဆတ်ထီးကြီးမှာလည်း သေနတ်ပြီးနေသည့်အလား သုံးလေးကိုက် အကွာအဝေးရှိ ချုံပုတ်တစ်ခုအတွင်းသို့ လွှားခနဲ ခုန်ဝင်သွားသည်ကို တွေ့လိုက်ရတော့၏။ ပစ်ချက်တဲ လွဲချော်သွားချေပြီ။

တစ်ပြိုင်နက်ပင် ကျွန်ုပ်၏နဘေးမှ လူရိပ်တစ်ရိပ်က လျှင်မြန်စွာ ပြေးထွက်ပြီး ဆတ်ကြီးခုန်လွှား ဝင်ရောက်သွားရာ ချုံပုတ်ထဲသို့ အဝေးမှပင် လှံရှည်တစ်ချောင်း ပစ်လွှတ်လိုက်သည်ကို တွေ့လိုက်ရ လေ၏။



ထိုလူသည် ကျွန်ုပ်တို့၏ အသဝမ်းသမားပင် ဖြစ်တော့၏။ လှံရှည်မှာ ချုံတွင်း၌ ဦးချိုဖြင့်ညိကာ ရုန်းကန်းရင်း လွတ်မြောက်အံ့ဆဲဆဲ ဖြစ်နေသည့် ဆတ်ထီးကြီး၏ လက်ပြင်နေရာသို့ တည့်တည့် မတ်မတ်ကြီး စိုက်ဝင်လျက် ရှိလေ၏။

ထိုအခါ မစ္စတာချာလတန်လည်း ကျွန်ုပ်၏ စွမ်းရည်ကို ကောင်းစွာ သဘောပေါက်သွားလေတော့၏။ ကျွန်ုပ်အား နောက်ထပ် အမဲပစ်ရန် ဆွဲပစ်ရန် တိုက်တွန်းခြင်းမရှိတော့ချေ။

မစ္စတာ ချာလတန်သည်လည်း ထိုတစ်နေ့လုံး ကျား၏ အရိပ် အယောင်ကိုမျှ မမြင်ရသောကြောင့် မျက်မှောင်ကြီးကြုတ်၍ စဉ်းစားခန်း ဝင်လျက်ရှိ၏။

သူ၏ အတွေ့အကြုံအရမူ ထိုတောအတွင်း ကျား၏ သွားလာ လှုပ်ရှားမှုသည့် ခြေရာလက်ရာကိုမျှ မမြင်တွေ့ရသည်ကို အမြေရှာနေခြင်း ဖြစ်မည်။

ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် စခန်းပြန်မရောက်ပဲ တောနက်တွင်း၌ (၃) ရက်ကြာလျှင် ကျားတစ်ကောင်ကို ပစ်ခတ်၍ ပြန်လာမည်ဟု ရရှိပေမည် လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် နောက်တစ်နေ့နံနက်စောစောတွင် ပေစိတို့ရှိရာစခန်းသို့ ပြန်၍လာခဲ့၏။

လမ်းခရီးကို ကျွန်ုပ်သနေ့နှင့် ကောင်းစွာမှတ်မိပြီး၊ စခန်းသို့ရောက်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရင် နေ့တစ်ဝက်သာသာခန့် သွားလာမည်ဖြစ်သောကြောင့် စိတ်အေးလက်အေးဝင်ခရီးနှင်လျက်ရှိ၏။

ထိုခရီးအတွက် တစ်ကိုယ်တည်း မပျင်းမရိရှိစေရန် အထမ်းသမားပြုလုပ်ပေးလိုက်သည့် ဆိတ်သားပြုတ်ကြော်များက ဟန်ကောချိုင့်တစ်လုံးအပြည့်အသိပ်ဖြစ်ရာ ဝိစကီအရက်ကလည်း သောက်၍ကောင်းလှပေ၏။

နှစ်နာရီခန့်ခရီးနှင်မိလျှင် ကျွန်ုပ်မြင်ကွင်းထဲသို့ တောကောင်ငယ်ကလေးတစ်အုပ်တရွေ့ရွေ့ဖြတ်သန်းနေသည်ကဝင်ရောက်လာ၏။ ထိုအချိန်၌ကျွန်ုပ်သည်ယာမန်နေ့က ဆိတ်ထီးကြီးတစ်ကောင်အားပစ်ခတ်ခဲ့ပုံကို ပြန်၍ မြင်ယောင်မိ၏။

မြင်ကွင်းက ထိုအတိုင်းပင် နီးနီးစပ်စပ်တူညီနေ၏။ ကျွန်ုပ်လည်း တောင်စောင်းတစ်ခုတွင်ရောက်ရှိနေပြီး၊ဆိတ်တစ်အုပ်က တောင်စောင်းအခြေရှိ မြက်ခင်းစိမ်းတွင်ရွေ့လျားသွားလာရင်း၊ အစာစားနေကြ၏။

ထိုအထဲတွင် ဦးချိုကားကားနှင့် ဆိတ်ထီးကြီးတစ်ကောင်ကလည်း အထင်းသားရှိနေပြန်၏။

မစ္စတာချာလတန်အပေါ်တင်ရှိနေသည့် ကြွေးကိုပြန်၍ ဆပ်ရတော့မည်။ ကျွန်ုပ်၏လက်စလက်နကို တစ်ခါတော့ သေချာစွာပြရမည်။

ထို့နောက် မူးယစ်နေသည့် အရှိန်ကလေးကြောင့်လားမသိ၊ ရိုင်ဖယ်သည် ကျွန်ုပ်၏လက်ထဲသို့ ချွေခနဲပါလာပြီး၊ ဆိတ်ထီးကြီးကို သေချာစွာ





ချိန်ရွယ်ပစ်ခတ်လိုက်လေ၏။

ယခုတစ်ကြိမ်တွင် မလွဲ ချေတော့။ ဆိတ်ထီးကြီးသည် တုံးခနဲလဲကျသွားချေပြီ။

ကျွန်ုပ်လည်း ကလေးငယ်တစ်ယောက်တဲ့သို့ ဝမ်းသာရွှင်မြူးစွာနှင့် ဆိတ်ထီးကြီးလဲကျနေရာသို့ တောင်ဆင်ခြေလျောအတိုင်း အပြေးကလေးသွားရောက်လေ၏။

ကျွန်ုပ်သည် ဆိတ်ထီးကြီးနှင့်ခြေလှမ်းဆယ်လှမ်းမျှ အကွာအဝေးသို့ရောက်လျှင်ပင် ထင်မှတ်မထားပါဘဲ၊ ဆိတ်ထီးကြီးမှာ ရုတ်တရက်ထ၍ ပြေးလွှားလေတော့၏။ သေနတ်ကျည်ဆန်က ဝေါင်ကိုသာရှပ်၍ထိမှန်သွားခြင်းဖြစ်၏။

ဆိတ်ထီးကြီးမှာ ခြေသုံးချောင်းကိုသာ အားပြုပြီးတစ်ဖက်တောင်စောင်းထက်သို့ ခုန်ပေါက်ပြေးလွှားသွားလေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်လည်း စိတ်တိုဒေါသထွက်စွာဖြင့်၊ ၎င်း၏အနောက်သို့ပြေး၍ လိုက်ရပြန်၏။

ကျွန်ုပ်မှာ ဆိတ်ထီးကြီးနှင့် နီးကပ်လျှင် ဖြစ်လိုရာဖြစ်စေဟု သဘောထားကာ ခုန်အုပ်ပြီးလုံးထွေးကာ အရှင်ဖမ်းဆီးရန်ပင် စိတ်ရေးပေါ်နေလေ၏။

ဆိတ်ထီးကြီးမှာ လျှင်မြန်စွာမပြေးလွှားနိုင်ပဲ၊ ကျွန်ုပ်နှင့်ခြေလှမ်းမကမ်းသာရှိနေရာ ကျွန်ုပ်၏အကြံအထမြောက်ရန် ဖြစ်နိုင်ချေရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ပ်မှာ ခရီးဆောင်အိတ်ကို လွယ်ပိုး၍ ပြေးလွှားနေရသောကြောင့် သွက်လက်စွာ မပြေးလွှားနိုင်ပဲ လှန့်ဖွာမောပန်းနေပြီဖြစ်၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ဆင်ထီးကြီးသည် စိမ်းပြေတမ်း ကစားသလို တောင်ကြောပေါ်သို့ ရောက်လာခဲ့၏။

ကျွန်ုပ်၏ ရှေ့မှရှိနေသော ဆင်ထီးကြီးသည် ကိုယ်ယောင်ပျောက်လိုက်သည့်အလား၊ ဖြုန်းခနဲ ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်သည်လည်း အရှိန်ဖြင့် ဆက်လက်ပြေးလွှားရင်း လှတစ်ကိုယ်လုံး မြေကြီးနှင့်ကင်းလွတ် သွားလေတော့၏။ ထိုနေရာသည် မတ်စောက်သော လှိုဏ်တစ်ခုဖြစ်၏။

ကျွန်ုပ်သည် မြက်ပင်၊ ပေါက်ပင်များဖြင့် ဖုံးအုပ်နေသော လှိုဏ်အစပ်ကို မြေသားအမှတ်ဖြင့် ခြေချမိပေပြီ။

ထိုနောက်တွင် ကျွန်ုပ်မှာ ဆင်ထီး ကြီး၏သွားရာလမ်းအတိုင်း လှိုဏ်ထဲသို့ ဒလိမ့်ခေါက်ကွေးလိမ့်၍ကျပြီးနောက် သတိကင်းလွတ်သွားတော့၏။

ကျွန်ုပ်သည် သတိကောင်းစွာရလျှင် တစ်ကိုယ်လုံး ဆယ်ငွေပေါင်တူနှင့် နေရာအနှံ့ ထုနက်ခံထားရသလို နာကျင်ကိုက်ခဲမှုနှင့် အမှောင်ထုကြီးကိုသာ ရင်ဆိုင်လိုက်ရတော့၏။

ကျွန်ုပ်အတွက် အချိန်ကာလမည်မျှအထိ သတိကင်းလွတ်နေသည်ကိုလည်း မည်သို့မျှ စဉ်းစားတွေးခေါ်နိုင်စွမ်း မရှိချေ။ နာကျင်နေသည့်ကြားမှ



ဝမ်းဗိုက်ကလည်း တကြုတ်ကြုတ် မြည်နေချေပြီ။

ကံကောင်းထောက်မစွာနှင့် ခရီးဆောင်အိတ်မှာ ကျွန်ုပ်နှင့် တစ်ပါတည်းရှိနေ၏။ သေနတ်မှာမူ ဘယ်သို့ရောက်ရှိ နေသည်မသိပေ။

ကျွန်ုပ်သည် ပို၍ကံကောင်းသည်မှာ ခရီးဆောင်အိတ် အတွင်းမှ ရိက္ခာပုလင်းကလေး တစ်လုံးမှာ အဝတ်အထည်များကြားတွင် မပျက်မစီး ရှိနေလေ၏။

ထို့နောက် ပုလင်းထဲမှ ယစ်ရွှေရည်တော်တော်များများကို ရဲဆေးတင်သည့် အနေနှင့်လည်းကောင်း၊ ဒဏ်ရာအနာတရများမှ သက်သာစေရန်လည်းကောင်း၊ သောက်သုံးကာ ထိုနေရာတွင်ပင် အိပ်၍ ပျော်သွားတော့၏။

နောက်တစ်နေ့ အလင်းရောင်ရလျှင် ကျွန်ုပ်သည် လှိုဏ်ထဲမှမြန်၍ ထွက်ရန်လမ်းစကို ရှာဖွေရ၏။

ထိုအခါမှပင် ကျွန်ုပ်လိမ့်ကျခဲ့သည့်လမ်းကို မျှော်၍ကြည့်ကာ တုန်လှုပ်သွားမိ၏။

ကံကောင်းထောက်မ၍ ကျွန်ုပ်သည် အရိုးတခြား အသားတခြား မဖြစ်ခဲ့ချေ။ မတ်စောက်လှသောလှိုဏ်ကလေးက ပေ(၂၀၀)ခန့်ဝင်အမြင့် ရှိပေလိမ့်မည်။

ကျွန်ုပ်အနေနှင့်လည်း လှိုဏ်ဝင်ဝသို့ရောက်ရန် မည်သို့မျှ တက်ရောက်နိုင်မည်မဟုတ်သောကြောင့် လှိုဏ်ထဲမှာ လှတစ်ကိုယ်တည်းပင် ရှိသော

www.burmeseclassic.com

ချုံနွယ်များကြားမှတိုးဝှေ့ပြီး လမ်းကိုရှာဖွေရလေတော့၏။ ဆတ်ထီးကြီးကိုမူ လျှိုထဲတွင် ရှာဖွေကြည့်သေးသော်လည်း မတွေ့ရပေ။

ကျွန်ုပ်သည်လျှိုအတိုင်းခွန်ဆင်း၍ တိုးဝှေ့သွားလာလေရာ တစ်နေ ကုန်သွားသော်လည်း လမ်းစကိုမမြင်ရသေးချေ။ ထို့ကြောင့် ရောက်ရာနေ ရာတွင် ဝီစကီလက်ကျန်ကို အားပြုပြီးစခန်းချအိပ်စက်လိုက်ရ၏။

ထိုအချိန်၌ ကျွန်ုပ်သည်အင်အားချိနဲ့ကာ အစာရေစာပြတ်လတ်နေ ပြီဖြစ်၏။ နောက်တစ်နေ့တွင်လည်း မျက်လုံးများပြာဝေနေသည့်ကြားမှ ဝင်ကြိုးစား၍ ခရီးဆက်ရပြန်၏။

ကျွန်ုပ်၏စိတ်အတွင်း၌ ထိုလျှိုကလေးထဲမှလွတ်မြောက်ရန်သာ ဆန္ဒရှိလေ၏။

ကျွန်ုပ်သည်လျှိုထဲတွင် စား၍ကောင်းသည်ဟု ထင်မှတ်ရသည့် သစ်ဥသစ်ဖုများကို စားသောက်ပြီး ဘယ်နှစ်ရက်၊ ဘယ်နှစ်ညဟု မသတ်မှတ်ထားနိုင်လောက်အောင်ပင် သွားလာခဲ့ပြီး နောက်ဆုံးတွင် ထိုနေရာမှ လွတ်မြောက်ခဲ့၏။

ကျွန်ုပ်သည်လွန်စွာသာယာသော တောနက်ကြီးတစ်နေရာ သို့ရောက်ရှိနေပေပြီ။

သို့သော် အရှေ့အနောက် အရပ်မျက်နှာများကိုသာ ခွဲခြားတတ်ပြီး ကျွန်ုပ်အတွက် မည်သည့်လမ်းမှ စခန်းကိုပြန်ရမည်မသိတော့ပေ။ ကျွန်ုပ်သည် မျက်စိလည်လမ်းမှားချေပြီ။





ကျွန်ုပ်အတွက်ထိုတောမှ နောက်ထပ်(၃)ရက်ခန့်၊ သစ်ဥသစ်ဖု များ၊ သစ်သီးဝလံများကိုစားသောက်ကာ ခရီးဆက်ရင်း တစ်စုံတစ်ရာကို သတိပြုမိလေတော့၏။

ကျွန်ုပ်သည် သွားလာရင်း ထိုနေရာသို့ပင် ထပ်ကာ ထပ်ကာ ပြန်လည်ရောက်ရှိနေသည်ဟုထင်မှတ်လိုက်ခြင်းဖြစ်၏။

ထိုအခါ ကျွန်ုပ်သည်လွန်စွာထိတ်လန့်သွားလေ၏။ အထက်သဘား ပေစိက ကျွန်ုပ်ကို နတ်ကြီးတောအလည်တည့်တည့်ရှိ ဝက်ပါတောနက် အကြောင်းပြောပြခဲ့ဖူးသည်မဟုတ်ပါလား။

ကျွန်ုပ်ရောက်ရှိနေသည်မှာ ဝက်ပါတောနက်သာဆိုလျှင်တော့ ကျွန်ုပ်တစ်သက် လူတို့၏ရပ်ရွာသို့ ပြန်လည် ရောက်ရှိမည် မဟုတ်ဟု တွေးလိုက်မိ၏။

ကျွန်ုပ်သည်ထိုတော၌ တဝဲလည်လည်ဖြင့် ရှိကာ တစ်ညတာ အိပ်စက်ရပြန်၏။

နောက်တစ်နေ့တွင် ထိုကဲ့သို့ပင် တစ်လှည့်လည်ဖြစ်ကာ ညနေစောင်းတွင် အနည်းငယ်လမ်းလွဲကာ၊ တစ်ခါမျှမရောက်ဘူးသည့် လွန်စွာကြီးမားသည့် ကျောက်ဂူကြီးတစ်လုံး၏ ရှေ့သို့ရောက်ရှိခဲ့၏။

ကျွန်ုပ်သည် ၎င်းကျောက်ဂူကြီးရှေ့ရှိ ကျောက်ဖျာကဲ့သို့ဖြစ်နေသည့် အနက်ရောင်ကျောက်တုံးကြီးထက်တွင် ခြေပစ်လက်ပစ် အမောဖြေနေမိ၏။

ထိုအခိုက်အတွင်း ကျွန်ုပ်၏နံကြားသို့ မာကျောသောအရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှုန့်ထိတွေ့ကာ တစ်ခေတ်တည်းပင် လူတစ်ယောက်၏မာမာထန်ထန် မေးမြန်းသံကထွက် ပေါ်လာ၏။

*"မောင်မင်း တုပ်တုပ်မှလှုပ်ဖို့မကြိုးစားနဲ့၊ ရန်သူ မိတ်ဆွေ ကွဲကွဲပြားပြားပြောစမ်း "*

ကျွန်ုပ်သည် ရုတ်တရက် တွေ့ကြုံလိုက်ရသော အခြေအနေ ကြောင့် ခြေလက်များအေးစက်၍ ထိတ်လန့်သွားလေ၏။

ပြီးမှပင် တောနက်ထဲ၌ အခြားလူသားတစ်ယောက် ရှိနေသည် ဟူသောအသိမြင့် ဝမ်းသာမိပြန်၏။

ပြီးမှပင် ကျွန်ုပ်က ထိုသူကို ခေါင်းငုံ၍ပင်မကြည့်ရဲသေးဘဲ

*"ကျုပ်က လူကောင်းပါဗျာ၊ ဒီကို မျက်စိလည် လမ်းမှားပြီး ရောက်လာတဲ့ ခရီးသည်တစ်ယောက်ပါ "*

ဟု အဖြေပေးလိုက်၏။

ထိုအခါ ကျွန်ုပ်၏နံကြားသို့ ထောက်ထားသည့်အရာကလည်း လွတ်ကင်းသွားပြီး

*" လူကောင်းဆိုလျှင်၊ ကျွန်ုပ်ကိုမော်ကြည့်ပါစေ "*

ဟူသောအသံကိုကြားလိုက်ရ၏။

ထိုသူ၏စကားအသုံးအနှုန်းမှာ နားထဲတွင် တစ်မျိုးကြီးဖြစ်၍ နေ၏။ ထိုသူကသေချာစွာကြည့်ရှုလိုက်ရာ အဖြူင်းအရိုင်းရှိနေသည့် ဆံပင် မုတ်ဆိတ်တို့က ရှုပ်ပွ၊ ညစ်ထေးနေလေ၏။





အပေါက်အပြဲများရှိပြီး ရှမ်းဘောင်းဘီကြီးနှင့် စုတ်ချာလှသော ကုတ်အင်္ကျီမည်းကြီးကိုဝတ်ဆင်ကာ၊ ခြေကဗလာဖြစ်နေ၏။ လက်ထဲတွင် ဝါးရင်းတုတ်ကြီးတစ်ချောင်း ကိုင်စွဲထား၏။ လည်ပင်းမှ မုံ့နက်ကမူ ထင်ရှားစွာ ပေါ်လွင်နေ၏။

ကျွန်ုပ်အနေနှင့် ၎င်းကို မည်သို့သောလူစားမျိုးမှန်းရုတ်တရက် ခွဲခြားရခက်သွား၏။

အတန်ကြာမှပင် ထိုသူနှင့်စကားအနည်းငယ်ပြောဆိုရာမှ တော်စွာ သဘောပေါက်မိ၏။

သူ၏မျက်လုံးများကလည်း ဂနာမငြိမ် ရှိနေလေရာ၊ ထိုသူသည် အရူးတစ်ယောက်သာဖြစ်ပေတော့၏။

တောနက်အတွင်းသို့ ထိုအရူးကြီး သည် မည်သို့ရောက်ရှိလာသည် မသိချေ။ ၎င်းကကျွန်ုပ်ကို

*" အသင်ဘယ်သူနည်း၊ ကျွန်ုပ်၏နန်းတော်တွင်းသို့ အဘယ်ကြောင့် ကျူးကျော်ဝင်ရောက်လာရသနည်း "*

ဟူသောမေးခွန်းများမေးမြန်းလေရာ ကျွန်ုပ်ကလည်း အလိုက် အထိုက်ပင် ပြန်၍ဖြေရ၏။

ထိုအခါ မကြာမီအချိန်အတွင်း၌ ကျွန်ုပ်သည် အရူးဘုရင်၏ အစေအပါးကျေးတော်မျိုး၊ ကျွန်တော်မျိုးဘဝသို့လုံးလုံးရောက်ရှိ သွားလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ငှင်း၏နန်းတော်ကို ထိပါးလာမည့်ရန်သူများကိုလည်း အသက်စွန့်၍ တိုက်ခိုက်ပေးပါမည်ဟု ကတိပေးလျှောက်တင်ရလေ၏။

ထိုကဲ့သို့ အလိုက်အထိုက်နေခြင်းဖြင့် ကျွန်သည် အရှုးကြီး မည်သို့မည်ပုံရှာဖွေစုဆောင်းထားသည်မသိသော အုန်း၊ ငှက်ပျော၊ နာနတ်၊ ပိန္နဲ သရက် စသည့်အသီးအနှံများကို ကောင်းစွာစားသောက်ရလေတော့၏။

ကျွန်ပ်သည် ထိုကဲ့သို့နေထိုင်ရင်း တစ်လခန့်ကြာမြင့်ခဲ့၏။ အခြားအချိန်များ၌ တောတွင်း၌သွားလာကာ လမ်းစကိုရှာဖွေခဲ့သော်လည်း နောက်ဆုံးတွင်မျက်စိလည်လမ်းမှား၍ အရှုးကြီးနှင့် ကျောက်ဂူဆီသို့ ပြန်မရောက်ပါက၊ ပို၍အခက်တွေ့နိုင်သည်ဟုတွေးမိ၏။

ထို့ကြောင့်ပင် ထိုတောမှထွက်ရန် အရှုးကြီးကို အလိုက်အထိုက် ဆက်ဆံကာ ငှင်းကိုပင် လမ်းပြနိုင်းမည်ဟု ရည်ရွယ်ပြီး

*"အရှင်မင်းကြီး ဒီနန်းတော်ထဲမှာတင် ထိုင်မနေပါနဲ့၊ တိုင်းခန်းလှည့်လည်ဖို့အချိန်ရောက်ပါပြီ"*

ဟု လျှောက်တင်လိုက်လေ၏။

ထိုအခါ အရှုးကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့်ရှိကာ၊

*"ကောင်းပြီကျွန်ပ်ရှေ့ကကြွမြန်းတော်မူမယ်၊ မောင်မင်းက နောက်ပါးမှာ မပြတ်စေတမ်းလိုက်ခဲ့ပေတော့"*

ဟု ပြောလိုက်လေ၏။

ထိုအခါ အရှုးကြီးသည် ကျွန်ပ်ရှေ့မှထွက်ခွာသွား၏။ အရှုးကြီး





သည်ကျွန်ပ်တို့ ရာသီဥတုဒဏ်မှ အကာအကွယ်ပြုအိပ်စက်ရာ၊ ကျောက် ဂူကြီးအတွင်းသို့ ဦးဆောင်ဝင်သွားခြင်းဖြစ်၏။

ကျွန်ပ်မှာ ထိုကျောက်ဂူကြီးထဲ၌ ညဘက်အိပ်စက်သည်မှလွဲ၍ အနံ့အသက်ဆိုးရွားသောကြောင့် အခြားအချိန်၌ နေထိုင်ခြင်းမရှိချေ။

ကျောက်ဂူကြီးမှာ ကြီးမားကျယ်ဝန်း၍ အတွင်းပိုင်းတွင်အစဉ် မှောင်မိုက်နေတတ်သောကြောင့်လည်း ဖြစ်၏။

အရှုးကြီးက ကျွန်ပ်ကို ထိုအတွင်းပိုင်းအထိဦးဆောင်၍ သွားလေ၏။ကျွန်ပ်မှာ မမြင်မစမ်းနှင့် သူ၏နောက်ပါးမှ ထပ်ကြပ်မကွာ လိုက်ပါလာရ၏။

တစ်နေရာသို့အရောက်တွင် အရှုးကြီးက

*"လေးဘက်ထောက်ပြီးကြွရမယ် မောင်မင်း"*

ဟုပြောလေ၏။

ထိုနေရာသည်လှမ်းစွာကျဉ်းမြောင်း၏ ကျွန်ပ်၏ ရှေ့မှဘုရင်ကြီး သည်၊ လေးဘက်ထောက်၍ ကြွမြန်းလေရာ ကျွန်ပ်လည်း ထိုအတိုင်း လိုက်ရ၏။

ထိုသို့သွားလာရသည်မှာ အချိန်ကြာမြင့်ပေပြီ လမ်းက မဆုံးနိုင် သေးချေ။ ကျွန်ပ်မှာမူ တတောင်များ၊ ဒူးများ၊ ပွန်းပဲ့ကုန်ပြီဖြစ်၏။

နောက်ဆုံးတွင် လမ်းကျဉ်းကလေး၏ကွေ့တစ်ခုသို့ကျော်လွန်သော် ဝါစူးရှသောအလင်းရောင်ကို ဝမ်းမြောက်ဖွယ်တွေ့လိုက်ရတော့၏။

www.burmeseclassic.com



ထိုနေရာသည် တစ်ဖက်ဝှမ်းနှင့်ဆက်စပ်လျက်ရှိသော ကျောက်တောင်မ၏ ထစ်ဘက်ရှိ လိုဏ်ဂူသာဖြစ်၏။

ထိုဂူထဲမှ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့်လည်း ကျွန်ုပ်မှာအသက်ရှူရပ်မတတ် အရာအားလုံးကိုမေ့လျော့သွားတော့၏။

ကျွန်ုပ်၏ အာရုံများ တစ်နေရာထဲတွင်သာရှိ၏။ ထိုနေရာတွင် ကျွန်ုပ်အိပ်စက်ခဲ့ဖူးသည့် အနက်ရောင်ကျောက်တုံးကြီးကဲ့သို့ လေးထောင့်စပ်စပ် ကျောက်တုံးကြီးတစ်ခုလည်းရှိ၏။

ထိုကျောက်တုံးကြီးထက်တွင်ကားဂူဝမှ အလင်းရောင်ဖြင့် ရောင်ဖြ[illegible] ဖြိုးဖြက်ဝင်းလက်နေသည့် အရာတစ်ခုရှိ၏။

ကျွန်ုပ်သည် ထိုအရာ၏ညှို့ငင်မှုဖြင့် အနီးသို့လှမ်းမိမှန်းမသိဘဲ တရွေ့ရွေ့ တိုးကပ်သွားမိ၏။

ကျွန်ုပ်ရှေ့တွင် ရွှေစင်ရွှေသားဖြင့် အတိုပြီးသည့် စုလစ်မွန်းချွန်များဖြင့် အဆောက်အဦပုံစံငယ်တစ်ခုသည် လှပရှုမောဖွယ်ရာ တည်ရှိနေလေ၏။

ကျွန်ုပ်သည် ရွှေသားအတိပြီးသည့် အဆောက်အဦပုံစံငယ်ကို သေချာစွာကြည့်ရှုရင်း အထမ်းသမားပေစီ၏စကားကိုမှတ်မိနေကြားယောင်မိ၏။

ထို့ကြောင့်ပင် ကျွန်ုပ်၏နှုတ်များမှ

"ကိုးဆောင်ကျောင်း၊ ကိုးဆောင်ကျောင်း"





ဟူ၍အကြိမ်ကြိမ်ရေရွတ်မိလေတော့၏။

ထိုအဆောက်အဦပုံစံ ငယ်သည် ဘုံပြသဒ်အဆင့်ဆင့်ဖြင့် အဆောင်ကိုးဆောင်တိတိရှိ၏။ တိုင်လုံးကလည်း ကိုးဆယ့်ကိုးလုံးရှိ၏။

ဤအရာသည် ကိုးဆောင်ကျောင်း ဟူသည့် မြေကြီးလက်ခတ် မလွဲတော့ပေ။

ကျွန်ုပ်သည် ကိုးဆောင်ကျောင်းပုံစံငယ်ကို ပွတ်သပ်တိုင်တွယ်ရင်း ရင်ထဲတွင် တလှပ်လှပ်တုန်ရင်လာမိ၏။

ကျွန်ုပ်၏မျက်လုံးများကလည်း ရွှေကျောင်းဆောင်နှင့်အပြိုင် အရောင်တဖျတ်ဖျတ်လက်နေပေလိမ့်မည်။

ထိုအခိုက်အရှုးကြီး၏အသံထွက်ပေါ်လာသောကြောင့် ကျွန်ုပ်၏ စိတ်ကမဖွဲ့ပွန်သို့ ပြန်ရောက်လာ၏။

*"မောင်မင်း ကျွန်ုပ်ရဲ့နန်းတော်ကို အားရအောင် ကြည့်ပြီး သန့်ရှင်းရေးရပ်ပေးပါ၊ ကျွန်ုပ်ခေတ္တ စက်တော် ခေါ်လိုက်ဦးမယ်"*

ဟု အမိန့်ချမှတ်လေ၏။

အရှုးကြီးသည် ကျောင်းဆောင်ငယ်ကို မကြာခဏတိုက်ချွတ်သန့်စင်နေဟန်တူ၏။

ထို့ကြောင့်မည်မျှ နှစ်ပေါင်းကြာခဲ့သော်ငြားလည်း ယခုတွေ့ရသည်မှာ ရွှေရည်တို့အရောင်မမှိန်ဘဲ ဝင်းလက်တောက်ပြောင်နေခြင်းဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အရူးကြီး၏နိုင်းစေမှုအတိုင်း အနီး၌ တွေ့သည့် အုန်းဆံပက်ဖွဲ့နှင့် ရွှေသားကျောင်းဆောင်အား ပွတ်တိုက်သန့်စင်ပေးရ၏။

ကျွန်ုပ်၏စိတ်အတွင်း၌ ထိုအရာအပေါ်၌ တက်မက်မှုလောဘတို့ တဖြည်းဖြည်းအင်အားကြီးမားလာပြီဖြစ်၏။ ထိုအရာကို တစ်စစီရိုးဖျက်၍ ယူဆောင်ရပေမည်။

သို့သော် တစ်ပြိုင်နက်ပင် ကျွန်ုပ်သည် အရူးကြီး၏ နန်းတော်ကို ထိပါးသည့် ရန်သူတော်စစ်စစ်ဖြစ်ရပေတော့မည်။ နောက်ဆုံးတွင် အကောင်းဆုံးနည်းလမ်းကိုရွေးချယ်လိုက်၏။

အရူးကြီးကိုလမ်းပြနိုင်းမှသာ ကျွန်ုပ်လွတ်မြောက်နိုင်ပေမည်။ ထိုလမ်းခရီးကိုလည်း ကောင်းစွာမှတ်သားခဲ့ပြီး၊ နောက်တစ်ကြိမ် လာရောက်ကာ ကျွန်ုပ်၏အကြံကို ကောင်းစွာအကောင်အထည်ဖော်နိုင်သည် မဟုတ်ပါလား။

ကျွန်ုပ်သည် ထိုစဉ်းစားတွေးတောရင်း ရွှေသားကျောင်းတော်ကို ပွတ်တိုက်နေရာမှ ကျောင်းဆောင်၏အောက်ခြေမှ ရွှေပေလွှာဖြစ်ဟန်တူသော တစ်တောင်ခန့်အရှည်ရှိမည့် ရွှေချပ်ကလေးများကို သတိပြုမိ၏။

ရွှေချပ်ကလေးများကို ရေတွက်ကြည့်လေရာ (၉)ချပ်တိတိရှိသည်ကိုတွေ့ရ၏။

ကျွန်ုပ်သည် ရွှေပေလွှာများကို တစ်ချပ်ခြင်းစေ့စေ့စပ်စပ် ကြည့်ရှုလေရာ ကျွန်ုပ်မည်သို့မျှ ဖတ်ရှု၍ နားမလည်နိုင်သော ဘာသာစကား



တစ်မျိုးဖြင့် ရေးထွင်းထားသည့် စာများကိုတွေ့ရပြန်၏။

နောက်ဆုံးတစ်ချပ် တွင်မှ ကျွန်ုပ်အနည်းငယ် ဖတ်ရှု၍ရသော ပါဠိသက္ကတဖြင့်ရေးထိုးထားသည်ကိုတွေ့လိုက်ရ၏။

ထိုရွှေပေချပ်ကိုလည်း ကျွန်ုပ်မှာ အကုန်အစင်ဖတ် [illegible] မဟုတ်ချေ၊ တတ်စွမ်းသမျှကို ဘာသာပြန်ကာ ဆက်စပ်မိသမျှ [illegible]

ငါ့ရှင် ဤရွှေစင်ရွှေသားကျောင်းတော်ပူဇော်ခြင်း၊ အတိုးအားဖြင့် မကြာမီ ကာလ၌လက်နက်နိုင်ငံတော်ကြီးအား အစိုးရစေသတည်း၊ မဟာခမ္မရာဇာဘွဲ့မည်တော်ခံယူစေသတည်း

အရှင်ပညာဒီသာပါမောက်

ဟူ၍သာဖြစ်၏။

ကျွန်ုပ်သည်၎င်းရွှေပေလွှာကို မှတ်တမ်းရေးထိုးခဲ့သော အရှင်ဒီသာပါမောက်သည် ကိုးဆောင်ကျောင်းဆရာတော်ဟု ထင်မှတ်မိ၏။ မဟာခမ္မရာဇာဟူသော မင်းကိုလည်း ကျွန်ုပ်ကောင်းစွာသိ၏။

ထိုမင်းသည် မဟာခမ္မ ရာဇာဘွဲ့မည်ခံ အနောက်ဖက်လွန်မင်းဟု မှတ်သားခဲ့ဖူး၏။

အနောက်ဘက် လွန်မင်းသည် သက္ကရာဇ် (၉၇၀)ပြည့်တွင် ပြည်မြို့ကို တိုက်ခိုက်သိမ်းပိုက်တော်မူ၏။

ပြည်မြို့ကျဆုံးသော်လည်း အသက် (၁၃)နှစ်ခန့် ငယ်ရွယ်သော သူငယ်သည် ပြည်မင်းရှုံနိုင်စားအနီးတွင် တောလက်နက်ကိုင်၍ပြီး၊ အင်းဝရဲ

www.burmeseclassic.com

www.burmeseclassic.com



မက်တို့အားခုနစ်ဟန့်တားဆဲရှိ၏။

ငှင်း၏ဦးရီးတော်သူဘယဂါမဏိက လက်နက်ချအညွှန်တော့ဟုဆိုမှပင် ဓားချ၍အညွှန်ခံလေ၏။ အနောက်ဖက်လွှန်မင်းသည် ကျေးဇူးသစ္စာစောင့်သိသည့် သူငယ်ကို ချီးမြှောက်ကာ အတွင်းတွင်စားစေ၏။

အနောက်ဘက်လွှန်မင်းက သမိုင်းတွင်ရစ်မည့် စကားကိုပြောခဲ့သည်မှာ

*"မြည်ကို ငါသိမ်းယူသည်မှာ ရှင်တစ်ဆူ ရှုတစ်ယောက်သာရသည်"*

ဟူ၍ရှင်တစ်ဆူအား တိပိဋကလက်ာရ တောင်ဗီလာအကျော်ကို ဆိုပြီး ရှုတစ်ယောက်ကား၊ ထောင်ငယ်ကိုဆို၏။

(ငှင်းသည် အနောက်ဖက်လွှန်မင်း၏ ညီတော်လက်ထက်၌ နန်းယော်တဲ့အမည်နှင့်ခန့်ကြီးဖြစ်လေ၏။)

ကျွန်ုပ်သည် ရွှေပေလွှာထဲမှ မဟာဓမ္မရာဇာသည် အနောက်ဘက်လွှန်မင်းဟုတပ်အပ်မပြောနိုင်ချေ။

အနောက်ဖက်လွှန်မင်းသည် အရှင်ဒီသာပါမောက်၏ ကိုးဆောင်ကျောင်းတွင် ပညာဆည်းပူးခဲ့လေသလားဟူ၍လည်း စဉ်းစားမျှဉာဏ်မမီချေ။

ကျွန်ုပ်၏လက်ဝယ်သို့ ထိုအရာများ ပိုင်ပိုင်ဆိုင်ဆိုင် ရောက်ရှိလာပါမှ ကျမ်းရှိသော ရွှေပေလွှာများကို တတ်သိနားလည်သော ပညာရှင်များ





ထံပြသဖော်ထုတ်နိုင်လျှင် စိတ်ကျေနပ်လောက်စရာ သိရှိနိုင်သည်ဟု တွေးမိတော့၏။

ထို့နောက် ကျွန်ုပ်သည် အရှုးကြီးအိပ်စက်ရာမှနိုးလျှင် ရွှေစင်ရွှေသားအတိပြီးသော ကိုးဆောင်ကျောင်းတော်ကို လည်းကောင်း ရွှေပေလွှာများကိုလည်းကောင်း ထားရစ်ကာ ခရီးဆက်ခဲ့လေ၏။

ကျွန်ုပ်မှာမူလ အကြံအစီအတိုင်းပင် အရှုးကြီး၏နောက်မှ လိုက်ပါရင်း လမ်းခရီးကို သေချာစွာ မှတ်သား၍ မြေပုံကြမ်းတစ်ခု ပြုလုပ်ခဲ့လေ၏။

ကျွန်ုပ်တို့သည် (၃) ရက်ခန့် မနားမတမ်းခရီးနှင့် ပြီးသောအခါ လွှန်စွာရေစီးသန်လှသော တောင်ကျချောင်းကလေး တစ်ခုအနီးသို့ ရောက်ရှိလာကြ၏။

ထိုချောင်း ကမ်းပါးတွင် ခေတ္တမျှအနားယူပြီးနောက် အရှုးကြီးက မည်သို့စိတ်ကူးပေါ်လာသည်မသိ။ တိုင်းခန်းလှည့်လည်ခြင်း ပြီးဆုံး၍ နန်းတော်သို့ ပြန်ကြွမည်ဟု ဆိုလေတော့၏။

ထိုအခါမှပင် ကျွန်ုပ်မှာကြီးစွာ ဒုက္ခရောက်လေတော့၏။ ကျွန်ုပ်သည် အရှုးကြီးနှင့်ပြန်လည်၍ လိုက်ပါမသွားလိုတော့ချေ။

အရှုးကြီးကလည်း ကျွန်ုပ်ကိုမည်သို့မျှ အလွတ်မပေးဘဲ ခေါ်ဆောင်လေရာ နောက်ဆုံးတွင် ကျွန်ုပ်သည် ထိုသူနှင့်အတိအကျင်း လမ်းခွဲကာ ဖြစ်လိုရာ ဖြစ်စေတော့ဟု ချောင်းကမ်းပါး အတိုင်းခရီးဆက်



www.burmeseclassic.com

www.burmeseclassic.com



လေး၏

ထိုအခါ အရှုးကြီးက လက်မခံဘဲ နှစ်ဦးသား ဆွဲလွဲရုန်းကန်းရင်း လုံးထွေးသည့်အဖြစ်ကို ရောက်လေတော့၏။

ကျွန်ုပ်၏ တိုက်နိုက်မှုကြောင့် အရူးကြီးသည် မြေပြင်တွင် လဲပြိုသွားသလို ကျွန်ုပ်မှာလည်း ၎င်း၏ လက်ချက်ဖြင့် ချောင်းထဲသို့ ထိုး၍ကျသွားပြီး ပြင်းစွာသော ရေစီးအဟုန်ဖြင့် မျောပါသွားတော့၏။

ဤတွင် ကျွန်ုပ်၏ ထူးဆန်းစွာ တွေကြုံခဲ့ရသော အဖြစ်အပျက်များလည်း နိဂုံးတိုင်သွားပြီ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် လမ်းခရီး၏ ရေမြေတောတောင် အမှတ်အသားများကို သေချာစွာမှတ်သားထားသည့် မြေပုံညွှန်းစာရွက်မှာ အရူးကြီးနှင့်လုံးထွေးရင်း ကျန်ရစ်ခဲ့လေသလား။

ရေထဲတွင်ပင် ပျောက်ဆုံး ပျက်စီးသွားသည်လား မသိချေ။ ကျွန်ုပ်အတွက် ရွှေစင်ရွှေသား ကိုးဆောင်ကျောင်းတော်ကြီးနှင့် ရွှေပလ္လာများ ထားရှိရာသို့ သွားရောက်ရန် လမ်းညွှန်ပေးနိုင်မည့် မြေပုံညွှန်းကို ဆုံးရှုံးသွားသလို အရာအားလုံး ဆုံးရှုံးလိုက်ရပြီဟု နားလည်မိလေတော့၏။

*(သစ်အယ်တော်ကြီးဦးမောင်စံ)*

မကြေးမုံသည် မှတ်တမ်းစာအုပ်ကို ဖတ်ရှု၍ပြီးလေပြီ။ ထိုအခါ သူမသည် ထူးဆန်းမှုယ်ရာ အိပ်မက်ကမ္ဘာထဲသို့ သွားရောက်ရာမှ လန့်နိုးလာသလို ခံစားလိုက်မိ၏။





ထိုအတိုင်းဆိုလျှင် သူမ၏ဖခင်ကြီးသည် အိမ်မှ ထွက်ခွာသွားသည့် အချိန်ကာလတစ်ခု၌ စိတ်ထင်ရာကို လှည့်လည်သွားလာရင်း မထင်မှတ်ဘဲ နတ်ကြီးတောမှ ဝက်ပါတောနက်ထဲသို့ ရောက်ရှိသွားခဲ့၏။

ဤသည်မှာ ဖြစ်နိုင်ပါသလား။ ထိုထက်ပို၍ ပုံပြင်ဒဏ္ဍာရီဆန်လှသော ကိုးဆောင် ကျောင်း၏ ရွှေစင်ရွှေသားအတိပြီးသည့် ပုံစံငယ် အခေါက်အဦကို နန်းတော်အမှတ်ဖြင့် စောင့်ရှောက်ထိန်းသိမ်းခဲ့သေး၏။

သို့သော် ထိုအရာအားလုံးအတွက် သူမထံတွင် ဖခင်ကြီး ထားရစ်ခဲ့သည့် ကိုးဆောင်ကျောင်းအမည် စာတန်းပါ လမ်းညွှန်မြေပုံ အပိုင်းအစကလေးက သက်သေခံလျက်ရှိ၏။

သူမသည် အတွေးနှင့်မျောလွင့်နေလေရာ မည်သည့်အချိန်က အခန်းမှထွက်ခွာသွားသည် မသိလိုက်သည့် ကြက်တောသည် ပြန်လည် ရောက်ရှိလာ၏။

ကြက်တောသည် မကြေးမုံ လွတ်လပ်စွာ မှတ်တမ်းကို ဖတ်ရှုနိုင်စေရန် ကူးတို့သမားများနှင့် သွားရောက်ဝိုင်းဖွဲ့နေခြင်းဖြစ်၏။ မကြေးမုံက ကြက်တောကို

*"ဒီအဖြစ်တွေဟာ မယုံနိုင်စရာပဲ၊ ဒါပေမဲ့ ကျွန်မတို့ လက်ထဲမှာ အဖေပေးခဲ့တဲ့သက်သေခံက လက်ဆုပ် လက်ကိုင်ရှိနေတယ်"*

ဟု ဆိုလေ၏။ ထိုအခါ မကြေးမုံက



www.burmeseclassic.com

www.burmeseclassic.com



*"တကယ်တော့ အဲဒီချောင်းကလေးဟာ ပဲခူးမြစ်ထဲ စီးဝင်နေတဲ့ချောင်းကလေးပဲ၊ ဦးမောင်စံဟာ ဒီအတိုင်းဆိုရင် မြေပုံညွှန်းကို ပြည့်စုံအောင် ရေးသားနိုင်ခဲ့တယ်လို့ဆိုရမယ်၊ အဲဒီမြေပုံဟာ ကံကောင်းထောက်မပြီး ကုန်းပေါ်မှာ ကျန်ရစ်ခဲ့လို့မကြေးမုံရဲ့ ဖခင်ကြီးက သိမ်းဆည်းနိုင်ခဲ့တာပေါ့၊ စိတ်ရောဂါသည်တွေ အတွင်းစိတ်သဘောထားတွေဟာ သိပ်ပြီးဆန်းကျယ်တယ်၊ ဒီနေရာမှာ ကျုပ်တို့က သူ့ကိုစူးသွပ်နေတယ်လို့ သတ်မှတ်ပေမဲ့ သူ့ရဲ့ လုပ်ရပ်တွေဟာ လူကောင်းတွေထက်တောင် စနစ်ကျနေတာ တွေ့ရတယ်၊ နောက်ဆုံးမှာ မကြေးမုံရဲ့ လက်ထဲကို အစိုးတန်မြေပုံ အပိုင်းအစကလေး, အပ်သွားခဲ့တာပဲ မဟုတ်လား၊ ဒီတော့ ကျုပ်တို့အတွက် ကျန်တဲ့မြေပုံ အပိုင်းအစကလေး တစ်ခုလား၊ နှစ်ခုလား ဘယ်လောက်ရှိမလဲ၊ မသိနိုင်သလို ဘယ်လိုရှာဖွေရမလဲဆိုတာလည်း အဖြေပေါ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ဖျောက်ဆိပ်ကလည်း သို့ုညီသူဟန်နဲ့ ကိုးဆောင်ကျောင်းရဲ့ သဲလွန်စကို လိုက်နေတဲ့သူပဲ၊ သူဆီက တစ်ခုခုတော့သိနိုင်ကောင်းပါရဲ့"*

ဟု ဆိုလိုက်လေတော့၏။

ဤသို့ဖြင့် ကြက်တောနှင့်မကြေးမုံသည် ဖျောက်ဆိပ်ကို



မျှော်နေကြတော့၏။

ဖျောက်ဆိပ်သည် ကြက်တောမှန်းသည် ထက်စော၍ (၂)ရက် ကြာလျှင် ရောက်ရှိလာလေ၏။

ထို့နောက် ဖျောက်ဆိပ်က သူတို့ကို လူရှင်းရာ ရွှေတချောင်း ကမ်းနားသို့ ခေါ်ကာ

*"ဖျောက်ဆိပ်အတွက် ဒီအလုပ်က ငှက်ပျောသီး အခွံနွှာစားရတာထက် လွယ်ပါတယ်"*

ဟု ခပ်ကြွားကြွား ဆိုလေ၏။

ကြက်တောက စိတ်မရှည်ဟန်ဖြင့်

*"မကြေးမုံရဲ့ ထီးကလေး ရခဲ့လား၊ မရခဲ့ဘူးလား ပြောစမ်းကွာ"*

ဟု မေးမြန်းလေရာ မကြေးမုံမှာလည်း ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေမိ၏။

ဖျောက်ဆိပ်က

*"အရေးကြီးတာက ထီးမှမဟုတ်တာကွ၊ မြေပုံ စာရွက်ပဲ၊ ရော့... ဟောဒီမှာ မကြေးမုံက စစ်ဆေးကြည့်ပါဦး"*

ဟု ပြောကာ စာရွက်အပိုင်းအစ တစ်ခုကို မကြေးမုံ၏ လက်ထဲသို့ ထည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြေးမုံက ကြည့်ရှုပြီး စမ်းသပ်ဟန်ဖြင့်

"ဟုတ်ပါတယ်၊ ဒီစာရွက်ကလေးပါပဲ၊ ရှင် ဒါကို ဘယ်လိုလုပ်ပြီး ပြန်ယူလာတာလဲ"

ဟု မေးမြန်းလေရာ ကြက်တောက ဝင်၍

"သူဘယ်လိုလုပ်ပြီး ယူလာသလဲဆိုတာ ကျုပ် သိပါတယ်။ သူ့ကို ဒီအလုပ်မှာ ကျွမ်းကျင်လို့ ကျုပ် စိတ်ချလက်ချ လွှတ်လိုက်တာပါ။ သူက မကြေးမုံကို မမြချစ်တို့ အိမ်ရဲ့ပုံသဏ္ဍာန်တွေ အားလုံးစုံအောင် မေးသွားတယ် မဟုတ်လား၊ ကျုပ်ပြောခဲ့တယ် ဖျောက်ဆိပ် ဟာ ညအချိန်မတော် မမြချစ်အိမ်က မကြေးမုံနေခဲ့တဲ့ အခန်းကို ဖောက်ထွင်းဝင်ရောက်ပြီး ထီးထဲက မြေပုံ စာရွက်ကို ခိုးယူခဲ့တာပါ"

ဟု ပြောလိုက်၏။

ထိုအခါ ဖျောက်ဆိပ်က နှာခေါင်းရှုံ့ပြီး

"မင်းပြောသလောက် လွယ်ရင်ကောင်းတာပေါ့ကွာ၊ မင်းက အခြေအနေတစ်ခုကို ပုံသေသတ်မှတ် တွက်ချက် ထားတာကိုး၊ မထင်မှတ်တဲ့ ပြောင်းလွဲမှုဆိုတာ နေရာတိုင်း မှာ ရှိတာပေါ့ကွ၊ ငါဟာ မောင်ရို့ဖိုးစကတည်းက မကြေးမုံနေတဲ့ အခန်းရဲ့ အပြင်က မကျည်းပင်ကြီးပေါ်ကို



ရောက်နေပြီကွ၊ နောက်တော့ အဲဒီအခန်းထဲကို မမြချစ်ကြီး ရောက်လာတယ်၊ သူဟာ မောင်မှန်ကို စွဲလန်းနေရှာတုန်းပဲ၊ မောင်မှန်ရဲ့ ခရီးဆောင်အိတ်ထဲက အဝတ်တွေကို တစ်ခုခြင်းထုတ်ပြီး ကြည့်ရှုတယ်၊ ထီးကလေးကိုလည်း ရင်ခွင်ထဲမှာ မြတ်မြတ်နိုးနိုး ပွေ့ပိုက်ထားတယ်၊ ပြီးတော့ အဲဒီအခန်းထဲမှာပဲ အိပ်တော့တာပဲပေါ့၊ သူက ပြတင်းတံခါး ကို ဖွင့်ထားတော့ ငါကအတိုင်းသား မြင်နေရတာကိုး"

ဟု ဆိုလေရာ မကြေးမုံက မျက်လုံးကလေး အဝိုင်းသားဖြင့် နားထောင်လျက်ရှိ၏။

ကြက်တောက

"ဒီလိုဆိုရင် သဲထိတ်ရင်ဖို စွန့်စားခန်းကလေးတွေ ရှာခဲ့ရဦးမှာပေါ့"

ဟု ရေရွတ်လိုက်၏။

ဖျောက်ဆိပ်က ရယ်မောပြီး

"ဟား ဟား... ဘာမှ မလုပ်လိုက်ရဘူးပေါ့၊ မမြချစ်ကြီး တရေးနိုးတော့ နောက်ဖေးနောက်ဖီထွက်တုန်း ပြတင်းကနေ ထီးကိုအသာလှမ်းယူပြီး လက်ကိုင်ရိုးထဲက မြေပုံစာရွက်ကို ထုတ်ယူလိုက်ရုံပါပဲကွာ"

ဟု ဆိုလေရာ မကြေးမုံသည်ပင် စိတ်လက်ပေါ့ပါးစွာ တခစ်ခစ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောမိလေ၏။

ထိုအခါ ကြက်တောက

"အဲဒီကိစ္စပြီးပြီဆိုတော့ မင်းကိစ္စကျန်တော့တယ်၊ မင်းက ကိုးဆောင်ကျောင်းနဲ့ဘယ်လို ပတ်သက်နေသလဲ ဆိုတာ ရှင်းပြစမ်းပါဦးကွာ"

ဟု တောင်းဆိုလိုက်လေ၏။

ထိုအခါ မျောက်ဆိပ်က

"မကြေးမုံနဲ့ မဆုံတွေ့ခင်ကဒီအကြောင်းကို မင်းသိရင် ငါ့ကိုရှုံးနေတယ်လို့တောင်ပြောမှာပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်အထိ ငါဟာ မိဘတွေနဲ့ အတူရန်ကုန်မြို့မှာ ပရဆေးဆိုင်လုပ်ငန်းကိုဦးစီးပြီးလုပ်ကိုင်နေတုန်းပါပဲ၊ ဒါပေမဲ့ ငယ်ငယ်ကတည်းက စိတ်မထင်ရင်မထင်သလို သွားလာနေတတ်တဲ့ အကျင့်တော့ရှိတာပေါ့၊ ဒါနဲ့ပဲ တစ်နေ့မှာ ဆိုင်ကို ပရဆေးကုန်ကြမ်းတွေ လာပို့တတ်တဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ဖိတ်ခေါ်မှုနဲ့ ပုပ္ပါးဘက်ကို ခရီးထွက်လာခဲ့တယ်၊ အဲဒီကနေ ကျောင်းနေဖက် တစ်ယောက်နဲ့တွေ့ပြီး ပုဂံဘက်ကို ရောက်သွားပြန်တယ်၊ နောက်တော့ရောက် လက်စနဲ့ မထူးပါဘူးဆိုပြီး တစ်ယောက်ထဲမှုံရွာက ကျောက်ကာ ရွှေဘုန်း၊ မိုးညှင်း





သံဗုဒ္ဓေဘုရားတွေဖူးအောင် သွားပြီးဖူးပစ်လိုက်တယ်"

ဟု ပြောလေရာ ကြက်တောကစကားဖြတ်၍

"မင်းရဲ့ခရီးရှည်ကြီးက ခေါ်းတော့ဘူးလား"

ဟု ပြောလိုက်၏။

ထိုအခါ မျောက်ဆိပ်က

"ဆိုးသွားပြီကွ၊ ဘာဖြစ်လို့လဲဆိုတော့ မိုးညှင်း သံဗုဒ္ဓေကနေပြီး မုံရွာကိုအပြန် မြင်းရှည်ခရေပြီးတာနဲ့ ငါ့အိတ်ကပ်မှာ ငွေအကြွေစေ့ကလေးတွေပဲ ကျန်တော့တာကိုး၊ အိမ်အပြန်လမ်းစရိတ်တောင်မရှိတော့ဘူး၊ ဒါလိုလည်း လောလောဆယ်မတွေးအားသေးဘူးကွ၊ ဝမ်းဗိုက်ထဲက ဝိုးမြူးရှစ် ဆာယ်သောင်းကျန်းနေတာကို အရင်ဖြေရှင်းရဦးမယ်၊ ဒါနဲ့ပဲမြို့အဝင် မြင်းရှည်းဂိတ်နားမှာ အသင့်ရှိတဲ့ "မိတ်ဆက်"ဆိုတဲ့စားပွဲရုံကြီးမှာ လက်ကျန်ငွေကလေးနဲ့ ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်ပြီး လမ်းတစ်ဘက်က အုတ်တံတိုင်းကာထားတဲ့ ဘုန်းကြီး ကျောင်းနံဘေးကို ရောက်လာခဲ့တယ်၊ ခေါက်ဆွဲကြော်ထုတ်ကိုဖြည်ပြီး အားပါးတရစားမယ်အလုပ်မှာတော့ ငါ့အနားကို လူတစ်ယောက်ကပ်လာတော့တာပဲ၊ ဇာတ်လမ်းက အဲဒီမှာ စတော့တာဘဲ၊ အဲဒီလူက ဟောဒီမကြေးမုံရဲ့ ဖခင်ကြီး



www.burmeseclassic.com

ပေါ့ကွာ"

ဟု ပြောလေ၏။

မကြေးမုံသည် ဖခင်ကြီးမှာ မျောက်ဆိပ်နှင့်တွေ့ခဲ့သေးသည်ဆိုသောကြောင့် စိတ်ဝင်တစားနားစွင့်နေမိ၏။

ထိုအခါ မျောက်ဆိပ်ကဆက်၍

"သူ့ကိုမြင်ကတည်းက စိတ်ရောဂါသည်ဆိုတာ သိလိုက်တယ်၊ ဒီရှကြီးငါ့ရဲ့ ခေါက်ဆွဲကြော်ထုတ်ကိုလည်း မျက်စောင်းထိုးနေတော့၊ ငါလည်းသူ့လက်ထဲကို ခေါက်ဆွဲကြော်ထုပ် ထိုးထည့်ပေးလိုက်တယ် ဆိုရင်ပဲ၊ စားလိုက်တာ ငါ့ဖို့တောင်ချန်မထားဘူး၊ သူက စားပြီးတာနဲ့ ဗိုက်ကိုပွတ်ပြီး အနားကရေချမ်းစင်မှာ ရေအဝသောက်တယ်၊ ပြီးတော့ ငါ့ရှေ့မှာ ခါးထောက်ပြီး ငယ်ကျွန်ကြီးက အရလိုစားပွဲတော်ဆက်တာဆိုတော့ ဆုချရမယ်ဆိုပြီး ငါ့လက်ထဲကို စာရွက်အပိုင်းအစလေး တစ်ခုထိုးထည့်ပြီးရှာနဲ့လှည့်ထွက်သွားတော့တာပဲ"

ဟု ဆိုလေရာ မကြေးမုံက စိတ်လှုပ်ရှားဟန်ဖြင့်

"ဒါဟာ ကိုးဆောင်ကျောင်း လမ်းညွှန်မြေပုံ အပိုင်းအစလေးဖြစ်မှာပေါ့"

ဟု ပြောလိုက်လေ၏။ မျောက်ဆိပ်ကခေါင်းညိတ်ပြီး



"ဟုတ်တယ် အဲဒီစာရွက်အပိုင်းအစလေးမှာ မြေပုံလမ်းညွှန်တစ်ခုလို အမှန်သဘောတွေ ရေးခြစ်ထားပြီး ကိုးဆောင်ကျောင်းလို့ရေးသားထားတဲ့ စာတန်းပါတယ်၊ ငါဟာ ဗာကယ်တော့ ဒီရူးစိတ်ရောဂါသည်တစ်ယောက်က ပေးခဲ့တဲ့အရာလေးတစ်ခုအတွက် ဘာမှန်းမသိဘဲ သွားလာနေတာ အဓိပ္ပာယ်မရှိဘူးဆိုတာတွေကိုလုပ်ကြည့်ပြီး ဖြစ်ပေါ်လာတဲ့စိတ်လှုပ်ရှားမှုကို လိုချင်တယ်၊ ဘဝဆိုတာ အချိန်တန်ရင်တော့လည်း ပြီးဆုံးသွားမှာပဲမဟုတ်လား၊ ဒီဟာကလေးနောက်ကိုလိုက်ရင်း အဖြေမပေါ်မချင်း ဖြစ်ပေါ်နေတဲ့ စိတ်လှုပ်ရှားမှုကိုလိုချင်တာပဲ၊ သန်းကြွယ်သူဌေးကြီးတွေ ငွေကြေးအတွက်မဟုတ်ဘဲ လောင်းကစားကြသလို စိတ်လှုပ်ရှားမှုမျိုးနဲ့ ခပ်ဆင်ဆင်ပေါ့ကွာ၊ ဒီဟာကလေးရဲ့အဖြေထွက်လာမှာကိုတောင် 'ငါမှာ စိုးရိမ်နေမိသလိုပဲ"

ဟု ဆိုလေရာ ကြက်တောက

"မင်းစကားတွေကို ငါနားမလည်ဘူး၊ ဒါပေမဲ့ ငါတို့သုံးယောက်စလုံးဟာ ကိုယ့်စိတ်ကူးနဲ့ကိုယ် လေထဲမှာ တိုက်အိမ်ဆောက်ခဲ့ကြတာ အမှန်ပါပဲ၊ ငါလည်းမှတ်တမ်းစာအုပ်ကလေး တစ်အုပ်ကြောင့် ဒီတောင်

www.burmeseclassic.com



*လမ်းထဲ ပါဝင်လာရတာပဲ၊ မကြေးမုံနဲ့မင်းကတော့ အဖြစ်အပျက်ခြင်း ဝေဆင်ဆင်ပါပဲ၊ အခုတော့ တို့ရဲ့ လေထဲက တိုက်အိမ်ကြီး ရုပ်လုံးပေါ်ချင်လာပြီ၊ အဲဒီတော့ မင်းဆီက မြေပုံစာရွက်အပိုင်းအစကလေးထုတ်ပြီး၊ မကြေးမုံရဲ့ စာရွက်အပိုင်းအစကလေးနဲ့ ပေါင်းစပ် အဖြေထုတ်ရအောင်၊ ပြီးရင် မင်းကို ငါ့ရဲ့မှတ်တမ်းစာအုပ် ပေးပြီး ဖတ်နိုင်းမယ်၊ ဒါဆိုရင်မင်းစိတ်ထဲက ပဟေဠိတွေ တော်တော်များများ ရှင်းလင်းသွားမှာပါ"*

ဟု ပြောလိုက်လေ၏။

ဖျောက်ဆိပ်က မျက်လုံးကိုပေကလပ်၊ ပေကလပ်လုပ်ပြီး

*"ငါ့ဆီကမြေပုံအပိုင်းအစကလေး၊ မင်းကို ပေးထားတာကြာပြီပဲ"*

ဟု ဆိုလေရာ ကြက်တောက မျက်မှောင်ကြုတ်ကာ

*"မင်းရဲ့မြေပုံအကြောင်းတောင် ငါအခုမှသိရတာပဲ၊ မနောက်ပြောင်စမ်းပါနဲ့ကွာ"*

ဟု ပြောလေ၏။ ထိုအခါ ဖျောက်ဆိပ်က ခေါင်းရမ်းပြီး [illegible] ငယ်လေးဖြင့်

*"တကယ်ပါကွာ၊ မင်းရဲ့ သဏ္ဍာလတ်ဦးထုတ် နံပတ်ပြားထဲမှာ ငါ သေသေချာချာထိုးထည့်ထားခဲ့တာ*



*ကြာပါပြီ"*

ဟု အဖြေပေးလေ၏။

ကြက်တောက အလျှင်အမြန်ပင် သူ၏ဦးထုတ်အတွင်း ရှာဖွေကြည့်လေရာ ဖျောက်ဆိပ်၏စကားအတိုင်းပင် မြေပုံစာရွက်အပိုင်းအစ ကလေးကိုတွေ့ရသောကြောင့် မျက်လုံးပြူးကျယ်ကာ

*"ဩော်… မင်းက ရှုပ်ရှက်လုပ်ခဲ့တာကိုး"*

ဟု ရေရွတ်လေ၏။

ထိုအခါ ဖျောက်ဆိပ်ကရယ်မောပြီး

*"ဟား ဟား… ငါဆီမှာထားရင် မလုံခြုံမှာစိုးလို့ပါ၊ မင်းကလည်း မှတ်တမ်းစာအုပ်ကို ဦးထုပ်ထဲမှာပဲ ဖွက်ထားတာပဲမဟုတ်လား၊ မင်းရဲ့ပစ္စည်းကို စောင့်ရှောက်ရင်း၊ ငါ့ဟာကလေးပါ လုံခြုံနေတာပေါ့ကွာ၊ ပြီးတော့ အဲဒီမှတ်တမ်းကို ငါဖတ်ပြီးပြီဆိုတာ မင်းရိပ်မိလောက်ပါပြီ၊ အဲဒီအတွက် ငါ့ကိုတစ်မျိုးမထင်ပါနဲ့၊ လူ့လာနေပေမဲ့ ဝါသနာက မနေလို့ပါကွာ"*

ဟု ပြောလေ၏။

ထိုအခါ ကြက်တောသည် မျက်နှာကြီးတည်ရာမှ ပြုံး၍လာ၏။ ရှိနှစ်သို့အတွေးပေါက်သည်မသိ၊ ဟက် ဟက် ဟက် ဟက်ရယ်မောလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်

ဖျောက်ဆိပ်သည်အရာရာကို အလေးအနက်ထားသူ မဟုတ်၊ ပျော့ပျော့နေတတ်သူဖြစ်၏။ သို့သော် သူ၏ စိတ်နှလုံးမှာမူ ဖြူစင်သန့်ရှင်း၏။ ၎င်းသည်လူ့သဘာဝစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိသော်လည်း၊ ထိုအရာများ ၌ သရော်လှောင်ပြောင်တတ်သူဖြစ်၏။ သူသည်ဘဝကို ဝါဂွမ်းတစ်စလို၊ ပေါ့ပါးစွာပင် လွတ်မြောက်သွားချင်သူဖြစ်၏။ ထိုထက်ပို၍လည်း ဖျောက်ဆိပ်၏ဘဝဇာတ်ကြောင်း တစ်စိတ်တစ်ပိုင်းကို အခြေခံ၍ ရေးဖွဲ့ထားအပ်သော မကြာမီထွက်ရှိလာမည့် "တစ်မိုးလုံးဖျောက်ဆိပ်" ဟူသည့် ဝတ္ထုတွင် ပို၍ထင်သာမြင်သာစေမည်ဖြစ်ကြောင်း။

စာရေးသူ

ကြွက်တောကရယ်မောသောအခါ ဖျောက်ဆိပ်ကလည်း ရယ်လေ၏။

ထိုအခါ မကြေးမုံသည်လည်း အရယ်ခတ်ကူးစက်ကာ၊ ကိုယ်လုံး ကလေးပင် တသိမ့်သိမ့်တုန်အောင်၊တခစ်ခစ်ရယ်မောလေတော့၏။

ထိုအခါ သူတို့၏လေထဲမှ တိုက်အိမ်ကြီးသည် ပီပြင် ရုပ်လုံးပေါ်၍လာ၏။





သူတို့ထံတွင် ကိုးဆောင်ကျောင်းသို့ လမ်းညွှန်ပေးနိုင်သည့် ပြီးပြည့်စုံသော မြေပုံတစ်ခုရှိပေပြီ။

ကြွက်တောတို့သည်ကိုးဆောင်ကျောင်းကို သွားရောက်ရှာဖွေကြမည်ဟု ဆုံးဖြတ်လိုက်ကြ၏။

ထိုအခါ ဖျောက်ဆိပ်က

"တို့လက်ထဲမှာ မြေပုံရှိတယ်ဆိုတော့ နီးမတော်နက်ထဲက ဝက်ပါတောကို အရောက်သွားဖို့ လွယ်လွယ်ကူကူသွားပြီး ဆိုပေမဲ့၊ ဒီကိစ္စအတွက် ပထမဆုံးလိုအပ်တာက ငွေရေးကြေးရေးပဲ၊ ပြီးတော့ ငါ မင်းတို့ရှိတဲ့ဒီကို အလာလမ်းတစ်လျှောက်လုံး လူတစ်ယောက်ရဲ့ နောက်ယောင်ခံလိုက်တာကို ရှည်ပတ်ပြီး ရှောင်တိမ်းခဲ့တယ်၊ အဲဒီလူကတော့ မကြေးမုံကို လိုက်ပြီးလျှောက်ရှာနေတဲ့ မိုးကြိုးနဲ့လျှပ်စစ်ဆိုတဲ့ ရှုနှစ်ယောက်ထဲက မိုးကြိုးပဲဆိုတာ ငါ ကောင်းကောင်းသိတယ်၊ သူတို့ဟာ ငါတို့ကိစ္စကို ကောင်းကောင်းကြီး နှောင့်ယှက်ပေးနိုင်တယ်"

ဟုပြောလေ၏။

ကြွက်တောကလည်းခေါင်းညိတ်ပြီး

"ငါတို့နှစ်ယောက်ကိုလည်း၊ လျှပ်စီးက နောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးအောင်ခံပြီး လိုက်ခဲ့တယ်ကွ၊ ငါကတော့ ရှောင်တိမ်းဖို့ မကြိုးစားဘဲ၊ မသိသလိုလုပ် နေလိုက်တယ်၊ ဒီကောင်တွေ ရှုံးမတော့ထဲကိုဝင်ရင်လည်း ထပ်ကြပ်မကွာ လိုက်ပြီး နောင့်ယှက်နေဦးမှာပဲ"

ဟု ဆိုလိုက်လေ၏။

သူတို့သည် ကြက်တော၏မိတ်ဆွေအိမ်၌ တည်းခိုနေကြဆဲသာ ရှိ၏။

သူတို့အတွက် အိမ်၏အပေါ်ထပ်တစ်ခုလုံးကို အပိုင်စားရထားသောကြောင့် ခရီးစဉ်အတွက် တိုင်ပင်ဆွေးနွေးနေကြခြင်းဖြစ်၏။ ထိုအခိုက်တွင် ကြက်တောက ဖျောက်ဆိပ်နှင့် မကြေးမုံကိုကြည့်၍

"ကျုပ်တစ်ခု ပြောချင်တယ် တကယ်လို့များ ကျုပ်တို့ရဲ့လုပ်ငန်း အောင်မြင်ပြီး ရွှေစင်အတိပြီးတဲ့ ကိုးဆောင်ကျောင်းကို လက်ဝယ်ပိုင်ပိုင်ရခဲ့ရင်၊ ဖျောက်ဆိပ်နဲ့ မကြေးမုံတို့ ဘာလုပ်ကြမလဲ"

ဟု မေးမြန်းလေ၏။

သူတို့အားလုံး အတန်ကြာမျှငြိမ်သက်သွားကြ၏။ ပြီးမှပင် ဖျောက်ဆိပ်က

"ငါအဲဒါကို စဉ်းစားခဲ့ဘူးတယ်ကွ၊ ငါ့စိတ်ထဲမှာ အဲဒါကြီးကိုမက်မောခြင်းမရှိဘူးလို့၊ တိတိကျကျ





အဖြေထွက်ပြီးပြီ၊ ငါပြောခဲ့ဘူးသားပဲ၊ အဲဒီအကျိုးရလဒ်ကို မက်မောခြင်းမရှိဘဲ၊ အဲဒါကိုရဖို့ ကြိုးစားနေရတဲ့ စိတ်လှုပ်ရှားမှုမျိုးကို လိုချင်တာဝါ၊ ငါပြောရဲပါတယ်၊ အဲဒီရွှေစင်ရွှေသားကိုးဆောင်ကျောင်းဟာ သစ်သားကျောင်းဆောင်နဲ့ ဘာမှမခြားပါဘူး"

ဟု ဆိုလေ၏။ ထိုအခါ ကြက်တောက

"ကျုပ်လည်း ဖျောက်ဆိပ်နဲ့ မကြေးမုံတို့ရဲ့ သဘောထားနဲ့ တစ်ထပ်တည်းပါပဲ၊ ဒီတော့ကျုပ်တို့ရဲ့ ခရီးစဉ်ကို မြန်မြန်ပဲ အကောင်အထည်ဖော်ရတော့မှာပေါ့၊ အစကကျုပ်တို့မှာ ငွေကြေးလိုတယ်ထင်နေတယ် မဟုတ်လား၊ အဲဒီအတွက် ကျုပ်တာဝန်ထားပါ"

ဟုပြောလေရာ ဖျောက်ဆိပ်က

"ဒီလိုကိစ္စမျိုးကို ငါပဲ တာဝန်ယူရမှာပေါ့၊ ဒီလောက်ငွေကြေးအများကြီးကို အချိန်တိုတိုအတွင်းမှာ ရှာဖွေဖို့ သိပ်မလွယ်ပါဘူး။ ငါ့မှာ အကြံကောင်းကောင်း ဉာဏ်ကောင်းကောင်းတွေရှိပါတယ်"

ဟု ပြောလေရာ ကြက်တောက ဖျောက်ဆိပ်၏ ပခုံးကိုပုတ်ကာ

"မင်းရဲ့ကုလီကျွမာ အကြံကလေးတွေ ခဏ သိမ်းထားလိုက်ပါ၊ ဒီတစ်ခါတော့ ငါတာဝန်ယူပါရစေ



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတာနဲ့ ငါအပြင်ထွက်ပြီး ရှာဖိုက်ကိုဦးမယ်"

ဟု ပြောလေတော့၏။

ထိုနောက်ညနေစောင်း အချိန်တွင်ကြက်တောသည် အိမ်မှထွက်သွားလေ၏။

မကြေးမုံက ဖျောက်ဆိပ်ကို

"ကိုကြက်တော ငွေတွေရအောင် ဘယ်လိုရှာမလဲ မသိဘူး"

ဟုမေးမြန်းလေ၏။

ဖျောက်ဆိပ်က မေးစေ့ကိုလက်ဖြင့်ပွတ်ပြီး

"ငွေကိုအမြန်ဆုံးရနိုင်တဲ့နည်းကတော့ ဓားပြတိုက်တာနဲ့ ခိုးယူ အလစ်သုတ်တာပဲရှိမှာပေါ့"

ဟု အဖြေပေးလေရာ မကြေးမုံသည် မျက်လုံးကလေးပြူးကျယ်ကာ

"ဒါဆိုရင် ကိုကြက်တောက ဓားပြသွားတိုက်တာပေါ့ ဟုတ်လား"

ဟုရေရွတ်လေ၏။ ဖျောက်ဆိပ်ကမူ ဘာမျှမပြောဘဲ ငြိမ်သက်နေလေတော့၏။

သူသည်လည်း ကြက်တောမည်သို့ငွေများရှာဖွေလာမည်ကို စိတ်ဝင်တစားစောင့်မျှော်နေမိ၏။





ကြက်တောသည် ညဆယ်နာရီခန့်တွင် အထုပ်ကြီးတစ်ထုပ်ကို ထမ်း၍ ပြန်လည်ရောက်ရှိလာ၏။

ကြက်တော၏ မျက်နှာသွင်ပြင်မှာလှုပ်ရှားအောင်မြင်လာပုံရ၏။ ထိုကြောင့်ပင် မကြေးမုံက ကြက်တောကိုစေ့စေ့ကြည့်ကာ

"ကိုကြက်တော ရှင်ဓားပြတိုက်လာခဲ့ပြီပေါ့ဟုတ်လား ကျွန်မတို့ဟာ ကိုယ်ကျိုးအတွက်မဟုတ်ဘဲ၊ ဒီခရီးကို စွန့်စားသွားလာကြမှာပါ၊ အဲဒီအတွက် သူတစ်ပါးရဲ့ ငွေကြေးကို မတရားသိမ်းပိုက်ပြီး ခရီးဆက်ရမှာတော့ အဓိပ္ပာယ်မရှိဘူးထင်တယ်"

ဟုဆိုး၍ အပြစ်တင်ဟန်ဖြင့် ပြောလေ၏။

ကြက်တောက ဖျောက်ဆိပ်၏ပြုံးဖြီးဖြီးလုပ်နေသောမျက်နှာကို ကြည့်၍

"မိန်းကလေးကို ဖျောက်ဆိပ် တစ်ခုခုပြောထားပြီထင်တယ်၊ ကျုပ်မှာ ခရီးအတွက်ငွေရေးကြေးရေး အလုံအလောက်ပါလာတာဟုတ်ပါတယ်၊ လိုအပ်တဲ့ ပစ္စည်းတွေလည်း ဟောဒီအိတ်ကြီးထဲမှာပါတယ်၊ ဒါပေမဲ့ မကြေးမုံထင်သလို ကျုပ် မသမာတဲ့နည်းနဲ့ ငွေရှာလာတာ မဟုတ်ပါဘူး။ ဒါကအချိန်တန်ရင်အဖြစ်မှန်ကိုသိရမှာပါ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ကြက်တောက အိတ်ကြီးအတွင်းမှ ပစ္စည်းများကို တစ်ခုချင်းထုတ်ယူပြီး

"ယောဒါတွေက တောထဲဝင်ရင် လိုအပ်မဲ့ ပစ္စည်းအသုံးအဆောင်တွေပဲ၊ ခြေကြမ်းကလည်း ခရီးသွားရတာ လွတ်လွတ်လပ်လပ်ရှိအောင်၊ ယောကျ်ားကလေးလိုပဲ ဆံကြိုးဝတ်ဆင်ပြန်ဆောင်ပါ၊ နောက်တစ်နေ့ မနက်စောစောခရီးစထွက်မယ်၊ မန္တလေးကနေပဲခူးအထိ တောက်လျှောက်သွားဖို့၊ ကားတစ်စီး စီစဉ်ထားတယ်"

ဟု ဆိုလေရာ ဖျောက်ဆိပ်က လက်သီးလက်မောင်းတန်းပြီး

"ခရီးထွက်ရမယ်ဆိုရင်၊ ငါစိတ်တွေ အရှိန်ရှိန်လန်းလာတယ်"

ဟုရွှေရွှတ်လေတော့၏။

နောက်တစ်နေ့တွင် ကြက်တောတည်းရာ တည်းသည့် မန္တလေးဈေးချိုတွင် ဂိတ်ထိုးသော အငှားကားတစ်စီးရောက်ရှိလာသည်နှင့်သူတို့လူစုလည်း အိမ်ရှင်လင်မယားကိုနှုတ်ဆက်၍ ခရီးထွက်ခဲ့လေ၏။

ကြက်တောက ကားသမားကိုကြည့်ပြီး

"ကိုယ်ရှာ၊ မနေ့ကကျုပ်ငှားခဲ့တာ တခြားဒရိုင်ဘာ တစ်ယောက်ပါ"

ဟု မေးမြန်းလေရာ ကားဆရာက ကွမ်းကိုတဖတ်ဖတ်ဝါးမြိုရင်း





"ဟုတ်တယ်၊ ကျုပ်ကသူ့အစားလိုက်လာရတာ အဲဒီဒရိုင်ဘာ ကောက်ကာငင်ကာပဲ ဝမ်းလျှောနေလို့ဗျ"

ဟု အဖြေပေးလေ၏။

ညှိုသို့ဖြင့်ခရီးထွက်လာကြရာ ရေတွယ်သို့ရောက်လျှင် ကားသမားက မြို့စွန်ရှိ ထမင်းဆိုင်ရှိရာ မြဝင်းကျယ်ကြီးထဲသို့ ကားကိုမောင်းဝင်လိုက်ပြီး ကြက်တောတို့လူစုကို

"မနက်စာ စားကြရအောင်ဗျို့၊ ဒီဆိုင်ကဒီမြို့မှာ အကောင်းဆုံးပဲ၊ ကျုပ်ခရီးထွက်တိုင်း ဒီမှာပဲစားတာ"

ဟု ပြောလေ၏။

ကားသမားသည် ထိုခရီးကို ကျွမ်းကျင်ပုံရှိ၏။ ၎င်းက ကြက်တောကို သီးသန့်ကာရံထားသော အခန်းတစ်ခုတွင်နေရာ ချထားပေးပြီး ၎င်းကမူ

"ဒီမှာလွတ်လွတ်လပ်လပ် စားသောက်ကြပါ၊ ကျုပ်ကတော့ အပြင်မှာပဲစားပါမယ်"

ဟု ပြောလေ၏။

ဖျောက်ဆိပ်သည် ဗိုက်ကိုပွတ်ပြီး သုံးယောက် စားမကုန်သော ဟင်းများကို မှာယူလေ၏။

စားသောက်စရာများအသင့်ဖြစ်လျှင် ကြက်တောနှင့် မကြေးသောက် စားဟန်ပြင်ရာ ဖျောက်ဆိပ်က ဟင်းပန်းကန်များကို နှာခေါင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းလှမ်းကြည့်ပြီး

"ဒီဟင်းတွေက ကောင်းပုံမရဘူး၊ မစားကြနဲ့ဦး"

ဟုတားလေ၏။

မကြာမီလွန်စွာထိပ်ပြောင်လှသော ဆိုင်ရှင်ရောက်ရှိလာရာ ဖျောက်ဆိပ်က လေသံမာမာဖြင့်

"ခင်ဗျားတို့ ဟင်းတွေကို သေသေချာချာ မချက်ဘူးလား၊ ဟောဒီဝက်သားဟင်းကလည်း စပ်လိုက်တာလွန်ပါရော၊ ကြက်ကြော်ကလည်း ဆားအိုးထဲပြုတ်ကျလာတဲ့အတိုင်းပဲ၊ ဆိတ်ကလီစာဟင်းကခါးလိုက်တာ ဆိတ်သည်းခြေပါရောချက်ထားသလား၊ အမဲနှပ်ကလည်း ရှင်ထော်ပြီး ပေါက်ဆိန်နဲ့ပေါက်စားရမယ်၊ ချဉ်ရည်ဟင်းက သံပရာသီးအလုံးတစ်ရာလောက် ညှစ်ထည့်ထားသလား၊ ထမင်းက ကျောက်ခဲအတိုင်းပဲ"

ဟူ၍ စသည်ဖြင့်အစားအသောက်များကို ဝေဖန်ပြစ်တင်ပြီး တစ်ဆက်ထဲပင် ဇွန်းတစ်ချောင်းကိုယူ၍ ဟင်းကိုခပ်ယူကာ ဆိုင်ရှင်ကို

"ခင်ဗျားမယုံရင် စားကြည့်ပါ"

ဟုတိုက်တွန်းလေ၏။

ဖျောက်ဆိပ်၏အပြုအမူကြောင့် ဆိုင်ရှင် သည်တွန့်ခနဲဖြစ်ကာ ပြုံးပြုံးဖျာဖျာနှင့်တောင်းပန်၍ ချက်ခြင်းပင် အခြား အစားသောက်များ





နှင့်လဲလှယ်ရန်စီစဉ်လေ၏။

ကြက်တောက ဖျောက်ဆိပ်ကို

"အစားအသောက်တွေကို လက်ဖျားနဲ့တောင် မတို့ရသေးဘဲ၊ ပြောလိုက်တာတော့၊ အတိအကျပါလား"

ဟု ဆိုလိုက်ရာ ဖျောက်ဆိပ်ကရင်ကိုကော့၍

"ပညာရှိဆိုတာ ကြည့်ရုံနဲ့အရသိရှိသိတယ်ကွ"

ဟု ပြောလေတော့၏။ သူတို့သည် စားသောက်ပြီးနောက် ခရီးဆက်ကြရာ မြို့ပြင်သို့ရောက်လျှင် ကြက်တောက ကားသမားကို ရပ်တန့်ခိုင်းပြီး

"ကျုပ်လှပ်စရာလေးရှိလို့ဗျာ"

ဟု ပြောလေ၏။ ကားသမားက

"ဘာလည်း ဗိုက်ထဲက အရှုရာယ်လှယ်မထားနိုင်တော့ဘူးလား"

ဟု မေးမြန်းလေ၏။

ကြက်တောက ခေါင်းညိတ်ပြီး

"ဒါပေါ့ဗျ၊ အန္တရာယ်က ဗိုက်ထဲမှာတော့ မဟုတ်ဘူး၊ ဟောဒီကားပေါ်မှာတင်ရှိနေတာဆိုတော့ ရှင်းရတာလွယ်ပါတယ်"

ဟု ပြောကာ တစ်ဆက်ထဲပင် ကားသမား၏မေးစေ့ကို ခွပ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုးချလိုက်၏။

ကားသမားသည် တစ်မျက်ထဲနှင့် သတိကင်းလွတ်သွားလေ၏။ ထိုအခါ ကြက်တောက ကားသမား၏ကိုယ်လုံးကို ဓွေကနဲမ၍ လမ်းနဘေးသို့ချလိုက်ကာ ဖျောက်ဆိပ်ကို

"ကဲ... ကားမောင်းဘို့မင်းအလှည့်ရောက်ပြီ"

ဟု ပြောလေ၏။

ဖျောက်ဆိပ်ကလျှင်မြန်စွာပင် ကားမောင်းသူနေရာ တွင်နေရာယူပြီး ကားကိုမောင်းထွက်လေ၏။

မကြေးမုံသည် ကြက်တော၏ အပြုအမူကို နားမလည်နိုင်ဟန်ဖြင့် ရှိလေ၏။

ကြက်တောက ကားထွက်ထွက်ချင်းပင်

"ငါ့ဝှားနဲ့တဲ့ ဒရိုင်ဘာဝမ်းလျှောလို့ဆိုပြီး ဒီကောင် အစားထိုးလိုက်ကတည်းက၊ မသင်္ကာတာ တို့ထမင်းစားနေတုန်းက ပြောတဲ့စကားတွေ ကိုချောင်းနားထောင်နေတာ၊ သတိထားလိုက်မိတော့ ဗိုက်ကြီးကျိန်းသေသွားတာပေါ့၊ သူဟာမိုးကြိုးနဲ့လွှတ်စီးက ရွှတ်လိုက်တဲ့လူဖြစ်မှာမလွဲဘူး"

ဟု ပြောလေ၏။

ဖျောက်ဆိပ်တကားကို ကျွမ်းကျင်စွာမောင်းနှင်ရင်းမှ

"ဒါတင်ဘယ်ကမလဲ၊ ထမင်းဆိုင်ပိုင်ရှင်ကလည်း၊



သူ့တို့ အဆက်အသွယ်ပဲ၊ ပထမလာချတဲ့ ဟင်းတွေ အားလုံးထဲမှာ အိပ်ဆေးတွေ၊ ဒါမှမဟုတ် အဆိပ်တစ်ခုခု ခပ်ထားပုံရတယ်၊ ဆိုင်ကိုရောက်ကတည်းက ကားသမား နဲ့ ဆိုင်ရှင်က ဆိုင်နောက်ဘက်မှာ ခေါင်းချင်းဆိုင်နေတာ တွေ့ခဲ့ရတယ်၊ ဒါကြောင့် စမ်းသပ်တဲ့အနေနဲ့ ဆိုင်ရှင်ကို ခေါ်ပြီး ဟင်းတွေမကောင်းကြောင်းပြောပြီး စားသောက် ကြည့်ခိုင်းတော့၊ ဆိုင်ရှင်ကလက်ဖျားနဲ့တောင် စတို့ရဲ့ဖူး မဟုတ်လား၊ နောက်တစ်ကြိမ်တော့ သူလည်း ထပ်ပြီး မလုပ်ရဲဘူးလေ၊ ဒါကြောင့်ငါလည်း စိတ်ချလက်ချ စားရဲတာပေါ့"

ဟုဆိုပြန်၏။မကြေးမုံကမူ ထိုသူနှစ်ဦး၏ပြောစကားများကိုနား ထောင်ပြီး

"ရှင်တို့နှစ်ယောက်တိုတော့ တော်ရုံနဲ့ လှည့်ဖျားလို့ မရဘူး"

ဟု ရေရွတ်လိုက်တော့၏။

ကြက်တောတို့သည် ဖျဉ်းမနားသို့ရောက်လျှင် ဂျစ်ကားကို ကားလမ်းနံဘေးတွင် ထိုးပစ်ခဲ့ပြီး ကုန်ကားကြီးတစ်စင်းဖြင့် လိုက်ပါခဲ့ကြ လေ၏။

ထို့နောက်ပဲခူးသို့မရောက်မီ ကတုတ်ဘုရားကြီးဟူသော ရွာငယ်

www.burmeseclassic.com



ဆင်းကာ ထိုမှနေ၍ အနောက်ဘက်စူးစူးသို့ခရီးဆက်ခဲ့ကြပြန်၏။

နောက်တစ်နေ့ညနေစောင်းအချိန်တွင် တောင်ခြေရွာကလေး တစ်ရွာသို့ ရောက်ရှိလာကြရာ ထိုရွာတွင်ပင် ညအိပ်တည်းခိုကြလေ၏။

သူတို့၏ရှေ့ခရီးမှာ ရိုးမ၏အစပ်ဖြစ်၏။ ရိုးမက သူတို့ရှိနေရာမှ စတင်၍ မြောက်ဘက်သို့ အဆုံးအစမရှိ တောင်တန်း၊ တောနက်ကြီးများ ဖြင့် အဆုံးအစမရှိ သွယ်တန်းထားသလိုထင်ရ၏။

ကြက်တောတို့သည် ထိုရွာကလေးမှနေ၍ ခရီးဆက်လာကြရာ ရေစီးသန်လှသော ချောင်းကလေးတစ်ခု နဘေးသို့ ရောက်လာကြ၏။ ထိုအခါ ကြက်တောက

*"ဒီချောင်းဟာ ပဲခူးမြစ်ထဲကို စီးဆင်းတဲ့ချောင်းပဲ၊ ဒီချောင်းအတိုင်း သစ်အဝယ်တော်ကြီး ဦးမောင်စံ မျောပါလာခဲ့တာပေါ့၊ တို့က ဒီချောင်းကလေးကို မျက်ခြေ မပြတ်လိုက်ပြီး အထက်ကို ကုန်းလမ်းအတိုင်း ဆန်တက် ရမှာပဲ"*

ဟု ပြောလေ၏။ ထိုသို့ သွားလာကြရင်း ဖျောက်ဆိပ်က မကြေး မုံကို

*"မိန်းကလေးကို ဒီလိုခက်ခဲကြမ်းတမ်းတဲ့ ခရီးတွေ သွားလာ နိုင်လိမ့်မယ်လို့ ကျုပ်ထင်မထားဘူး၊ ဟဲ ဟဲ... ကျုပ်ကို ဘယ်အချိန် ထမ်းနိုင်းမလဲဆိုတာ စောင့်နေတာ"*



ဟု ဆိုလေ၏။ မကြေးမုံက

*"ကျွန်မအတွက် ဒီလိုတောတောင်ခရီးတွေက သိပ်မထိမ်းပါဘူး၊ ပြီးတော့ ရှင့်ကို အထမ်းခိုင်းရမှာကြောက်လို့ ကြိုးစားပြီး သွားလာနေတာလည်း ပါတယ်ပေါ့"*

ဟု ပြန်၍ပြောလေ၏။

ဖျောက်ဆိပ်သည် ထိုသို့ နောက်ပြောင်သော် လည်း မကြေးမုံကို နှမလေးတစ်ယောက်လို ကူညီစောင့်ရှောက်သည်သာ ဖြစ်၏။

သူတို့သည် အလင်းရောင် ပျောက်ကွယ်လုနီးလျှင် ရောက်ရာနေရာ၌ ဝင် စခန်းချကာ ကြက်တောနှင့်ဖျောက်ဆိပ်က ညရေးညတာ လုံခြုံရေး အတွက် တစ်လှည့်စီ ကင်းစောင့်ကြလေ၏။

ထိုသို့ သွားလာလေရာ ကြက်တောသည် မြေပုံညွှန်းကို မပြတ် ကြည့်ရှုနေရ၏။

မြေပုံညွှန်းမှာ မကြေးမုံ၏ ဖခင်အရူးကြီးနှင့် ဦးမောင်စံတို့ နောက်ဆုံးသတ်ပုတ်ရင်း လမ်းခွဲကြရာ ချောင်းကလေး၏ ကမ်းစပ် တစ်နေရာအထိသာရေးထားခြင်း ဖြစ်၏။

နောက်ဆုံးတွင် သူတို့သည် ထိုနေရာသို့ ရောက်ရှိလာကြ၏။ မကြေးမုံသည် သူမဖခင်ကြီး ခြေချခဲ့ရာ နေရာသို့ ကိုယ်တိုင်ရောက်ရှိ လာသောကြောင့် စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားနေရ၏။

သူတို့သည် ထိုနေရာမှနေ၍ ချောင်းကလေးကို ဖယ်ခွာကာ

www.burmeseclassic.com

www.burmeseclassic.com



နေဝက်ခန့် ခရီးနှင်ပြီးလျှင် နတ်ကြီးတောၢ အစပ်သို့ ရောက်ရှိလာခဲ့ကြ၏။ ဖျောက်ဆိပ်သည် တစ်လမ်းလုံး သတိဝီရိယကြီးစွာဖြင့် သွားပြီး ကြက်တောက

*"တို့ရဲ့ ရန်သူတော်တွေတော့ တို့နောက်က ခြေရာ မခံနိုင်တော့ဘူး ထင်တယ်၊ အခုထိ အခြေအနေက ငြိမ်းချမ်းနေတုန်းပဲ"*

ဟုပြောလေ၏။

ဖျောက်ဆိပ်က ခေါင်းယမ်းပြီး

*"မထင်နဲ့ဦးကွ၊ ဒီနေရာ ပတ်လမ်းကျင်ကို ရောက်ဖို့ လာစရာလမ်းတွေ အများကြီးပဲ၊ သူတို့က တို့ရှေ့ကတောင် ကြိုပြီး ရောက်နေနိုင်တယ်၊ နတ်ကြီးတောထဲ ဝင်တာနဲ့ ပိုပြီးသတိထားရတော့မယ်"*

ဟု ဆိုလေ၏။

ထိုညအတွက် သူတို့သည် တောစပ်ရှိ လေကွယ်ရာ တောင်စောင်း တစ်ခုတွင် ဖြစ်ပေါ်နေသော လိုဏ်ဂူငယ်ကလေး၌ အကာအကွယ်ပြု စခန်းချလိုက်ကြ၏။ ထိုနေရာ၌ စခန်းချဖြစ်သည်မှာ သူတို့အတွက် ကံကောင်းသွားခဲ့၏။

ညဦးပိုင်းမှစ၍ မိုးကသည်းထန်စွာရွာသွန်းသည်မှာ နံနက်လင်း မှရပ်တန့်သွားတော့၏။





သူတို့မှာ ကျဉ်းမြောင်းလှသော ဂူပေါက်ငယ်ကလေး ထဲတွင် မီးပုံတစ်ခုကို ကြိုးစား၍ဖိုကာ သုံးဦးသား ငုတ်တုတ်ထိုင်၍ မိုးလင်းခဲ့ရ၏။

နောက်တစ်နေ့တွင် ခရီးထွက်လာရာတစ်နေရာသို့ အရောက်တွင် သူတို့ရှေ့မှချောက်ကမ်းပါးကြီးတစ်ခုက ကာဆီးထားသည်ကို တွေ့ လိုက်ရ၏။ ထိုချောက်ကမ်းပါးကိုကျော်လွှန်၍ သွားရပေမည်။

ထိုအခါ ကြက်တောက ဦးစွာပင် နွယ်ကြိုးများကို ခုတ်ယူပြီး ခက်ခက်ခဲခဲဆင်းသက်လေ၏။

ကြက်တောသည် မြေပြင်ပေါ်ရောက်မိလျှင်ပင်၊ တစ်စုံ တစ်ယောက်က သူ၏နောက်မှ

*"ကဲ… ကိုယ်လူ ရောက်တဲ့နေရာမှာ ရပ်တန့်ပြီး လှုပ်ရှားဖို့ ကြိုးစားမနေနဲ့ ရှော့ထဲကိုကျည်ဆန်မဝင်စေချင်ရင် ငြိမ်ငြိမ်နေပါ"*

ဟုအမိန့်ပေးသံထွက်ပေါ်လာ၏။

ကြက်တောက နောက်သို့လှည့်ကြည့်လိုက်ရာ သေနတ်တစ်လက် ဖြင့်အသင့်အနေအထားရှိနေသည့် မိုးကြိုးဆိုသည့် လူကိုတွေ့လိုက်ရလေ ၏။

ကြက်တောက ထိုသူနှင့် ဖြည်းညှင်းစွာမျက်နှာချင်းဆိုင်လိုက်ပြီး

*"ခင်ဗျားတို့က ခြေလှမ်းတော်တော်သွက်တာပဲ"*

ဟုရေရွတ်လေရာ မိုးကြိုးကမျက်နှာတည်၍



www.burmeseclassic.com

www.burmeseclassic.com



*"မောက်ကခြေရာခံလိုက်နေတဲ့သူတွေအို့ မင်းတို့ကို ဘယ်နေရာမှာစောင့်ပြီးဖမ်းရမလဲဆိုတာ သေသေချာချာ စီစဉ်ထားရတာပေါ့"*

ဟု ပြောလေ၏။

ထိုအခိုက်ချောက်ကမ်းပါးထက်မှ ဖျောက်ဆိပ်သည်လည်း မကြေးမုံကို ချောက်ကမ်းပါး အခြေသို့ဆင်းသက်ရန် ပြင်ဆင်နေစဉ် လျှပ်စီး၏သေနတ်နှင့် ချိန်ရွယ်မှုကိုခံလိုက်ရ၏။

မကြေးမုံက ထိုသူကိုတွေ့လျှင်အံ့ကြိတ်ပြီး

*"ရှင်တို့က အခုထိလိုက်လာနိုင်တုန်းကိုး"*

ဟုရေရွတ်လေ၏။

*"အောက်မှလည်း အခုဆိုမင်းတို့လူတစ်ယောက် မိုးကြိုးလက်ထဲရောက်နေလောက်ပြီ၊ မင်းတို့ရဲ့ခရီးစဉ်ကို ခန့်မှန်းပြီး ဒီနေရာကို ဖြတ်လမ်းက အရောက်လာခဲ့တာပဲ"*

ဟု ပြောလေ၏။ ပြီးလျှင်ထိုသူက ချောက်ကမ်းပါးမှ အခြေသို့ အော်ဟစ်ပြီး

*"မိုးကြိုး၊ အပေါ်ကလူတွေကို ငါထိန်းထားလိုက်ပြီ"*

ဟု သတင်းပေးလေ၏။

အခွင့်ကောင်းကို စောင့်နေသည့် ဖျောက် ဆိပ်က ရုတ်တရက် လှုပ်ရှားလိုက်လေ၏။



လျှပ်စီး၏ သေနတ်မှ ဒိုင်းခနဲ မြည်ဟိန်းသွားသော်လည်း ဖျောက်ဆိပ်ကို မထိဘဲ လွဲချော်သွား၏။

လျှပ်စီးမှာမူ ဟန်ချက်ကို မထိန်းနိုင်ပဲ ထိတ်လန့်တကြား အော်ဟစ်ကာ ချောက်ကမ်းပါး အတွင်းသို့ ထိုးကျပြီး၊ မသက်မသာခံစားလိုက်ရ၏။

ထိုအခိုက်တွင်ပင် မထင်မှတ်သော အဖြစ်ကြောင့် အာရုံပြောင်း သွားသည့် မိုးကြိုးထံ ကြက်တော၏ ခရီးဆောင်အိတ်က လွင့်ပျံလာ၏။

မိုးကြိုးသည် ခရီးဆောင်အိတ်ကို ရှောင်တိမ်းနိုင်သော်လည်း တစ်ဆက်တည်းဝင်လာသည့် ကြက်တော၏ ခြေကန်ချက်ကမူ သူ၏လက်ထဲမှ သေနတ်ကို လွင့်စင်သွားလေ၏။

မိုးကြိုးသည် လက်နက်မဲ့သွားသော်လည်း ကြက်တောကို ချက်ခြင်းပင် ပြန်လည်တိုက်ခိုက်လေ၏။

သူတို့ နှစ်ဦးပြင်းထန်စွာ တိုက်ခိုက်နေကြရာ မကြာမီတွင် မိုးကြိုးသည် ကြက်တောနှင့် လက်ရုံးချင်းမယှဉ်နိုင်ပဲ အရှုံးနိမ့်သွားလေ၏။

သူတို့၏ တိုက်ပွဲကို ဖျောက်ဆိပ်က ချောက်ကမ်းပါးထိပ်မှ ငုံ့ကြည့်ကာ အော်ဟစ်အားပေးနေလေ၏။ သို့သော် သူ၏ အော်ဟစ်အားပေးမှု မဆုံးမီပင် မကြေးမုံ၏ ထိတ်လန့်တကြားဖြင့် အော်ဟစ်သံက ထွက်ပေါ်လာ လေ၏။

ဖျောက်ဆိပ်သည် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်ပြီး မျက်လုံးပြူး ကျယ်သွားတော့၏။

www.burmeseclassic.com



ဝတ်ရုံမကြီးခြုံ၍ ကြောက်မက်ဖွယ် သားရေမျက်နှာဖုံးစွပ်ထားသည့် လူထွားကြီးတစ်ယောက်က မကြေးမုံကို ချုပ်ကိုင်ထား၏။

ထိုလူထွားကြီး၏ နောက်တွင်လည်း ထိုကဲ့သို့ ဝတ်ဆင်ထားသည့် လူလေးငါးယောက်ခန့်က လက်နက်အပြည့်အစုံနှင့် ရှိနေလေ၏။

ဖျောက်ဆိပ်သည် ထိုသူများ၏ အသွင်သဏ္ဌာန်နှင့်ကောင်းစွာ ရင်းနှီး၏။ တစ်ခါက ရွာကလေးတစ်ရွာတွင် ထိုသူများနှင့် တွေ့ကြုံခဲ့ဘူး၏။

ထို့ကြောင့်ပင် ဖျောက်ဆိပ်၏ နှုတ်များမှ

*"ဓါးပြကြီးတို့ အဖွဲ့ပါလား"*

ဟု ရေရွတ်မိလေ၏။ မကြေးမုံကို ချုပ်ကိုင်ထားသူက တိုးညင်းစွာ ရယ်မောပြီး

*"ဟား ဟား… မင်းကိုလည်း ငါမြင်ဖူးပါတယ်ကွ။ ကြည့်နေတာ ကမ်းသာရွာသူကြီး အိမ်မှာ ထိပ်တုံး အခတ်ခံထားရတဲ့ ကောင်ပဲကိုး၊ ကဲ… ဘာပဲဖြစ်ဖြစ်ပေါ့၊ မင်းတို့ဆီက ကိုးဆောင်ကျောင်းကို လမ်းညွှန်ပေးနိုင်တဲ့ မြေပုံကို ငါ့လက်ထဲအပ်ပေတော့"*

ဟု ပြောလေ၏။

ထိုအခါ ချောက်ကမ်းပါး အခြေမှာ ကြက်တောသည်လည်း ဘာမျှမတတ်နိုင်တော့ချေ။ ဓါးပြကြီး၏လက်ထဲတွင် အညှံ့ခံလိုက်ရတော့၏။

ထိုအခါ မကြေးမုံက



*"ကိုကြက်တော၊ မြေပုံကို ဖျောက်ဖျက်ပစ်လိုက်ပါ။ သူတို့လက်ထဲကို အရောက်မခံပါနဲ့"*

ဟုပြောလေရာ ဖျောက်ဆိပ်က ရယ်စရာတစ်ခုကို တွေးမိဟန်ဖြင့် တဟဲဟဲရယ်မောကာ

*"လူကြီးတစ်ယောက် စိတ်ကူးယဉ်ပြီး လုပ်ခဲ့တဲ့၊ မြေပုံတစ်ခုကို ဘာမှတန်ဖိုးထားမနေပါနဲ့ကွာ ပေးလိုက်ပါ"*

ဟု ဆိုလေ၏။ ထိုအခါ ဓါးပြကြီးက

*"ဟေ့ကောင် ငါတို့ကို ဘာမှ လိမ်လည်လှည့်ဖျားဖို့ မစဉ်းစားနဲ့"*

ဟု အော်ဟစ်လေရာ မိုးကြိုးရောက်ရှိလာပြီး

*"ဦးအောင်စံဟာ အဲဒီအဖြစ်ကို တကယ်ကြုံခဲ့ရတယ် ဆိုတာ၊ ငါနဲ့ လျှပ်စီးက ယုံကြည်တယ်ကွ၊ အဲဒီအတိုင်းကြီး မသေခင်က ဘိုဘိုစိစိ သစ်ကုမ္ပဏီက ထုရေးလွှာတင်ရတဲ့ အထဲမှာ အကုန်အပြည့်အစုံပါတယ်၊ မထင်မှတ်ဘဲ အဲဒီကုမ္ပဏီက ထုရေးလွှာကို ငါတို့နှစ်ယောက် ဖတ်မိပြီး အရူးကြီးနောက်ကို သဲသဲမဲမဲ လိုက်ခဲ့ကြတာပဲ၊ နောက်ဆုံး မှာ ငါတို့ အင်အားနဲ့ မဖြစ်နိုင်မှန်းသိတာနဲ့ ဒီရိုးမကို မကြာခင်ကမှ နိုင်အောင်ဖို့ရောက်လာတဲ့ ယောဒိသရာကြီး တို့နဲ့ ပူးပေါင်းခဲ့တယ်၊ မင်းတို့အနေနဲ့ ဒီလိုဘို

*မယုံကြည်ဘူးဆိုရင် ဒီအထိရောက်လာနိုင်စရာ*

*အကြောင်းမရှိဘူး"*

ဟုပြောလေ၏။ ဓါးပြကြီးကမူ

*"ကိစ္စမရှိပါဘူးကွာ၊ အဲဒီမြေပုံနဲ့ သူတို့ကိုပဲ*

*လမ်းပြခိုင်းရတာပေါ့"*

ဟုဆိုလိုက်လေတော့၏။

ကြက်တောတို့သည် ဓါးပြကြီးတို့၏ အကျဉ်းသားများဖြစ်သွားကြလေပြီ။

❀ ❀ ❀

ပန်းအိစံ ကွန်မြူတာ

[illegible]





ဓါးပြကြီးသည် ကြက်တောတို့ကို မည်သို့မျှအလစ်မပေးဘဲရှိ၏။ မိုးများသဲသဲမဲမဲရွာသွန်းတာ၊ ရာသီဥတုဆိုးရွားနေသည့်ကြားမှပင် စခန်းဆက်ကြ၏။

သုံးလေးရက်ခန့်ကြာသည်အထိ တောတောင်အထပ်ထပ်တွင် လှည့်ပတ်သွားလာနေလေရာ ပျောက်ဆိပ်ကကြက်တောကို

*"ဟောတောင်... မြွေပွေးသွန်အတိုင်းဆိုရင်၊ ရောက်ဖို့တန်နေပြီထင်တယ်"*

ဟု မေးမြန်းလေ၏။

www.burmeseclassic.com



ကြက်တောကမျက်မှောင်ကြုတ်ပြီး

"ငါတို့အခု ဝက်ပါတောနက်ထဲရောက်နေပြီ ကိုယ့်လူ၊ ဝက်ပါလမ်းကိုဖြောင့်တန်းနေတာ မင်းမြင်သူးလို့လား"

ဟုပြောလေ၏။

နောက်တစ်နေ့တွင်မူကြက်တောသည် ဝါးပြကြီးထံ

"ကျုပ်တို့မကြာခင် ခရီးဆုံးရောက်တော့မယ်၊ ဒီလောက်ရာသီဥတုဆိုးရွားနေတဲ့အချိန်မှ၊ အဲဒီကျောက်ဂူကြီးရှိတဲ့ ကျောက်တောင်ခြေကို ကပ်ဖို့မလွယ်ဘူး"

ဟု သတင်းပို့ကာ မြေပုံကိုထုတ်၍ သေချာစွာရှင်းလင်းပြ၏။

ဝါးပြကြီးက မျက်လုံးများ တဖျတ်ဖျတ်တောက်ပပြီး အားတက်ဟန်ဖြင့်

"ဘာပဲဖြစ်ဖြစ် ဒီနေ့ အဲဒီကိုအရောက်သွားကြမယ်"

ဟု အမိန့်ချမှတ်လေ၏။

သူတို့အားလုံး ကြွက်စုတ်များကဲ့သို့ မိုးရေများဖြင့် ရွှဲနစ်ကာ ခရီးဆက်ရ၏။

မကြေးမုံမှာ တစ်လမ်းလုံးစကားကောင်းစွာပင် မပြောနိုင်ဘဲ ရွှေစင်အတိပြီးသည့် ကိုးဆောင်ကျောင်းကို မသမာသူများအပိုင်စီးတော့မည်ကို





တွေး၍ပူကျုံးမရဖြစ်နေ၏။

ဖျောက်ဆိပ်ကမူ မကြေးမုံကို ဖေးမကာသွားလာရင်း

"အခုနေရာသီဥတုဒဏ်ကြောင့် အဲဒီကျောက်တောင်ကြီး ပြိုကျသွားရင် ဒီပိကောင်းမှာပဲ၊ ဒါဆိုရင် ကိုးဆောင်ကျောင်းဟာ ဟိုလောဘသားတွေလက်ထဲမရောက်ဘဲ ထာဝရမြေကြီးထဲမှာ တည်ရှိနေတော့မှာပဲ"

ဟု ပြောလေ၏။

ထိုအခါ မကြေးမုံက မျက်နှာမှရေစက်များကို လက်ဖြင့်သပ်ပြီး ယုံကြည်မှုအပြည့်ဖြင့်

"တောစောင့်နတ်တောင်စောင့်နတ်အပေါင်းတို့က ကိုးဆောင်ကျောင်းကို မသမာသူတွေလက်ထဲ မရောက်အောင်၊ စောင့်ရှောက်တော်မူကြပါ၊ ဆရာတော်အရှင်ပညာဒီသာပါမောက်နဲ့တကွ၊ မြင်းဖြူကြီးခုနှစ်ကောင်နဲ့ မင်းသားလေးခုနှစ်ပါးကလည်း စောင့်ရှောက်မြဲအတိုင်း စောင့်ရှောက်တော်မူကြပါ"

ဟု တိုင်တည်လိုက်လေ၏။

ထိုအခိုက်တွင်ပင် သူတို့ဦးတည်ထားရာအရပ်မှ ဝုန်းခနဲကျယ်လောင်သော အသံကြီးက မိုးသံလေသံကြားမှထွက်ပေါ်လာ၏။ မြေပြင်မှာလည်း ငလျင်လှုပ်သလို တသိမ့်သိမ့်တုန်ခါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်သည် မျက်လုံးအစသမတန်ပြူးကျယ်ကာ

*"မကြေးမုံ ဆုတောင်းပြည့်ပြီထင်တယ်"*

ဟု အော်ဟစ်လိုက်လေ၏။

မကြေးမုံသည်လည်း ထိတ်လန့်မှန်ပင်မသိတော့ဘဲ၊ ဝမ်းသာသွား၏။

စိတ်အတွင်းမှလည်း ဖျောက်ဆိပ်စကားအတိုင်းဖြစ်ပါစေဟု ဆုတောင်းမိပြန်၏။

မိုးနက်က ကြက်တောနှင့်အတူရှိနေရင်းမျက်မှောင်ကြုတ်ကာ

*"ဒါဘာဖြစ်နိုင်သလဲ"*

ဟု မေးမြန်းလေရာ ကြက်တောက

*"လျှင်လျှပ်တာဖြစ်မယ်၊ ရာသီဥတုဒဏ်ကြောင့် ဖြစ်ဖြစ် ကျောက်တောင်ပြိုတဲ့အသံဖြစ်နိုင်တာပဲ၊ အသေအချာမပြောတတ်ဘူး၊ သဘာဝတရားမှာ လျှို့ဝှက်ချက်တွေ ပြည့်နှက်နေတယ်မဟုတ်လား"*

ဟုအဖြေပေးလိုက်လေ၏။

ထိုအချိန်တွင် မိုးရေစဲလေပါ အတော်အတန်လျော့ပါးသွားပြီးဖြစ်၏။

သူတို့လူစုသည် ခရီးဆက်လာကြရာ အတန်ကြာလျှင် တောနက်ကိုလွန်၍ ထီးထီးကြီးရှိနေသည့် ကျောက်တောင်စွယ်တစ်ခုကို ဘွားခနဲတွေ့လိုက်ရ၏။



မိုးတိမ်တို့ကင်းစင်ကာ နေရောင်ခြည်ပင် ဖျိုးဖြက်၍လာ၏။ မြင်ကွင်းကရှင်းလင်းနေ၏။

မိုးနက်သည် ကျောက်တောင်ကြီးကို တွေတွေ ငေးငေးကြီး စိုက်ကြည့်လျက်ရှိ၏။

မိုးကြိုးနှင့်လျှပ်စီးတို့ နှစ်ယောက်မှာလည်း မြေတွင် ကျောက်တိုင်စိုက်ထားသလို မလှုပ်မယှက်ရှိနေကြ၏။

သူတို့၏မျက်လုံးထဲမှ လောဘဖြင့်တောက်ပြောင်နေမှုတို့ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွား၏။

ကျောက်တောင်ကြီးပြိုသွားလေပြီ။ မိုးနက်သည် အတန်ကြာမှ ရပ်တန့်နေရာမှ တစ်ကိုယ်လုံးအကြောများဖြေလျှော့လိုက်သလို သက်ပြင်းချလိုက်ပြီး ထိုနေရာမှ ချာခနဲလှည့်ထွက်သွားတော့၏။

သူ၏နောက်မှမိုးကြိုးနှင့်လျှပ်စီးက ခေါင်းငိုက်စိုက်လျက်၊ ထို့နောက်မှ မိုးနက်၏အဖွဲ့သားများ ထွက်ခွာသွားကြ၏။

ကြက်တောသည် ထိုသူများမြင်ကွင်းမှပျောက်ကွယ်သွားသည် အထိ ရပ်စိုက်ကြည့်ရှုပြီး ဖျောက်ဆိပ်၊ မကြေးမုံတို့နှင့် မျက်နှာချင်းဆိုင်လိုက်၏။ သုံးဦးစလုံးတစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး

*"ဒါဟာ သဘာဝတရားကြီးရဲ့အဆုံးအဖြတ်ပါပဲ"*

ဟု ပြောလေရာ မကြေးမုံက

*"ဒီအဖြစ်ကပဲ ပိုပြီးကောင်းပါတယ်"*

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။

ထိုအခါ ကြက်တော၏ နှုတ်ခမ်းတွင်အပြုံးရိပ် ကစွန်းထင်၍ လာ၏။

ပြီးနောက် ကျောက်တောင်ကြီးဘက်သို့ငေးမောကာ

*"ဒီသဲသရာစက်ဝန်းကြီးမှာ ပြီးဆုံးခြင်းဆိုတာ အသစ်တောင်ခြင်း တစ်မျိုးပါပဲ"*

ဟုရေရွတ်လေ၏။

ဖျောက်ဆိပ်နှင့်မကြေးမုံသည် ကြက်တောကို နားမလည်ဟန်ဖြင့် ကြည့်ရှုလေ၏။

ကြက်တောက ဆက်၍

*"အခုအချိန်ဆိုရင် ရွှေစင်ရွှေသားကိုးဆောင်ကျောင်းဟာ လူတစ်စုရဲ့လက်ထဲမှာ လုံခြုံစိတ်ချစွာရှိနေမှာပါ၊ အဲဒီလူစုကို ဦးဆောင်သူကတော့ ၊ ရှေးဟောင်းသုတေသန ပညာရှင် ဒေါက်တာဇီဝပဲ၊ ဒေါက်တာဇီဝဟာ မွေ့လေးက ရန်ကင်းတောင်မြေမှာနေထိုင်ပြီး၊ မျိုးချစ်စိတ်ဓာတ် ပြင်းထန်လွန်းတဲ့အတွက် မျက်နှာဖြူအစိုးရရဲ့ ချုပ်ချယ်မှု အောက်က ရုန်းထွက်ဖို့၊ တိုင်းပြည်ကို ကယ်တင်ဖို့ပဲ၊ အစဉ်အမြဲစဉ်းစားတွေးခေါ်နေလေ့ရှိတယ်၊ သူ့ရဲ့ အကြီးမားဆုံးရည်မှန်းချက်ကတော့ တိုင်းပြည်ဟာ*





*ကိုယ့်မင်းကိုယ့်ချင်းနဲ့ စိုးစံရမဲ့အချိန်ရောက်ရင် ဦးရှုအမွေ အနှစ်တွေကို ပေါ်ထုတ်ပြသနိုင်မဲ့ မြန်မာ့သမိုင်းပြတိုက်ကြီး တစ်ခုတည်ဆောက်ဖို့ပဲ၊ ငါဟာ မွေ့လေးမှာကတည်းက သူနဲ့ဆက်သွယ်ပြီး တိုင်ပင်ခဲ့တယ်၊ သူ့ဆီကပဲ ဒီခရီး အတွက် ငွေကြေးအထောက်အပံ့ရယူခဲ့တယ်၊ အခုဆိုရင် ဒေါက်တာဇီဝနဲ့ သူ့ကျစ်ကျစ်လစ်လစ် လျှို့ဝှက်ဖွဲ့စည်း ထားတဲ့ အဖွဲ့ကလေးဟာ ငါတို့ထက်အရင် သေသေချာချာ စဉ်းစားရွေးချယ်ခဲ့တဲ့ တစ်ခြားလမ်းတစ်လမ်းကနေ ဒီကိုရောက်လာပြီး၊ ရွှေစင်ရွှေသား ကိုးဆောင်ကျောင်းကို သယ်ဆောင်သွားကြပြီ၊ အစီအစဉ်အတိုင်းပဲ၊ သူတို့ ထွက်ခွာသွားတဲ့အခါ ကျောက်တောင်ကြီးကို ပေါက်ကွဲအား ပြင်းထန်တဲ့ ဒိုင်းနမိုက်တွေနဲ့ ဖောက်ခွဲဖျက်ဆီး ပစ်ခဲ့ကြတယ်၊ ပေါက်ကွဲအားပြင်းထန်တဲ့ ဒိုင်းနမိုက်တွေနဲ့ ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြတယ်၊ ငါ့အတွက်တော့ အဲဒီပေါက်ကွဲသံကြီးဟာ အောင်မြင်မှုအထိမ်းအမှတ် အချက်ပေးသံကြီးပါပဲ"*

ဟု ပြောလေတော့၏။

ထိုတစ်ခဏ၌ပင် ဖျောက်ဆိပ်နှင့်မကြေးမုံဆီသို့ ကြက်တောထံမှ အပြုံးရိပ်ကကူးစက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး၏နှုတ်များမှလည်း တစ်ပြိုင်နက်ပင် ကြက်တော၏ စကားအတိုင်း

*"ပြီးဆုံးခြင်းဆိုတာ အသစ်စတင်ခြင်းတစ်မျိုးပါပဲ"*

ဟုပြောဆိုလိုက်ကြလေတော့၏။

*ဘာမျှမရှိခြင်းဟာ ပြည့်စုံခြင်းပါပဲ*

*မင်းသွေးသစ္စာ*

www.burmeseclassic.com